မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၂၀၉)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

၂၀၁၄ ခုနှစ်၊ မေ ၂ ရက်၊ သောကြာနေ့။

တို့တာဝန်အရေး(၃)ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ကင်းထောက်လုပ်ငန်းသည် တာဝန်သိသောနိုင်ငံသားတစ်ဦးဖြစ်ရန် လေ့ကျင့်တည်ဆောက်ပေးခြင်းဖြစ်

နေပြည်တော် မေ ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ကင်းထောက်မောင်မယ်စခန်းသို့ သွားရောက်၍ ကင်းထောက်မောင်မယ်များအား တွေ့ဆုံအားပေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ပြင်ဦးလွင်မြို့ ကန်တော်ကြီး အမျိုးသား သဘာဝဥယျာဉ်တွင် ဖွင့်လှစ်ထားသည့် ကင်းထောက်မောင်မယ်စခန်းသို့ ရောက်ရှိရာ ကင်းထောက်လူငယ်မောင်မယ်များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ကင်းထောက်ကြီးများ ဖြစ်ကြသည့် ဦးတင်ညို၊ ဦးသာစိန်၊ ဦးအောင်ကြည်နှင့် ကင်းထောက်အလံကိုင်အဖွဲ့ခေါင်းဆောင် ဦးအေးကြိုင်တို့ ရှေ့မှောက်၌ ကင်းထောက်အလံကို ကိုင်ပြီး ကင်းထောက်ကတိသုံးပါးကို ရွတ်ဆိုကတိပြုကာ မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ ကင်းထောက်ချုပ်အဖြစ် ခံယူသည်။

ယင်းနောက် မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ ကင်းထောက်ချုပ် နိုင်ငံတော်သမ္မတကြီးအား ကင်းထောက် မောင်မယ်များက ကင်းထောက် အလေးပြုနည်းဖြင့် အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကင်းထောက်မောင်မယ်များ၏ ကင်းစိတ်အလိုက်စခန်းချ စွမ်းဆောင်မှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ကင်းထောက်မောင်မယ်များအား အမှာစကား ပြောကြားရာတွင် ကင်းထောက်မောင်မယ်များ ကျန်းမာပျော်ရွှင်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ယခုကဲ့သို့ လာရောက်တွေ့ဆုံခြင်းသည် နိုင်ငံတော်သမ္မတအနေဖြင့်သာမက လုပ်ဖော်ကိုင်ဖက် ကင်းထောက်နာယက အနေဖြင့်ပါ လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ ■

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ကင်းထောက်မောင်မယ်စခန်း၌ ကင်းထောက်မောင်မယ်များအား တွေ့ဆုံအားပေးစဉ်။ (သတင်းစဉ်)

“ ကင်းထောက်များသည် သဘာဝနှင့် ပတ်ဝန်းကျင်ကိုလေ့လာရန်၊ ကြင်နာစိတ် မွေးရန်၊ တွေ့သမျှလူကို မိတ်ဆွေအဖြစ် သဘောထားရန်လို၊ ယူနီဖောင်းဝတ်ထားသော်လည်း လူမှုရေးလုပ်ငန်း လုပ်ဆောင်သူသာဖြစ် ”

အမှုဆောင်အရာရှိချုပ်ရာထူးတွင် အမျိုးသမီးများရှားပါးနေဆဲဟု တရုတ်လေ့လာမှုတစ်ခုတွင်ဖော်ပြ စာမျက်နှာ » ၄

ကုန်ကျစရိတ် သိသိသာသာတိုးလာမည့် ပျောက်ဆုံးမလေးရှား လေယာဉ်ရှာဖွေမှု စာမျက်နှာ » ၁၁

ချယ်လ်ဆီးချန်ပီယံလိဂ်မျှော်လင့်ချက်အဆုံးသတ် ရီးရဲနှင့်အက်သလက်တီကို ပိုလ်လုမည် စာမျက်နှာ » ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကိုယ်ပိုင်ဟန်ကို အလေးထား

မည်သည့်အလုပ်ကိုလုပ်သည်ဖြစ်စေ ကိုယ်ပိုင်အတွေးအခေါ် ကိုယ်ပိုင်ဟန်ဖြင့် အရည်အသွေးကောင်းအောင် အားထုတ်ခြင်းသည် ကြီးပွားတိုးတက်စေနိုင်သော အကြောင်းတစ်ရပ်ပင်ဖြစ်သည်။ ကမ္ဘာကျော်သည်ဆိုသော ပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းများသည် ကိုယ်ပိုင်အရည်အသွေးကို ထုတ်ဖော်ကြိုးစားရင်း ကိုယ်ပိုင်ဟန်ကို အလေးထားလုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါသည်။ ကိုယ်ပိုင်ဟန်သည် ဘဝတိုးတက်အောင်မြင်ကြီးပွားရေးအတွက် အရေးကြီးသောအချက်ပင်ဖြစ်ပါသည်။

ကမ္ဘာကျော်ပန်းချီဆရာကြီး ပီကာဆို (၁၈၈၁-၁၉၇၃)က "ကိုယ်ပိုင်ဟန်ကို အလေးထားတယ်။ အရိပ်လွှမ်းမိုးမှုကို ကျွန်တော်မခံနိုင်ဘူး။ ဆန်းသစ်တဲ့ဉာဏ်နဲ့ အနုပညာစျာန်ပေါင်းစည်းလိုက်ရင် ထူးခြားတဲ့ဟန်တစ်မျိုးဖြစ်လာတာ မမွှတာပဲ"ဟု ဆိုခဲ့လေသည်။

မှန်ပေ၏။ မည်သည့်အလုပ် လုပ်ကိုင်ဆောင်ရွက်သည်ဖြစ်စေ တီထွင်ဆန်းသစ်သောအတွေးအခေါ် အကြံဉာဏ်များ အစဉ်သဖြင့် တိုးပွားရှင်သန်နေရန် အရေးကြီးသည်။ တီထွင်ဆန်းသစ်သော အကြံဉာဏ်နှင့် အလုပ်အကိုင်ပေါင်းစပ်လုပ်ကိုင်သွားနိုင်မည်ဆိုလျှင် ဆန်းသစ်သောအရာများစွာ ပေါ်ထွက်လာမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် အရည်အသွေးကောင်းမွန်သော ကိုယ်ပိုင်ဟန်များဖြင့် တိုးတက်လာမည်ဖြစ်ပါသည်။

ယနေ့တိုးတက်နေသည်ဆိုသော စက်မှုခေတ်ကြီးတွင် ရုပ်ဝတ္ထုများစွာတို့သည် ကိုယ်ပိုင်အရည်အသွေးများဖြင့် တိုးတက်နေပါသည်။ မည်သည့်နိုင်ငံကထုတ်လုပ်သော မော်တော်ကားများသည် မည်မျှကောင်းသည်။ မည်သည့်ကုမ္ပဏီကထုတ်လုပ်သော ကုန်ပစ္စည်းသည် မည်မျှအရည်အသွေးကောင်းမွန်သည် စသည်ဖြင့် ပြောဆိုကြလေ့ရှိပါသည်။ အကြောင်းသည်ကား ကိုယ်ပိုင်ဟန် ကိုယ်ပိုင်ဆန်းသစ်မှုအရည်အသွေးကို မြင့်မားတိုးတက်လာအောင် ဆောင်ရွက်လုပ်ကိုင်ခြင်းပင် ဖြစ်ပါသည်။

သို့ရာတွင် အချို့သောနေရာများ၌ အတုအပများဖြင့်သာ သံသရာလည်နေကြ၏။ တုပလုပ်ကိုင်ဆောင်ရွက်ခြင်းသည် အစစ်လောက် အာမခံချက်ပေးနိုင်လိမ့်မည်မဟုတ်ပါ။ ယနေ့ခေတ်တွင် နေရာတိုင်း ကိုယ်ပိုင်ဟန်များဖြင့် တိုးတက်အောင်ဆောင်ရွက်နေချိန် အတုအပများနှင့် အချိန်မကုန်သင့်တော့ပါ။ ကိုယ်ပိုင်ဟန် ကိုယ်ပိုင်အရည်အသွေးများဖြင့် တိုးတက်အောင် ကြံဆောင်လုပ်ကိုင်သင့်ပါသည်။ အာမခံချက်ရှိသော ကိုယ်ပိုင်ဟန်များဖြင့် အရည်အသွေးကောင်းသည်ထက်ကောင်းအောင် အစဉ်ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။

အခမဲ့ပညာသင်ကြားလေ့ကျင့်မှုသင်တန်းကျောင်းဖွင့်မည်

မန္တလေး မေ ၁

မန္တလေး အောင်မြေသာစံမြို့နယ် ပုလင်းဝင်းရပ်ကွက်တွင် မြတ်စိတ်ထားမဟာမြတ်မုနိဘုရားရင်ပြင်တော်သန့်ရှင်းရေးနှင့် ဗုဒ္ဓဝေယျာဝစ္စအသင်းကကြီးမှူး၍မြတ်စိတ်ထားအသင်းဝင်စေတနာရှင်ဆရာ ဆရာမများစုပေါင်းကာ မူလတန်း၊ အလယ်တန်းအခမဲ့ပညာသင်ကြားရေး လေ့ကျင့်မှုသင်တန်းကျောင်းကို ဧပြီ ၃၀ ရက်မှ၌စတင်ဖွင့်လှစ်လိုက်ကြောင်း၊ ၈၇ လမ်း၊ ၂၁ လမ်း၊ ၂၂ လမ်းကြား ရုံးသာရပ်ကွက် ဖုန်း-၀၉-၄၃၁၄၆၉၄၄ မြတ်စိတ်ထား အခမဲ့ပညာသင်ကြားရေးလေ့ကျင့်မှုသင်တန်းသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၀၄၀)

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ

ရန်ကုန် မေ ၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဧပြီ ၂၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ရှိ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးဂိုဒေါင်ကို လည်းကောင်း၊ မူကြိုကျောင်းဖွင့်လှစ်မည့် မြေနေရာနှင့် အဆောက်အအုံတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လပွတ္တာမြို့ လူငယ်အားမာန်သင်တန်းကျောင်း၌ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးကာ သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဧပြီ ၂၇ ရက်က လပွတ္တာမြို့ ရွှေနဒီခန်းမ၌ ကျင်းပသောလပွတ္တာခရိုင်အတွင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် လူမှုရေးလိုအပ်ချက်များအတွက် (Light Truck)မော်တော်ယာဉ်တစ်စီးထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် လပွတ္တာခရိုင်အတွင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် လူမှုရေးလိုအပ်ချက်များအတွက် (Light Truck)မော်တော်ယာဉ်တစ်စီးနှင့်တစ်လစာစက်သုံးဆီဖိုး၊ လပွတ္တာမြို့ အမှတ်(၃)ရပ်ကွက် အထက်တန်းကျောင်းခွဲနှစ်ထပ်ကျောင်းဆောင်သစ် အမိုးအတွက် ၁၀ ပေ အလူဇင့်သွပ်အချပ် ၁၅၀ တို့ကို သက်ဆိုင်သူများထံထောက်ပံ့ပေးသည်။

ထို့နောက် လပွတ္တာခရိုင် ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးဂိုဒေါင်ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ညနေပိုင်းတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၌ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံကာ ကျိုက်ဝိုင်းလူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတင်းစာများ ဖတ်ရှုနိုင်ရေး အလှူငွေပေးအပ်

မန္တလေး မေ ၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ရှိ ကျေးရွာပေါင်း ၅၀၊ မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံ

ပြည်သူများ၊ မြင်းခြံမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်အတွင်းရှိ ကျေးရွာများမှဒေသခံပြည်သူများ နေ့စဉ်ထုတ်မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို တစ်နှစ်ပတ်လည် အခမဲ့ဖတ်ရှုနိုင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) ရုံးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ၄၈ လမ်းနှင့် မင်းကြီးရန်နောင်လမ်းထောင့် ညည-၈၄/၁ သင်ပန်းကုန်းရပ်ကွက်နေ ရွှေမြေအောင်တိုက်၊ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းရှင် ဦးထွန်းနိုင်-ဒေါ်မိုးမိုးခိုင် မိသားစုနှင့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၁ လမ်းနှင့် ၁၆ လမ်းထောင့်နေ ရတနာမိုး မန္တလေးကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးထွန်းထွန်းစိုးတို့က ဒေသခံပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရန်၊ နေ့စဉ်သတင်းစာများ ဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် စသည့်ရည်ရွယ်ချက်တို့ဖြင့် လှူဒါန်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဦးထွန်းနိုင်-ဒေါ်မိုးမိုးခိုင် မိသားစုက အလှူငွေကျပ် ၅၅ သိန်းနှင့် ဦးထွန်းထွန်းစိုးက အလှူငွေကျပ် သိန်း ၁၁၀ **(ဝဲပုံ)**တို့ကို ပေးအပ်လှူဒါန်းကြရာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် အုန်းပင်ခြံကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသက်နောင်ဦး၊ တောင်သာမြို့နယ် ရွာသစ်ရွာ၊ ပညာ့ဘဏ်စာကြည့်တိုက်ကော်မတီ အတွင်းရေးမှူး ဦးမျိုးနိုင်တို့ကလက်ခံ၍ အလှူရှင်တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **တင်မောင်(မန္တလေး)**

၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်ဥပဒေများပြင်ဆင်ခြင်းဆိုင်ရာ ရှင်းလင်းပွဲကျင်းပ

မန္တလေး မေ ၁

၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်ဥပဒေများ ပြင်ဆင်ခြင်းဆိုင်ရာ ရှင်းလင်းပွဲကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

အဆိုပါရှင်းလင်းဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး ဦးသန်းဇော်ဝင်းက ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်ဥပဒေများ ပြင်ဆင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဆွေးနွေးရာတွင် ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို မတ် ၂၈ ရက်က ပြည်သူ့လွှတ်တော်ဥပဒေအမှတ် (၂၀) အရ ပြဋ္ဌာန်းပေးပြီးဖြစ်ကာ ဝင်ငွေခွန်ပြင်ဆင်သည့် ဥပဒေကို မတ် ၂၄ ရက်က ပြည်သူ့လွှတ်တော်ဥပဒေအမှတ် (၁၅) အရ ပြဋ္ဌာန်းပြီး ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်တွင် အကျိုးသက်ရောက်မည်ဖြစ်သည်။

ထို့အပြင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို မတ် ၂၄ ရက်က ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၁၆) အရပြဋ္ဌာန်းပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်၍အကျိုးသက်ရောက်မည်ဖြစ်ကာ ပြင်ဆင်ပြဋ္ဌာန်းသည့် အခွန်ဥပဒေများတွင် ရုံးခွန်အက်ဥပဒေ၊ တံဆိပ်ခေါင်းခွန်ဥပဒေတို့ကိုလည်း ပြင်ဆင်ခဲ့ပြီးဖြစ်ကြောင်း ၄င်းက ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ အထောက်အကူပြုကော်မတီများ၊ တိုင်းဒေသကြီးအတွင်းရှိမြို့နယ်အခွန် ဦးစီးဌာနမှူးရုံးများမှ အခွန်ဦးစီးမှူးများ၊ ရှေ့နေများ၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းဝင်များနှင့်အခွန်ထမ်းပြည်သူများစုစုပေါင်း ၈၀၁ ဦး ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

ပြည်တွင်းသတင်း

ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁

ပုဂ္ဂလိကကဏ္ဍပြောင်းလဲ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၏ Doing Business Report ဆိုင်ရာ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၉ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော် နိုင်ငံတော်သမ္မတရုံး၊ ရုံးအမှတ်(၁၈)၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီနာယက သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့်သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာတွင် ဤလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖွဲ့စည်းထားရှိသည့် Delivery Units များ၏အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ ပေါင်းစပ်ညှိနှိုင်းမှုများ၊ ဖြေလျှော့မှုများကို ထိရောက်စွာ ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ သိသာမြင်သာပြီး အကျိုးရလဒ်ရှိမည့် ပြုပြင်ပြောင်းလဲမှုမျိုးကို ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ဤသို့ဆောင်ရွက်ရာတွင် မိမိနိုင်ငံသားများ လွယ်ကူချောမွေ့စွာ စီးပွားရေးလုပ်ငန်းများ လက်တွေ့ဆောင်ရွက်နိုင်ရေးကို ဦးစားပေးဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ဘဏ်မှထုတ်ပြန်သည့် Doing Business 2014 အရ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ဆောင်ရန် လွယ်ကူမှု (Ease of Doing Business Rank) အဆင့်နိမ့်ကျနေခြင်းနှင့်ပတ်သက်၍ တစ်ချက်ချင်းစီအလိုက် ပြန်လည်သုံးသပ်ကာ သက်ဆိုင်သည့်ဝန်ကြီးဌာနများမှလိုအပ်သော ရေတို၊ ရေရှည် ပြုပြင်ပြောင်းလဲမှုများကို ဖြေရှင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ဌာနများ၏ ပြုပြင်ပြောင်းလဲမှုများသည် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်နေခြင်းကြောင့် အစီအစဉ်တကျ ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ၏ လုပ်နိုင်ကိုင်နိုင်စွမ်းကိုလည်း မြှင့်တင်ပေးရန် ဦးစားပေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စီးပွားရေး၊ ပတ်ဝန်းကျင်တိုးတက်ရေးအတွက် တစိုက်မတ်မတ် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် တာဝန်ခံအရာရှိများဖြင့် လုပ်ငန်းအဖွဲ့ (Working Group) သတ်သတ်မှတ်မှတ်ဖွဲ့စည်းပြီး တစိုက်မတ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများက Doing Business 2014 Report ဖော်ပြချက်ပါ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအလိုက် ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေဒေးနေ့ကိုဂုဏ်ပြု အလုပ်သမားများနှင့် လက်ရည်တစ်ပြင်တည်း ပြည်ထောင်စုဝန်ကြီးနှင့် အလုပ်သမားဒုတိယဝန်ကြီး တက်ရောက်အားပေး

ရန်ကုန် မေ ၁

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အောင်မြေသာယာဘောလုံးကွင်းတွင် မေ ၁ ရက် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီးဦးအောင်မင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးထင်အောင်၊ မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (FTUM)မှ အထွေထွေအတွင်းရေးမှူးဦးမောင်မောင်၊ အပြည်ပြည်ဆိုင်ရာအလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် (ITUC) မြန်မာနိုင်ငံရုံး ဒါရိုက်တာ Mr.Shigeru Nakajima (ရှီဂါးရုနာဂကျီးမား)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ILO ရန်ကုန်ဆက်သွယ်ရေးရုံး၏ ဆက်သွယ်ရေးအရာရှိ Mr.Steve Marshall၊ မြန်မာနိုင်ငံစိုက်ပျိုးရေးနှင့် တောင်သူလယ်သမား အလုပ်သမားသမဂ္ဂဥက္ကဋ္ဌ ဦးသန်းဆွေနှင့် စက်မှုဇုန်ဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး FTUM အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်နှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် ITUC မြန်မာနိုင်ငံရုံး ဒါရိုက်တာ မစ္စတာ ရှီဂါးရုနာဂကျီးမားတို့က အမှာစကား ပြောကြားသည်။

နံနက် ၁၀ နာရီတွင် Gander Equality အမျိုးသား၊ အမျိုးသမီး တန်းတူညီမျှမှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စားသုံးသူအခွင့်အရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါ်ဆွေဇင်ထိုက်နှင့် ဦးလှရွှေတို့က ပညာပေးဟောပြောခဲ့ကာ နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ FTUM အဖွဲ့ချုပ်မှ အဖွဲ့ဝင် အလုပ်သမားသမဂ္ဂများစုပေါင်းသီဆိုဖျော်ဖြေမှု၊ Dream Lover Music Band နှင့် အနုပညာရှင်များသီဆိုမှုနှင့် နံနက်ပိုင်းတွင် မြန်မာသံစဉ်ဖြင့် အဆိုတော်ဝိုင်းလမင်းအောင်နှင့်အဖွဲ့၊ လှိုင်သာယာကရင်ဒိုးယိမ်းတို့မှ အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပါဝင်သီဆိုဖျော်ဖြေကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးများမှ အလုပ်သမား၊ လယ်သမားများ တက်ရောက်ကြပြီး စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေး၊ ဆောက်လုပ်ရေးနှင့် သစ်လုပ်ငန်းကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ သတ္တုတွင်းကဏ္ဍတို့မှ အလုပ်သမားသမဂ္ဂအဖွဲ့ဝင်၊ အဖွဲ့အစည်းများဖြင့် အင်အား ၂၀၀၀ ခန့်တက်ရောက်ကြောင်း သိရသည်။

သန်းထိုက်(လှိုင်သာယာ)

မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society

ထူးချွန်ကြက်ခြေနီ လူငယ်တွေ့ဆုံပွဲ
၂၄-၄-၂၀၁၄ မှ ၄-၅-၂၀၁၄ အထိ

၂၀၁၃ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ကြေညာလိုက်ပါသည်-

(က) အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၄၄ ဌာနတို့၌ ဖြေဆိုသူ ၁၄၁၇၅ ဦး၊ အောင်မြင်သူ ၁၀၃၁၈ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံး အောင်မြင်သူ ၁၄၀၈ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ဒုတိယ၊ တတိယ(ထူးချွန်ဆု) ရရှိကြသူများမှာ-

(၁) တစ်ပြည်လုံး ပထမ
ခုံအမှတ် ၅၊ မစန္ဒာဝင်း၊ မြစ်ကြီးနားစာဖြေဌာန
မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

(၂) တစ်ပြည်လုံး ဒုတိယ
ခုံအမှတ် ၉၊ မောင်ဇေကောင်းမြတ်၊ မုဒုံစာဖြေဌာန
မုဒုံမြို့၊ မွန်ပြည်နယ်

(၃) တစ်ပြည်လုံး တတိယ
ခုံအမှတ် ၃၉၊ ဒေါ်သင်းသင်းစိုး၊ ပုသိမ်စာဖြေဌာန
ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

(ခ) အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၉၅ ဌာနတို့၌ ဖြေဆိုသူ ၃၀၃၆ ဦး၊ အောင်မြင်သူ ၂၅၇၀ ဦး၊ နှစ်ချင်းပေါက်သုံးဆင့်လုံးအောင်မြင်သူ ၆၃၄ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ဒုတိယ၊တတိယ(ထူးချွန်ဆု)ရရှိကြသူများမှာ-

(၁) တစ်ပြည်လုံး ပထမ
ခုံအမှတ် ၇၊ဒေါ်အေးမြမိုး၊ ပြင်ဦးလွင်စာဖြေဌာန
ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

(၂) တစ်ပြည်လုံး ဒုတိယ
ခုံအမှတ် ၈၊ မငြိမ်းငြိမ်းစု၊ ကျောက်မဲစာဖြေဌာန
ကျောက်မဲမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)

(၃) တစ်ပြည်လုံး တတိယ
ခုံအမှတ် ၃၊မမေခာနန္ဒီ၊ မြစ်ကြီးနားစာဖြေဌာန
မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

(ဂ) ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၈၈ ဌာနတို့၌ ဖြေဆိုသူ ၂၁၄၂ ဦး၊ အောင်မြင်သူ ၁၈၄၁ ဦး၊ နှစ်ချင်းပေါက်သုံးဆင့် အောင်မြင်သူ ၃၀၀ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ဒုတိယ၊တတိယ(ထူးချွန်ဆု) ရရှိကြသူများမှာ-

(၁) တစ်ပြည်လုံး ပထမ
ခုံအမှတ် ၃၊ ဒေါ်ရွှေဖြိုးသွယ်၊ မဟာအောင်မြေစာဖြေဌာန
မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

(၂) တစ်ပြည်လုံး ဒုတိယ
ခုံအမှတ် ၅၊ ဒေါ်မြင့်မြင့်သွယ်၊ ပြင်ဦးလွင်စာဖြေဌာန
ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

(၃) တစ်ပြည်လုံး တတိယ
ခုံအမှတ် ၁၄၊ မအိသန္တာကျော်၊ လပွတ္တာစာဖြေဌာန
လပွတ္တာမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၂။ အောင်စာရင်းအပြည့်အစုံကို တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးရုံးများ၊ စာဖြေဌာနရှိရာ မြို့နယ်သံဃနာယကအဖွဲ့များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများတွင် ကြည့်ရှုနိုင်ပါသည်။

သာသနာရေးဦးစီးဌာန

လဲချားမြို့နယ်တွင် အလုပ်သမားနေ့ကျင်းပ

လဲချား မေ ၁

လဲချားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁ရက် နံနက် ၉နာရီက အလုပ်သမားနေ့အခမ်းအနားကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ၂၀၁၄ခုနှစ် အလုပ်သမားနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာမြက ဖတ်ကြားကြောင်း သိရသည်။

နန်းမေစုအောင်

ထူးခြားသည့်နေ့အပူချိန်

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ ညောင်ဦးမြို့၊ မင်းဘူးမြို့၊ အောင်လံမြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

နိုင်ငံတကာသတင်း

အကြမ်းဖက်တိုက်ခိုက်မှုများကို တိကျပြတ်သားသော အရေးယူမှုများဆောင်ရွက်ရန် သမ္မတရှီကျင့်ဖျင်တိုက်တွန်း

ပေကျင်း မေ ၁

ရထားဘူတာရုံ တစ်ခုအတွင်း သေစေလောက်သော ပေါက်ကွဲမှု တစ်ခု ဖြစ်ပွားပြီး စင်ကျန်းဒေသ အကြမ်းဖက် တိုက်ခိုက်မှုများကို တိကျပြတ်သားသော အရေးယူမှု များဆောင်ရွက်ရန် သမ္မတရှီကျင့် ဖျင်က တိုက်တွန်းလိုက်သည်။

၎င်းပေါက်ကွဲမှုသည် ၂၀၁၂ ခုနှစ်အတွင်းက သမ္မတဖြစ်လာသည့် သမ္မတ ရှီကျင့်ဖျင်၏ အနောက်ပိုင်း စင်ကျန်းဒေသသို့ ပထမဆုံးခရီးစဉ် ပြန်လာအပြီး ဗုဒ္ဓဟူးနေ့က ဖြစ် ပွားခြင်းဖြစ်သည်။

တောင်ပိုင်းရထား ဘူတာရုံ၌ တိုက်ခိုက်သူများသည် ဓားများအသုံး ပြုခြင်းနှင့် ပေါက်ကွဲပစ္စည်းများနှင့် ဖောက်ခွဲခြင်းတို့ ပြုလုပ်ခဲ့သဖြင့် သုံးဦး သေဆုံးပြီး ၇၉ ဦး ဒဏ်ရာ ရရှိခဲ့သည်။

စင်ကျန်းဒေသသည် ပြီးခဲ့ သည့်နှစ်က ပဋိပက္ခတိုက်ခိုက်မှု များ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီး ပေကျင်းဘက်က ၎င်းတိုက်ခိုက်မှု သည် မွတ်စလင် ဝီဂါခွဲထွက်ရေး သမားများကြောင့်ဖြစ်သည်ဟု ဆို သည်။

ယခုပဋိပက္ခသည် မတ်လအတွင်း က လူ ၂၉ ဦး သေဆုံးခဲ့ရသော တရုတ်နိုင်ငံတောင်ပိုင်း ကူမင်းဘူတာ တိုက်ခိုက်ခံရပြီး နောက်ဆက်တွဲ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကာ ယင်းအချိန်က ပဋိပက္ခကိုလည်း ဝီဂါမွတ်စလင်တို့ လက်ချက်ဖြစ်သည်ဟု ဆိုထား သည်။

(ဘီဘီစီ)

တရုတ်နိုင်ငံ သမ္မတရှီကျင့်ဖျင်

လာဇာယိုကာဒီနာဆိပ်ကမ်းအနီး မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းမှ ပိုင်ဆိုင်သော သတ္တုတွင်းကို ရဲတပ်ဖွဲ့ဝင်များ သိမ်းထားစဉ်။

မက္ကဆီကို၌ တရားမဝင်သတ္တုရိုင်း တန်ချောက်သောင်းကျော် ဖမ်းဆီးရမိ

မက္ကဆီကို မေ ၁

မူးယစ်ဆေးဝါး ဂိုဏ်းတစ်ခုက ပိုင်ဆိုင်သော သင်္ဘောတစ်စင်းမှ တရားမဝင်သတ္တုရိုင်း တန် ၆၈၀၀၀ ဖမ်းဆီးရမိကြောင်း မက္ကဆီကိုနိုင်ငံ အာဏာပိုင်များက ဆိုသည်။

၎င်းသင်္ဘောသည် လာဇာယိုကာ ဒီနာဆိပ်ကမ်း၌ ထွက်ခွာပြီးနောက် အမည်မဖော်လိုသူတစ်ဦး၏ ဖုန်း ဆက် သတင်းပေးမှုကို ရရှိခဲ့သည် ဟု အာဏာပိုင်များက ဆိုသည်။

မက္ကဆီကို မြို့တော်ဝန်သည် မူးယစ်ဆေးဝါးမှောင်ခိုကူးမှုနှင့် ဆက် နွှယ်ကာ သက်ာမကင်းမှုဖြင့် ပြီးခဲ့ သည့် အင်္ဂါနေ့က ဖမ်းဆီးခံထားရ သည်။ ပြီးခဲ့သည့်လများအတွင်းက မက္ကဆီကို၌ တရားမဝင်သတ္တုရိုင်း တန် ၂၀၀၀၀၀ကျော် ဖမ်းဆီးရမိခဲ့သည်။

ယခုဖမ်းဆီးခံသင်္ဘော Jian Hua သည် ပစိဖိတ်ဆိပ်ကမ်း Manzan-illo အနီး စောင့်ဆိုင်းနေရသည်။ သင်္ဘောကုမ္ပဏီသည် ၎င်းသတ္တုရိုင်း များအား မက္ကဆီကိုမှ တရားဝင် သယ်ဆောင်ခြင်းဖြစ်သည်ကို သက် သေပြရန် ရက် ၃၀ သတ်မှတ်ပေးခံ ထားရသည်။

လာဇာယိုကာဒီနာ ဆိပ်ကမ်း သည် ပစိဖိတ်ကမ်းရိုးတန်းရှိ အဓိက ဆိပ်ကမ်းမြို့များမှ တစ်ခုဖြစ်ပြီး မူး ယစ်ဆေးဝါးမှောင်ခိုမှုများ ဖြစ် လေ့ရှိရာ ဆိပ်ကမ်းဖြစ်သည်။

လက်ရှိတွင်မက္ကဆီကို မြို့တော် ဝန်သည် မူးယစ်ရာဇဂိုဏ်း Knights Templar နှင့် ကြီးကြီးမားမားဆက် နွှယ်နေသည်ဟု စွပ်စွဲခံထားရပြီး မဟုတ်မှန်ကြောင်း ၎င်းကငြင်းဆို ထားသည်။

တရားမဝင်သတ္တုရိုင်းများ မှောင် ခိုကူးသကဲ့သို့ အမေရိကန်ပြည်ထောင် စုသို့ မက်သာဖက်တမင်းဆေးဝါး များ တရားမဝင်အဓိကသယ်ပို့ရာ မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းတစ်ခု အဖြစ် Knights Templarကို သတ်မှတ်ထားသည်။

(ဘီဘီစီ)

အမှုဆောင်အရာရှိချုပ်ရာထူးတွင် အမျိုးသမီးများရှားပါးနေဆဲဟု တရုတ်လေ့လာမှုတစ်ခုတွင်ဖော်ပြ

ပေကျင်း မေ ၁

ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း ကမ္ဘာတစ်ဝန်းအမျိုးသမီးအမှုဆောင် အရာရှိချုပ်ရာထူးတွင် အမျိုးသမီးများ တာဝန်ထမ်းဆောင်မှုသည် အမေ ရိကန်နှင့် ကနေဒါသည်ပူးတွဲ ပထမ နေရာတွင်ရှိနေပြီး တရုတ်နိုင်ငံ သည် ဒုတိယနေရာတွင် ရပ်တည် လျက်ရှိကြောင်း ကိုယ်ပိုင်လေ့လာမှု တစ်ခုဖော်ပြချက်ကို ဆင်ဟွာက ဖော်ပြခဲ့သည်။

၂၀၀၄ ခုနှစ်နှင့် ၂၀၁၄ ခုနှစ် အတွင်း အမေရိကန်နှင့် ကနေဒါ နိုင်ငံသည် ၃ ဒသမ ၂ ရာခိုင်နှုန်း ဖြင့် အမြင့်ဆုံးနေရာတွင်ရှိနေပြီး တရုတ်နိုင်ငံသည် ၂ဒသမ ၅ ရာခိုင် နှုန်းနှင့် ဂျပန်နိုင်ငံသည် ၀ ဒသမ ၈ ရာခိုင်နှုန်းဖြင့် အနိမ့်ဆုံးနေရာတွင် ရပ်တည်လျက်ရှိသည်။

အမျိုးသမီးအမှုဆောင်အရာရှိ ချုပ်များ ရှားပါးလျက်ရှိနေသေးသော် လည်း တဖြည်းဖြည်းပျံ့နှံ့လာလျက် ရှိသည်ဟု ဆိုသည်။ သုတေသနပြု လုပ်ချက်များအရ အမျိုးသမီးများ သည် ၂၀၄၀ ပြည့်နှစ်တွင် အမှုဆောင် အရာရှိချုပ်နေရာ၏ တတိယနေရာ သို့ တာဝန်ယူလာလိမ့်မည်ဟု ဖော်ပြ ခဲ့သည်။

အမျိုးသမီးဦးဆောင်မှု အများ စုကို ကားနှင့်ဇိမ်ခံပစ္စည်းများကဲ့သို့ သော နည်းပညာဆိုင်ရာ စီးပွားရေးလုပ်ငန်းများတွင် တွေ့ရ လေ့ရှိသည်။

တရုတ်နိုင်ငံရှိ အမျိုးသမီး အများစုသည် စီးပွားရေးလုပ်ငန်း များ၏ လေးပုံတစ်ပုံရှိသော ၎င်း တို့၏ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း များကို လုပ်ကိုင်ရန်ရွေးချယ်ကြသည်။ ကမ္ဘာတစ်ဝန်းအမျိုးသမီး ဘီလျံနာ သူဌေးအရေအတွက်၏ တစ်ဝက် သည် တရုတ်နိုင်ငံမှ ဖြစ်သည်ဟု ဆိုသည်။

(ဆင်ဟွာ)

တူရကီ၌ မေဒေးနေ့ဆန္ဒပြသူများအား မျက်ရည်ယိုဗုံးများသုံး၍ ဖြိုခွင်း

အစ္စတန်ဘူးလ် မေ ၁

တူရကီနိုင်ငံ အစ္စတန်ဘူးလ် မြို့ Taksim ရင်ပြင်တွင် မေဒေး နေ့က ဆန္ဒပြသူများအား တားဆီး နိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးများနှင့် မီးသတ်ပိုက် များ အသုံးပြုခဲ့ကြကြောင်း ဘီဘီစီ သတင်းတစ်ပုဒ်တွင် ရေးသားထား သည်။

အလံများဝှေ့ယမ်းကာ ဆန္ဒပြ လျက်ရှိသည့် လူထုသည် ၎င်းနေ့က ရဲတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်ရင်ဆိုင် တွေ့လျက်ရှိသည်။

တူရကီမီဒီယာများတွင် ဖော် ပြချက်အရ မေဒေးနေ့အတွက် မြို့တော်တွင်း ရဲတပ်ဖွဲ့ဝင်ဦးရေ ၄၀၀၀၀ တပ်ဖြန့်ချထားသည်ဟု သိရ သည်။

တူရကီဝန်ကြီးချုပ် မစ္စတာ အာ ဒိုဂန် အစိုးရဆန့်ကျင်ဆန္ဒပြမှုအတွက် Taksim ရင်ပြင်တွင် စု ဝေးနေမှုကို ရပ်တန့်သင့်ကြောင်း အစောပိုင်းက သတိပေးထားသည်။

မစ္စတာ အာဒိုဂန် ပါတီသည် မတ်လက ကျင်းပခဲ့သည့် ဒေသ ဆိုင်ရာ ရွေးကောက်ပွဲတွင် အနိုင်ရ ခဲ့သည်။ ၎င်းရွေးကောက်ပွဲသည် ပြီးခဲ့သည့်ဇွန်လက ဆန္ဒပြမှုများ အုံ ကြွနေချိန်မှစကာ ပထမဆုံးဆန္ဒမဲ ပေးမှုလည်း ဖြစ်ခဲ့သည်။

(ဘီဘီစီ)

ပေါက်ကွဲမှုဖြစ်ပွားရာ မီးရထားဘူတာကို အမြန်ရထားဝင်ရောက်လာစဉ်တွေ့ရစဉ်။

အိန္ဒိယတောင်ပိုင်း ရထားပေါ်တွင် ဗုံးနှစ်လုံးပေါက်ကွဲ

ချန်နိုင်း မေ ၁

အိန္ဒိယနိုင်ငံတောင်ပိုင်း ချန်နိုင်းမြို့၌ တောင်ပိုင်း မီးရထားဘူတာတစ်ခု၌ ဗုံးခွဲတိုက်ခိုက်မှုကြောင့် အမျိုး သမီးတစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိသွားခဲ့ ကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုသည် ဘင်္ဂလောမှ ဂူဝါ ဟာတီသို့သွားသော ခရီးသည်တင်ရထားတွဲနှစ်တွဲ ပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဗုံးခွဲ တိုက်ခိုက်မှုသည် အမြန်ရထားဆိုက်ရောက်လာပြီး မိနစ်ပိုင်းအကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တာဝန် ရှိသူများက ပြောသည်။

ပေါက်ကွဲမှုများသည် ခရီးသည်များ၏ ထိုင်ခုံ အောက်မှ ဖြစ်ပွားခဲ့ကြောင်း၊ ယင်းပေါက်ကွဲမှုများ သည် အိန္ဒိယနိုင်ငံအလယ်ပိုင်း ရွေးကောက်ပွဲများ ကျင်းပနေချိန် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။

အဆိုပါ ဖောက်ခွဲတိုက်ခိုက်မှုသည် မိုဘိုင်း အခြေခံ ပစ္စည်းတစ်ခုခုကို အသုံးပြုတိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း ချန်နိုင်းရဲတပ်ဖွဲ့က ပြောသည်။

ဒေသဆိုင်ရာ ရုပ်မြင်သံကြားများက ဒဏ်ရာရသူ များကို ရထားပေါ်မှ သယ်ဆောင်လာပုံများကို ထုတ် လွှင့်ပြသခဲ့သည်။

တိုက်ခိုက်မှုကြောင့် အသက် ၂၂ နှစ်ရှိ အမျိုးသမီး တစ်ဦး သေဆုံးသွားခဲ့သည်။ ယင်းရထားပေါ်တွင် ပေါက်ကွဲမှုများ သီးခြားစီဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါတိုက်ခိုက်မှုနှင့် စပ်လျဉ်းပြီး ရဲတပ်ဖွဲ့ဝင် များက စုံစမ်းစစ်ဆေးလျက်ရှိသည်။

(ဘီဘီစီ)

* ကျောဖုံးမှ

၂၆ မိုင်ခန့်အကွာ လက်ရှိအောက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အထက်ဘက် ၁၅ မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင်ဖြစ်ပြီး (မြေပုံ အမှတ်- 94A/9 ခန့်မှန်း မပည-W 105955) တွင် ဖြစ်သည်။

စီမံကိန်းဆိုင်ရာ အချက်အလက်များမှာ စက်ရုံတည်နေရာသည် ပျဉ်းမနားမြို့၏ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင်ဖြစ်ပြီး ရေဆင်းဧရိယာမှာ ၉၉၃ စတုရန်းမိုင်ရှိသည်။ နှစ်စဉ် ပျမ်းမျှမိုးရေချိန် လက်မ ၆၀ နှင့် နှစ်စဉ်ရေစီးဝင်မှုပမာဏမှာ ဧကပေ ၂၁၀၆၅၀၀ ရှိသည်ဆိုသည်။ တည်ဆောက်ထားသော ရေလောင်တမံအမျိုးအစားမှာ ကွန်ကရစ်တမံဖြစ်ပြီး တမံ အလျားပေ ၁၆၉၀၊ အမြင့်ပေ ၃၂၂၊ ကန်ရေပြည့်လျှင် ရေပြင်ကျယ်ဧရိယာမှာ စတုရန်း ၂၄ မိုင် ရှိမည်ဖြစ်ပြီး ရေပိုလွှဲ အကျယ်မှာ ၁၆၅ ပေ (၃ ပေါက်-၅၅ ပေ×၂၁ပေ)၊ ရေအားအမြင့် ၂၆၁ ပေနှင့် ရေလွှဲဥမင်လိုဏ်အချင်း ၃၃ ပေ၊ အလျား ၉၆၈ ပေ၊ ဖိအားမြှင့် ပိုက်လိုင်းမှာ ကွန်ကရစ်သံမဏိပိုက်လိုင်း၊ အချင်း ၁၆ပေ၊ နှစ်တန်း×အလျား ပေ ၄၉၀ ရှိသည်။

ရေအားလျှပ်စစ်စက်ရုံမှာ သံကူကွန်ကရစ်ဖြင့် တည်ဆောက်ထားပြီး အလျား ၂၅ ပေ၊ အနံ ပေ ၁၃၀၊ အမြင့် ပေ ၁၂၀ ပေရှိ၍ စက်တပ်ဆင်အင်အားမှာ ၁၄၀ မဂ္ဂါဝပ် (၂×၇၀ မဂ္ဂါဝပ်) ဖြစ်သည်။ တာဘိုင်အမျိုးအစားမှာ ဖရန်စစ်တာဘိုင်(Francis-Vertical Shaft)၊ တာဘိုင်တစ်ခုရေစီးနှုန်းကုဗပေ ၃၅၃၀/စက္ကန့်နှင့် တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား ကီလိုဝပ်နာရီ ၄၅၄ သန်း ရှိမည်ဖြစ်သည်ဟု သိရသည်။

အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းကို ၂၀၀၂ ခုနှစ်တွင် ဂျပန်နိုင်ငံ KANSAI Electric Power Co;မှ အင်ဂျင်နီယာများနှင့် ရေအားလျှပ်စစ်ဦးစီးဌာနမှအင်ဂျင်နီယာများ ကွင်းဆင်းစူးစမ်းလေ့လာ၍ ပဏာမအစီရင်ခံစာကိုပြုစုခဲ့ပြီး ယင်းအစီရင်ခံစာအပေါ် အကြို ဖြစ်မြောက်နိုင်စွမ်းအဆင့် အစီရင်ခံစာပြုစုရန် ဆွစ်ဇာလန်နိုင်ငံ Colenco Power Engineering Ltd မှ ပညာရှင်များသည် (၄-၅-၂၀၀၄)မှ (၈-၅-၂၀၀၄) ထိလည်းကောင်း၊ (၁၇-၁၁-၂၀၀၄)မှ(၂၁-၁၁-၂၀၀၄)ထိလည်းကောင်း၊ (၂၃-၂-၂၀၀၅)မှ(၂၄-၂-၂၀၀၅)ထိ လည်းကောင်း စီမံကိန်းဒေသသို့ သွားရောက်လျက် ကွင်းဆင်းစူးစမ်းလေ့လာတွေ့ရှိချက်များအပေါ် ပဏာမဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာကို တင်သွင်းခဲ့ကြသည်။

ယင်းနောက်အထက်ပေါင်းလောင်းစီမံကိန်းလုပ်ငန်းခွင်တွင် Differential Global Positioning System (DGPS) နည်းဖြင့် မြေနိမ့် မြေမြင့် တိုင်းတာခြင်း၊ အင်ဂျင်နီယာဘူမိဗေဒဆိုင်ရာ စိန်လွန်တွင်းများတူးဖော်ခြင်း၊ ဘူမိရူပဗေဒ (Seismic Refraction) နည်းဖြင့် အောက်ခံကျောက်များ စူးစမ်းလေ့လာခြင်း၊ ကျောက်မိုင်းနေရာရှာဖွေခြင်းနှင့် တမံနှင့်ဆက်နွယ် ရေအားအဆောက်အအုံဒီဇိုင်းပုံစံများ ထုတ်လုပ်နိုင်ရန် တမံဧရိယာအား ၁း၁၀၀၀ စကေးကွန်တိုအနိမ့်အမြင့် ၅ မီတာဖြင့် မြေပြင်တိုင်းတာမှု လုပ်ငန်းများကို ၂၀၀၅ ခုနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့သည်ဆိုသည်။

ပင်မတမံအောက်ခြေပိုင်းကွန်ကရစ်တမံနှင့် ဆက်နွယ်ရေအားအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် ယာယီရေတားတမံ (Rock Fill Dam) တည်ဆောက်ခြင်းကို ၂၀၀၉ ခုနှစ် နှစ်လပိုင်းလကုန်တွင်လည်းကောင်း၊ ဓာတ်အားရုံအတွက် ရေကာကွန်ကရစ် နံရံတည်ဆောက်ခြင်းကို ၂၂-၉-၂၀၀၉ တွင် ၂၉၂၈၀ m^3 ဖြင့် ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့ပြီး ပင်မတမံ RCC Full Scale Trial သွန်းလောင်းခြင်း လုပ်ငန်းအဝဝတို့တွင် ၁၀၈၀ ကျင်း EL-371.4 m ထိ ဆောင်ရွက်ပြီးဖြစ်သည်ဟု သိရသည်။

ထို့အပြင် ဖိအားမြှင့်သံမဏိပိုက်လိုင်းအောက်ခံလုပ်ငန်း ဓာတ်အားပေးစက်ရုံနှင့် ဆက်စပ်လျက်ရှိသော Rock Reconstruction ကွန်ကရစ်လုပ်ငန်းများကို ဆောင်ရွက်ပြီးစီး၍ ယခုအခါတွင် Unit-1 အား ဆက်လက် ဆောင်ရွက်လျက်ရှိပြီး စက်မှု/ လျှပ်စစ်တပ်ဆင်ခြင်းလုပ်ငန်းများကိုလည်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဟု သိရသည်။

ဓာတ်အားပေးစက်ရုံမှာလည်း ကွန်ကရစ်လုပ်ငန်းဆောင်ရွက်ခြင်းနှင့် အမိုးမိုးခြင်း၊ ဆေးသုတ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ပြီးစီး၍ Granite Plate များ ဆောင်ရွက်ရန် အသင့်ဖြစ်နေပြီး စက်ရုံရေထုတ်မြောင်း သတ်မှတ်ရေထုစီးနှုန်းရရှိစေရန် ချောင်းတိုးချဲ့တူးဖော်ခြင်းနှင့် ဆွစ်ယာဒ်ကွန်ကရစ်လုပ်ငန်းတို့မှာလည်း ပြီးစီးနေပြီဟု သိရသည်။

အချုပ်အားဖြင့် ယခုအခါ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းတွင် ၉၃ ဒသမ ၅၉ ရာခိုင်နှုန်း အထိ ပြီးနေပြီဖြစ်သောကြောင့် ၂၀၁၅ ခုနှစ်ဦးပိုင်းတွင် စက်ရုံကို အပြီးတည်ဆောက်၍ ဓာတ်အားမဂ္ဂါဝပ် ၁၄၀ ထုတ်လုပ်ကာ ၂၃၀ ကေဗွီဓာတ်အားလိုင်း ၂၆ မိုင်မှတစ်ဆင့် မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ပြီး တစ်နှစ်လျှင် ပျမ်းမျှထုတ်လုပ်နိုင်မည့် ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၅၄၅ သန်းကို တိုးတက်ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်တော့မည်ဟု သိရသည်။

ပြည်တွင်းသတင်း

ကမ္ဘာ့အလုပ်သမားနေ့ အထိမ်းအမှတ် မဟာချိုင်၌ စာပေဟောပြောပွဲ စည်ကားစွာကျင်းပ

မဟာချိုင် မေ ၁

ထိုင်းနိုင်ငံ မဟာချိုင်မြို့၌နေထိုင်ကြသော မြန်မာရွှေ့ပြောင်းအလုပ်သမားလူငယ်များကကြီးမှူး၍ မေ ၁ ရက် ထိုင်းစံတော်ချိန်နေ့လယ် ၁၁ နာရီက စာပေဟောပြောပွဲတစ်ရပ်ကျင်းပခဲ့ကြောင်း ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) မှ ဆက်သွယ်ပြောချက်အရ သိရသည်။

အဆိုပါစာပေဟောပြောပွဲ၌ ဗုဒ္ဓဂုဏ်ရည်သာသနာစောင့်ရှောက်ရေးအရှင်အဂ္ဂဓမ္မ(နိက္ခမ)၊ စာရေးဆရာအရိုးနှင့် လင်းသိုက်ညွန့်(မြန်မာ့မြေ)တို့က ဟောပြောခဲ့ကြောင်း သိရသည်။ ပင်လယ်အစားအစာများထုတ်လုပ်သော မဟာချိုင်မြို့ရှိ ထိုင်းလုံစီအလုပ်ရုံမှ ကိုစည်သူက "အခုလို စာပေဟောပြောပွဲကျင်းပတဲ့အတွက် ကျွန်တော်တို့မှာ အသိဉာဏ်ပညာ၊ ဗဟုသုတတွေတိုးပွားလာရပါတယ်၊ မိုးလင်းကနေမိုးချုပ်အလုပ်ထဲမှာပဲရှိနေရတဲ့ ကျွန်တော့်လိုဘဝတူ ဒီမှာ လာရောက်အလုပ်လုပ်ရတဲ့သူတွေကျတော့ အခုထွက်နေတဲ့စာအုပ်စာပေတွေကို အကုန်ဖတ်ဖို့လေ့လာဖို့ဆိုတာ မဖြစ်နိုင်တဲ့အခြေအနေပါ။ အခုလို စာပေဟောပြောပွဲတွေကျင်းပကြတော့ လာရောက်ဟောပြောတဲ့စာရေးဆရာတွေကနေတစ်ဆင့် သူတို့ဖတ်ရှုလေ့လာမှတ်သားထားတဲ့ ဘဝတိုးတက်ရာတိုးတက်ကြောင်းတွေ အသိဉာဏ်ပညာအကြောင်းတွေ ဝေမျှဟောပြောလို့ ဖတ်သင့်ဖတ်ထိုက်၊ မှတ်သင့်မှတ်ထိုက်တဲ့စာပေဗဟုသုတများစွာရရှိခဲ့ရပါတယ်။ အဲဒီအတွက်လည်း စာပေဟောပြောပွဲဖြစ်မြောက်ရေးအတွက် ဦးဆောင်ကျင်းပပေးတဲ့သူတွေကိုလည်း အထူးကျေးဇူးတင်ပါတယ်" ဟု ဆက်သွယ်ပြောပြခဲ့သည်။

အဆိုပါ ကမ္ဘာ့အလုပ်သမားနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့်စာပေဟောပြောပွဲသို့ မဟာချိုင်မြို့အတွင်းရှိ စာပေဝါသနာရှင် တိုင်းရင်းသားပေါင်းစုံမှ လူဦးရေ ၁၀၀၀ ဝန်းကျင်ခန့် တက်ရောက်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်ဟု MATအဖွဲ့မှ စုံစမ်းသိရသည်။ **(အပေါ်ပုံ)** **စိုးဝင်း**(SP)

လှိုင်သာယာတိုးဂိတ် ကတ္တားအတက် ခြောက်ဘီးကုန်ကား လမ်းဘေးထိုးဆင်း

ရန်ကုန် မေ ၁

မေ ၁ ရက် နံနက် ၅ နာရီ ၁၅ မိနစ်တွင် မြောင်းမြမြို့မှ မောင်းနှင်လာသော ခြောက်ဘီးကုန်ကားယာဉ်အမှတ် ၃ခ/---အစိမ်းရောင်ယာဉ်မောင်းမြတ်ကိုကိုသည် လှိုင်သာယာ တူးချောင်း လမ်းကြေးဆောင်ရန် ကတ္တားပေါ်သို့တက်ရန် ပြင်ဆင်ချိန်တွင် ရှေ့မှကတ္တားချိန်ကားတစ်စီးကို ရှောင်လိုက်သည့်အတွက် လမ်းဘေးအနိမ့်ထဲသို့ ကျသွားကြောင်း**(အောက်ပုံ)** အခင်းဖြစ်ပွားရာ နေရာရှိသူတစ်ဦးက ဆိုသည်။ အဆိုပါဖြစ်စဉ်ကို သက်ဆိုင်ရာက အရေးယူထားသည်။

ရန်ကုန်-ပုသိမ် ၁၁၃ မိုင်ရှည် အဝေးပြေးကားလမ်းပေါ်တွင် ကုန်ကားများအနေဖြင့် မကြာခဏ ယာဉ်တိုက်မှုများဖြစ်ပွားရာ ဧပြီလဒုတိယပတ်နှင့် တတိယပတ်အတွင်း ပုသိမ် အဝင်မြက်တိုရွာလမ်းဆုံရှိ ငွေကောက်ခံရေးစခန်းများရှေ့ ငွေပေးဆောင်ရန်ရပ်ထားသော ခြောက်ဘီးကားတစ်စီးကို မီးမပါဘဲ ညဘက်မောင်းနှင်လာသော ထော်လာဂျီ သုံးဘီးယာဉ်တစ်စီးက ဝင်တိုက်၍ သုံးဘီးယာဉ်မောင်း သေဆုံးခြင်း၊ ဒါးကကျေးရွာ မီးရထားသံလမ်းနှင့် ကားလမ်းဆုံအနီး ခြောက်ဘီးကုန်ကားကို မော်တော်ဆိုင်ကယ်က ဝင်တိုက်၍ ဆိုင်ကယ်မောင်းဒဏ်ရာရရှိမှု၊ ကန်ကြီးဒေါင့်မြို့နယ် တကုန်းကြီးကျေးရွာအနီး ခြောက်ဘီးကုန်ကားတစ်စီးနှင့် မျက်နှာချင်းဆိုင်ယာဉ်ကြောတွင် အပြိုင်မောင်းနှင်လာသော မော်တော်ဆိုင်ကယ်နှစ်စီးကို ရှောင်ရာမှ ယာဉ်တိုက်မှုဖြစ်ပွားပြီး မော်တော်ဆိုင်ကယ်စီးသူ ဒဏ်ရာရရှိမှုတို့ဖြစ်ပွားခဲ့ကြောင်း၊ ကားလမ်းပေါ်တွင် မော်တော်ဆိုင်ကယ်များ စည်းကမ်းနှင့်အညီ မောင်းနှင်သွားလာရန်လိုသကဲ့သို့ ခြောက်ဘီးယာဉ်မောင်းများ အထူးသတိပြုမောင်းနှင်ရန်လိုအပ်လာကြောင်း၊ သို့မှသာ အဝေးပြေး ရန်ကုန်- ပုသိမ် ကားလမ်းအတွင်း ယာဉ်တိုက်မှုများ လျော့နည်းလာနိုင်မည်ဟု ၁၂ ဘီး ကုန်တင်ယာဉ်မောင်းတစ်ဦးက ဆိုသည်။

ခင်ဆိုင်

လှိုင်မြို့နယ် ရန်ကုန်-အင်းစိန်လမ်း ဘူတာရုံလမ်းမှတ်တိုင်အနီးတွင် မေ ၁ ရက်က ရန်ကုန်မှ အင်းစိန်ဘက်သို့ မောင်းနှင်လာသော (5B/--- **အမှတ်(၄၅) ဘတ်စ်ကားသည် အရှိန်လွန်၍ တစ်ဖက်ယာဉ်ကြောဘက်သို့ ကျော်တက်ကာ ရေသန့်ဂါလီနင်းလာသူနှင့် တစ်ဖက်ယာဉ်ကြောတွင်ရပ်ထားသော မော်တော်ကားများကို တိုက်မိစဉ်။** ရန်နိုင်(လှိုင်)

အသိပေးနှိုးဆော်အပ်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ နန္ဒဝန်ပါဠိတက္ကသိုလ်ကျောင်းတွင် ယခု ၁၃၇၆ ခုနှစ်မှစ၍ အခြေပြုမှစ၍ ပထမငယ်၊ ပထမလတ်တန်းစာများကို သင်ကြားပို့ချပေးပါမည်။

အခြေပြုမှစ၍ ပထမငယ်၊ ပထမလတ်တန်းရဟန်း၊ သာမဏေများ လာရောက်နေထိုင်ပညာသင်ကြားနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဦးဩဘာသ(ဓမ္မာစရိယ)
နန္ဒဝန်ပါဠိတက္ကသိုလ်ကျောင်း

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ်(၁၁၃၅/က)၊ (အလျားပေ ၂၀×အနံ ပေ ၆၀) အကျယ်အဝန်းရှိသော ဒေါ်လှစိန် KWA-၀၆၀၇၇၃အမည်ပေါက်ပိုင် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ခင်သန်းဦး ၇/မညန(နိုင်)၀၀၁၂၅၅ မှ ရောင်းချရန် ကမ်းလှမ်းရာတွင် ဝယ်ယူရန်အတွက် ကျွန်မဒေါ်ရီရီခင် ၁၄/ပတန(ဧည့်)၀၀၀၀၂၅ မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ ဝယ်ယူထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်မထံသို့ ခိုင်လုံသောအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ရီရီခင် ဖုန်း-၀၉-၄၃၁၀၅၂၉၀

ပျောက်ဆုံးကြောင်း

ကျွန်မ မခင်ရတနာစိမ်း ၇/တငန(နိုင်)၁၈၈၁၄၄၏ ပတ်စ်ပို့ No. မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၅၃၅၂၅၂၁ ကို ဆက်သွယ်အကြောင်းကြားပေးပါရန်။

CLAIMS DAY NOTICE

M.V TOYOFUJI MARU NO.2 VOY:NO (13)

Consignees of cargo carried by M.V TOYOFUJI MARU NO.2 Voy:No.(13) are here by notified that the vessel will arrive on about 04-05-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily **from 08:00 AM** to **11:20 AM** and **12:00 NOON** to **4:00 PM** to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နဲ့ Myanmar Marketing Forum (MMF) 2014

မတ်လ ၈ ရက်နေ့က အမျိုးသားကဇာတ်ရုံ၌ မြန်မာနိုင်ငံမှာပထမဦးဆုံးနဲ့ အလွန်ထူးခြားတဲ့ ဖိုရမ်တစ်ခုကို ကျင်းပခဲ့ပါတယ်။ ဖိုရမ်ရဲ့ အမည် က "Myanmar Marketing Forum 2014" ဖြစ်ပါတယ်။ Marketing ဆိုတဲ့ ဝေါဟာရကို မြန်မာနိုင်ငံအတွင်း နားလည်မှုအနည်းငယ်လွဲမှားနေတာကို တွေ့ရပါတယ်။

အလုပ်ခေါ်တဲ့ကြော်ငြာတွေမှာ Marketing Executive ရာထူးတွေခေါ်နေတာတွေ့ရပြီး များသောအားဖြင့် Sales အရောင်းဝန်ထမ်းတွေကို ခေါ်ခြင်းသာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အဓိပ္ပာယ်မှာ Marketing ကို ရောင်းခြင်း၊ ဝယ်ခြင်းအဖြစ်သာ သတ်မှတ်နေတာကိုတွေ့ရပါတယ်။ အမှန်စင်စစ် Marketing ဟာ လူပုဂ္ဂိုလ်တစ်ဦးမှအစ ကုမ္ပဏီများအတွက်သာမက နိုင်ငံအတွက်တောင် ပတ်သက်၊ သက်ဆိုင်မှုရှိကြောင်း နားလည်သဘောပေါက်မှုနည်းပါးလျက်ရှိတာတွေ့ရပါတယ်။

စီးပွားရေးပညာနဲ့ပတ်သက်၍ အများသိရှိကြသလို မက်ကရို (Macro) နဲ့ မိုက်ကရို (Micro) ဟူ၍ ယေဘုယျအားဖြင့် အမျိုးအစားခွဲခြားပါတယ်။ မက်ကရိုသည် စီးပွားရေးပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံသုံးသပ်လေ့လာမှုဖြစ်ပြီး မိုက်ကရိုမှာလုပ်ငန်းအဆင့်ကို ဆန်းစစ်မှုဖြစ်ပါတယ်။ စီးပွားရေးပညာရှင်အဖြစ် သတ်မှတ်ခြင်းခံထားရသူများသည် မက်ကရိုစီးပွားရေးကို ပိုအာရုံထားကြပါသည်။ Marketing ဘာသာရပ်သည် မက်ကရိုစီးပွားရေးစနစ်၏ ဘောင်အတွင်းသုံးသပ်လေ့လာမှုသာဖြစ်ပါတယ်။

ကျွန်တော်ဟာ Marketing ဘာသာရပ်ကို နိုင်ငံခြားပညာတော်သင်အဖြစ် အင်္ဂလန်၌ ဘွဲ့လွန်ဒီပလိုမာတက်ချိန်မှစ၍ အထူးပြုလေ့လာခဲ့ပါသည်။ မဟာသိပ္ပံဘွဲ့ကို ဆက်လက်ပြီး ဆည်းပူးနေစဉ် ကမ္ဘာကျော် Marketing Management အမည်ရှိသော စာအုပ်ကိုတွေ့ခဲ့ရပါတယ်။ အသေးစိတ်လေ့လာခွင့်ရခဲ့ပါတယ်။ ရေးသားသူမှာ ကမ္ဘာကျော်ပါမောက္ခ Philip Kotler ဖြစ်ပါတယ်။ ဆရာကြီးရဲ့ အရေးအသားမှာ ရှင်းလင်းတယ်။ နားလည်လွယ်တယ်။ သင်ကြားပေးတဲ့ ပါမောက္ခလုပ်သူကလည်း အသင်အပြကောင်းတယ်။ ဒါကြောင့်လည်း စီမံခန့်ခွဲမှုဘာသာရပ်များအနက် Marketing ဘာသာရပ်ဟာ ကျွန်တော်အနှစ်သက်ဆုံးဘာသာရပ်တစ်ခုဖြစ်လာခဲ့ပါတယ်။ ပါရဂူဘွဲ့သုတေသနလုပ်ငန်းများ ဆောင်ရွက်တဲ့အခါမှာလည်း ဘာသာရပ်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ Social Marketing လူမှုရေးနဲ့ သက်ဆိုင်သော Marketing ကိုလေ့လာခဲ့ရပြန်ပါတယ်။

လွန်ခဲ့တဲ့ခြောက်လလောက်က ကျွန်တော်နဲ့ရင်းနှီးတဲ့ Device Training Academy က ဦးတင်ဇန်ကျော်နဲ့ သူ့ရဲ့သားဖြစ်သူ ဒေါက်တာထက်ဇံလင်းက ပါမောက္ခ Philip Kotler ကို မြန်မာပြည်ဖိတ်ကြားပြီး ကျွန်တော်နဲ့အတူ ဖိုရမ်တစ်ခုလုပ်ပေးဖို့ စီစဉ်လိုကြောင်း ဆွေးနွေးလာခဲ့ပါတယ်။ ကျွန်တော်က ဒီသတင်းကြားတော့ အလွန်ဝမ်းသာသွားတယ်။ သူ့လိုပုဂ္ဂိုလ်မျိုး မြန်မာပြည်လာနိုင်မယ်ဆိုရင် အတိုင်းထက်အလွန် ဖြစ်ပါတယ်။ သူတို့သားအဖကလည်း ကျွန်တော့်ကို အားကိုးတကြီးနဲ့တိုင်ပင်တာမို့ ကျွန်တော်ကလည်း လိုအပ်တာတွေကို အကြံပြုခဲ့တယ်။ ရှေ့ပြေးလာတဲ့သူနဲ့လည်း အသေးစိတ်တိုင်ပင်ခဲ့ကြတယ်။

အခုလို ပွဲတစ်ခုလုပ်ရတာမလွယ်လှဘူး။ သားအဖနှစ်ယောက် အတော်ပင်ပန်းရှာတာ။ ကျွန်တော်ကဘာမှ ဒီလောက်လုပ်ရတာမဟုတ်ဘူး။ ပွဲလုပ်တဲ့အချိန်မှာ မိန့်ခွန်းပြောဖို့ရယ်၊ ပါမောက္ခ Kotler အပါအဝင် ကျန်ရှိတဲ့နိုင်ငံခြားကဧည့်သည်သုံးဦးနဲ့ စကားဝိုင်းလုပ်တဲ့အခါဦးစီးပြီး Moderator အဖြစ်လုပ်ပေးဖို့ တာဝန်ကိုတော့ ယူလိုက်တယ်။ ကျန်တဲ့စီစဉ်စရာတွေ၊ လက်မှတ်ရောင်းတာတွေကတော့ သူတို့တာဝန်ယူပေးတယ်။ အထူးဧည့်သည်တော်ဖိတ်ကြားဖို့ကတော့ ကျွန်တော်ကပဲ ဆောင်ရွက်ပေးခဲ့ပါတယ်။

လောကကြီးမှာ မထင်မှတ်တာတွေဖြစ်တတ်၊ မမျှော်လင့်တာတွေကလည်း ပေါ်ပေါက်တတ်တယ်။ ဖိုရမ်ကို အမျိုးသားကဇာတ်ရုံမှာ မတ်လ ၈ ရက်နေ့မှာလုပ်ဖို့ သတ်မှတ်ထားတယ်။ ဖိုရမ်ပြီးပြီးချင်းမှာလည်း အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ကို စီးပွားရေးနဲ့ပတ်သက်တဲ့ကိစ္စနဲ့သွားဖို့ လိုအပ်တာတွေ ပြင်ဆင်ခဲ့တယ်။ တနင်္လာနေ့ မတ်လ ၃ ရက်နေ့မှာ ကျွန်တော်လေ့ကျင့်ခန်းလုပ်ရင်း အင်းလျားကန်ပေါင်မှာ ချော်လဲပြီး ပေါင်ရိုးအက်သွားတယ်။ ဖြစ်ဖြစ်ချင်း အာရှတော်ဝင်ဆေးရုံမှာ တက်ရောက်ကုသခဲ့တယ်။ ခွဲစိတ်ပုံရိုက်ပြီး အဖြေရမှ စိတ်သက်သာမှုနည်းနည်းရသွားတာ။ ပေါင်အရိုးကျိုးတာမဟုတ်ဘဲ အက်သွားတာမို့ ခွဲစိတ်စရာမလိုအပ်ဘူးဆိုတာသိခဲ့ရတယ်။

ဒါပေမယ့် အိပ်ရာထဲကပဲအနားယူဖို့ သမားတော်ဆရာဝန်ကြီးက မှာတယ်။ ဖိုရမ်က စနေနေ့မှာလုပ်ရမှာမို့ အချိန်ကသိပ်ကပ်နေပြီ။ ရန်ကုန်မြို့နေရာအနှံ့မှာလည်း ပါမောက္ခ Kotler နဲ့ ကျွန်တော့်ရဲ့ကြော်ငြာပုံတွေကလည်း မမြင်ချင်အဆုံး၊ သမားတော်ကြီးကလည်း ဆရာစိတ်မပူပါနဲ့၊ သွားနိုင်မှာပါလို့ အားပေးရှာတယ်။ စီစဉ်ပေးတဲ့ သားအဖနှစ်ဦးမှာလည်း စိတ်သောကအပြည့်၊ ဝေဒနာအပြည့်နဲ့ကျွန်တော်အခုလိုဖြစ်တာကို တစ်ဖက်ကယူကျုံးမရဖြစ်ရသလို တစ်ဖက်ကလည်း လက်မှတ်တွေရောင်းထားတဲ့ပွဲကြီး ထိခိုက်မှာကိုလည်း စိုးရိမ်မိမှာအမှန်ပါပဲ။

ကျွန်တော်ကတော့ ဖြစ်တဲ့နည်းနဲ့ ဖိုရမ်ကိုလုပ်မယ်ဆိုပြီး စိတ်ထဲမှာ ဆုံးဖြတ်ထားတယ်။ လမ်းမလျှောက်နိုင်တာမို့ လူနာတင် Wheelchair ကိုသုံးပြီးရအောင်သွားဖို့ ဇနီးနဲ့တိုင်ပင်ခဲ့တယ်။ ပြောရမယ့် မိန့်ခွန်းစကားဖိုင်အတွက် ပြင်ဆင်စရာတွေကိုလည်း ခုတင်ပေါ်မှာ ပက်လက်နဲ့ကွန်ပျူတာကို သုံးရတယ်။ အာရှတော်ဝင်ဆေးရုံက တာဝန်ရှိသူတွေကလည်း လိုလေသေးမရှိ စီစဉ်ဆောင်ရွက်ပေးသလို ပွဲတာဝန်ခံဖြစ်တဲ့ ဦးတင်ဇန်ကျော်နဲ့ ဒေါက်တာထက်ဇံလင်းတို့ကလည်း အကွက်စေ့စေ့နဲ့ စီစဉ်ပေးခဲ့တယ်။

မတ် ၈ ရက် နံနက် ၈ နာရီမှာ အာရှတော်ဝင်ဆေးရုံကနေ လူနာတင်ကားနဲ့ အမျိုးသားကဇာတ်ရုံကိုသွားခဲ့တယ်။ အထူးဧည့်သည်တော်ဧည့်ခန်းဝကနေ ပါမောက္ခ Kotler နဲ့ ကျန်တဲ့ နိုင်ငံခြားက ဖိတ်ကြားထားတဲ့ ဧည့်သည်တွေက ကျွန်တော့်ကို ကြိုဆိုနေကြတယ်။ လူနာတင်ယာဉ်ကနေ Wheelchair နဲ့ လူတွေက ဝိုင်းမပြီး ကျွန်တော်နဲ့ ဖုန်းကတစ်ဆင့် နှုတ်ဆက်ခဲ့တာမို့ သိနှင့်နေတာ။ ဖိုရမ်မစမီ အချိန်ရတာမို့ သူသိချင်တဲ့ မြန်မာပြည်မှာဖြစ်နေတဲ့ စီးပွားရေးအခြေအနေတွေ၊ နိုင်ငံတော်အစိုးရရဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ရှင်းပြပါတယ်။

> "အခုလိုပွင့်လင်းမြင်သာလာတဲ့အခါမှာ မြန်မာနိုင်ငံဟာ နိုင်ငံခြားနဲ့ ယခင်ကထက်ပိုပြီး ဆက်ဆံဖို့လိုတယ်။ နိုင်ငံခြားနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေသိဖို့ အရေးကြီးတယ်။ ဒါကြောင့် ရန်ကုန်အခြေစိုက် သံအမတ်ကြီးတွေ၊ UN အဖွဲ့အစည်းကတာဝန်ခံတွေ၊ နိုင်ငံခြားကုမ္ပဏီတွေမှာ တာဝန်ယူနေတဲ့သူတွေနဲ့ အင်တာဗျူးလုပ်ဖို့ စီစဉ်ခဲ့တယ်"

ဖိုရမ်ဖွင့်ပွဲအခမ်းအနားစဖို့ နီးလာပြီမို့ ကျွန်တော့်ကို Wheelchair နဲ့ ဝိုင်းမတင်ကြပြီး စင်မြင့်ပေါ်သို့ တင်ပေးကြတယ်။ ပရိသတ်တွေက တစ်ခန်းလုံးအပြည့်။ အခုလို Wheelchair နဲ့တက်လာခဲ့ရတာကို မသိတဲ့ပရိသတ်တွေကတော့ အံ့သြသွားမှာပဲ။ ကျွန်တော့်အတွက်ကတော့ မတတ်နိုင်ဘူးလေ။ ဒီလိုမှမလုပ်ရင် ဖိုရမ်ကိုတက်ဖြစ်မှာမဟုတ်ဘူး။ ဖိုရမ်ကိုဖဲကြိုးဖြတ်တယ်။ မတတ်တတ်မရပ်နိုင်တာမို့ ထိုင်ပြီးပဲဖြတ်တယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဖဲကြိုးဖြတ်ပြီးချိန်မှာ အဖွင့်မိန့်ခွန်းပြောကြားပေးတယ်။ သူတာဝန်ယူထားတဲ့ ဝန်ကြီးဌာနက အမှန်စင်စစ် Marketing တာဝန်ယူတဲ့ ဝန်ကြီးဌာနတစ်ခုဖြစ်တာမို့ သူကိုယ်တိုင် တက်ရောက်ချီးမြှင့်တာ အင်မတန်မှ ဝမ်းသာစရာကောင်းတဲ့ကိစ္စဖြစ်ပြီး အခုလို စိတ်ဝင်တစားနဲ့ ဦးဆောင်ပြီးတက်ရောက်လာတာဟာ ချီးကျူးစရာ၊ ကျေးဇူးတင်စရာဖြစ်ပါတယ်။

ပြည်ထောင်စုဝန်ကြီး မိန့်ခွန်းပြောပြီးချိန်မှာ ကျွန်တော်က ဖိုရမ်နဲ့ပတ်သက်ပြီး နိဒါန်းပျိုးအဖွင့်အမှာစကားပြောပါတယ်။ အမှန်တော့ ဖိုရမ်ကိုအပိုင်းသုံးပိုင်းခွဲခြားထားတာဖြစ်ပါတယ်။ ပထမပိုင်းမှာတော့ ပါမောက္ခ Kotler ရဲ့ ဟောပြောချက်ဖြစ်ပါတယ်။ ဒုတိယပိုင်းမှာတော့ ကျွန်တော်ဦးစီးဆောင်ရွက်တဲ့ ပါမောက္ခ Kotler၊ ကျန်ဧည့်သည်သုံးဦးနဲ့ ဆောင်ရွက်တဲ့ စကားဝိုင်း၊ တတိယပိုင်းကတော့ ဧည့်သည်တစ်ဦးချင်းရဲ့ တင်ပြချက်တွေ ဖြစ်ပါတယ်။

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

ကျွန်တော်မိန့်ခွန်းပြောကြားပြီးချိန်မှာ Prof; Kotler က တစ်နာရီကျော်ကျော်လောက် ကုမ္ပဏီတစ်ခုဖွံ့ဖြိုးတိုးတက်မှုအတွက် ရွေးချယ်သင့်တဲ့ မဟာဗျူဟာ(၈)ရပ်ကို ဝေဝေဆာဆာနဲ့ ပရိသတ်တွေ စိတ်ဝင်စားအောင် တင်ပြသွားနိုင်ခဲ့တယ်။

လက်ဖက်ရည်နဲ့ ဧည့်ခံပြီးချိန်မှာ ကျွန်တော်ဦးဆောင်တဲ့ စကားဝိုင်းကို ကျင်းပခဲ့တယ်။ အမျိုးသားကဇာတ်ရုံစင်မြင့်ပေါ်မှာ ကျွန်တော်က အလယ်က ထိုင်တယ်။ ကျွန်တော့်ရဲ့ လက်ယာဘက်မှာတော့ ပါမောက္ခ Kotler၊ သူ့ရဲ့ လက်ယာဘက်မှာတော့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရဲ့ နာမည်ကြီး SASIN စီးပွားရေးတက္ကသိုလ်ညွှန်ကြားရေးမှူး ပါမောက္ခ Swit ၊ ကျွန်တော့်ရဲ့ လက်ဝဲဘက်မှာတော့ ဂျပန်နိုင်ငံ တိုကျိုမြို့မှာ အခြေစိုက်တဲ့ Nestle Company က တာဝန်ရှိသူ ဂျပန်လူမျိုး Mr. Kohzoh ၊ သူ့ရဲ့ လက်ဝဲဘက်ကတော့ အာရှဒေသအတွက် UNILEVER ကုမ္ပဏီမှ တာဝန်ခံ Mr. Sandeep Kohli၊ လက်ယာဘက်က ကျောင်းဆရာပညာရှင်နှစ်ဦးနဲ့ လက်ဝဲဘက်ကတော့ လက်တွေ့စီးပွားရေးလုပ်နေသူနှစ်ဦး ညီညီမျှမျှပါပဲ။

ကျွန်တော်ကပဲ ဦးဆောင်ပြီး မေးခွန်းတွေထုတ်ပြီး ဧည့်သည်တော်လေးဦးနဲ့ လွတ်လွတ်လပ်လပ်ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့ကြတယ်။ မြန်မာပြည်မှာ လုပ်နေကျအတိုင်း တစ်ယောက်ပြီးမှ တစ်ယောက်ပြောတဲ့၊ တင်ပြတဲ့ပုံစံမဟုတ်ဘဲ ကျွန်တော့်ရဲ့မေးခွန်းတွေကို ဧည့်သည်တော်လေးဦးက ဖြေဆိုကြတယ်။ ဆွေးနွေးကြတယ်။ ကျွန်တော်ကလည်း မေးခွန်းတွေကို ကြိုတင်ပြီး စဉ်းစားရွေးချယ်ခဲ့တယ်။ မြန်မာပြည်အတွက် အသုံးဝင်မယ့်၊ ပရိသတ်တွေ စိတ်ဝင်စားမယ့်မေးခွန်းတွေမေးပြီး ဦးဆောင်ဆွေးနွေးခဲ့ပါတယ်။ သတ်မှတ်ချိန်က တစ်နာရီပဲပေးထားပေမယ့် စကားကောင်းနေတာနဲ့ အချိန်ကပိုသွားတယ်။ ဆွေးနွေးတာတွေက စိတ်ဝင်စားစရာကောင်းတာမို့ ကျွန်တော်က အချိန်ကိုခိုးပြီး နည်းနည်းပိုယူခဲ့တယ်။

စကားဝိုင်းပြီးတော့ နံနက်ပိုင်းအစီအစဉ်ကို ရပ်နားပြီး နေ့လယ်စာစားကြတယ်။ စားပြီးတဲ့အချိန်မှာ ကျွန်တော်နဲ့ ပါမောက္ခ Kotler ဧည့်ခန်းထဲသွားပြီး TV Interview လုပ်တယ်။ နဂိုကတည်းက Sky Net နဲ့ ကျွန်တော်ရုပ်မြင်သံကြားအစီအစဉ်သစ်တစ်ခုလုပ်ဖို့ စီစဉ်ထားခဲ့တယ်။ ဒီအစီအစဉ်က Foreign Affairs လို့ခေါ်တဲ့ နိုင်ငံတကာရေးရာ၊ ကျွန်တော့်ရည်ရွယ်ချက်ကတော့ အခုလိုပွင့်လင်းမြင်သာလာတဲ့အခါမှာ မြန်မာနိုင်ငံဟာ နိုင်ငံခြားနဲ့ ယခင်ကထက်ပိုပြီး ဆက်ဆံဖို့လိုတယ်။ နိုင်ငံခြားနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေသိဖို့ အရေးကြီးတယ်။ ဒါကြောင့် ရန်ကုန်အခြေစိုက် သံအမတ်ကြီးတွေ၊ UN အဖွဲ့အစည်းကတာဝန်ခံတွေ၊ နိုင်ငံခြားကုမ္ပဏီတွေမှာ တာဝန်ယူနေတဲ့သူတွေနဲ့ အင်တာဗျူးလုပ်ဖို့ စီစဉ်ခဲ့တယ်။ ဒီအစီအစဉ်သစ်ရဲ့ ဖွင့်ပွဲအနေနဲ့ ပါမောက္ခ Kotler နဲ့ အင်တာဗျူးလုပ်ဖို့စီစဉ်ခဲ့တယ်။ သူနဲ့ ၄၅ မိနစ်ကျော် အပြန်အလှန် ဆွေးနွေးခဲ့တယ်။ ဆက်လက်ပြီး ကျွန်တော်လုပ်နေကျ B2B အင်တာဗျူးကို ပါမောက္ခ Kotler နဲ့ပဲ ဆက်လုပ်တယ်။ မိနစ် ၃၀ ကျော်ကြာတယ်။

အစီအစဉ် အစအဆုံးပြီးတော့ မွန်းလွဲ ၂ နာရီခွဲသွားပြီ။ ဆေးရုံကထွက်လာတာ နံနက် ၈ နာရီ Wheelchair မှာ တစ်ချိန်လုံးထိုင်ခဲ့ရတော့ ခါးကအတော်လေးနာနေပြီ။ ပြီးပြီးချင်း လူနာတင်ယာဉ်နဲ့ပဲ အာရှတော်ဝင်ဆေးရုံကို ပြန်ခဲ့တယ်။ ရောက်တဲ့အချိန်က ညနေ ၃ နာရီဖြစ်နေပြီ။ ခုတင်ပေါ်ရောက်ရောက်ချင်း လဲသွားတော့တာပဲ။ တင်းထားတဲ့စိတ်ကို လျှော့လိုက်လို့ထင်ပါရဲ့။ တစ်ညလုံးလည်း မအိပ်နိုင်ဘူး။

ပင်ပန်းပေမယ့် ပင်ပန်းရကျိုးနပ်ပါတယ်။ ကိုယ်လုပ်ချင်တဲ့အလုပ်ကို မဖြစ်မနေလုပ်ရမယ်။ အခက်အခဲဆိုတာကတော့ရှိနေမှာပဲ။ ရှိတဲ့အခက်အခဲဟာ အခွင့်အရေးပဲဖြစ်တယ်။ ကျွန်တော့်တစ်သက်မှာ တစ်ကြိမ်တစ်ခါမှ Wheelchairကိုစီးပြီး ဟောပြောပွဲမလုပ်ဖြစ်ခဲ့ဘူး။ အတွေ့အကြုံသစ်တစ်ခုပေါ့။ ဘဝဆိုတာ အတွေ့အကြုံအမျိုးမျိုးကို စုစည်းခြင်းသာဖြစ်ပါတယ်။ ။

ကလေးမြို့စက်မှုဇုန်ထုတ်ဂျစ်ကားများကို တရားဝင်လိုင်စင်ထုတ်ပေးပြီ

ကလေး မေ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ စက်မှုဇုန်တွင် ချင်းပြည်နယ်တောင်တန်းဒေသအတွက် သီးသန့်ရည်ရွယ်ထုတ်လုပ်ထားသော KL SUPER 4 DOORS ဂျစ်ကားများကို တရားဝင်လိုင်စင်ဖြစ်ရေးအတွက် ဧပြီ ၂၈ ရက်မှ စတင်စစ်ဆေးနေပြီဖြစ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် မော်တော်ယာဉ်များ လိုင်စင်ပြုလုပ်ပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကလေးမြို့ စက်မှုဇုန်မှ ဒေသအတွင်း အသုံးဝင်သော မော်တော်ယာဉ်များကို ဈေးကွက်အတွင်း အလွယ်တကူရရှိသည့် အင်ဂျင်များဖြင့်ထုတ်လုပ်ထားသည့် လိုင်စင်မဲ့ယာဉ်စုစုပေါင်း ၄၃၈ စီးကို သတ်မှတ်ထားသော အတည်ပြု Drawing ပုံစံနှင့်ကိုက်ညီသည့် မော်တော်ယာဉ်များကို လိုင်စင်ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၃၀ ရက်အထိ ယာဉ်စစ်ဆေးခံပြီး ယာဉ်ပေါင်း ၁၅၉ စီးကို ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရသည်။

လိုင်စင်မဲ့ယာဉ်များ စစ်ဆေးပေးရာတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်ထုတ်လုပ်မှုဖွံ့ဖြိုးရေးဆပ်ကော်မတီ(ဗဟို)မှ လာရောက်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး လိုင်စင်မဲ့ယာဉ်များကို နောက်ဆုံးပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ နောင်တွင် ကလေးစက်မှုဇုန်မှ မော်တော်ယာဉ်များ ထုတ်လုပ်ရာတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ထောက်ခံချက်အရ သွင်းကုန်လိုင်စင်ဖြင့် တရားဝင်တင်သွင်းသော Compment Parts ကို အသုံးပြုထုတ်လုပ်ရန်နှင့် ယာဉ်စစ်ဆေးခွင့်လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။ **သျှင်နေမင်း**

လူငယ်ရေးရာကဏ္ဍ

ကင်းထောက်လူငယ်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

ပြင်ဦးလွင် မေ ၁

၂၀၁၄ ခုနှစ်ကင်းထောက်လူငယ်များတွေ့ဆုံပွဲ (ပြင်ဦးလွင်စခန်း)သို့ ရောက်ရှိနေသော ကင်းထောက်လူငယ်မောင်မယ်များသည် ဧပြီ ၃၀ ရက်က တတိယနေ့အဖြစ် သတ်မှတ်လုပ်ငန်းတာဝန်အသီးသီးတို့ကို တက်ကြွပျော်ရွှင်စွာဖြင့် ခွဲဝေလုပ်ဆောင်ကြသည်။

ရှေးဦးစွာ ကင်းထောက်လူငယ်တို့သည် မဟာအံ့ထူးကံသာပြည်ချစ်ဘုရားကြီးကို ဖူးမြော်ကြည်ညို၍ ဘုရားရင်ပြင်ပေါ်နှင့် ပရဝဏ်အတွင်း ကျောင်းသား ၅၀ နှင့် ကျောင်းသူ ၅၀ တို့က သန့်ရှင်းရေးများပြုလုပ်ကြသည်။ **(အောက်ပုံ)** ထို့နောက် ဘုရားကြီး ခြေတော်ရင်းတွင် တည်ရှိနေသော ချယ်ရီမြေ ဘိုဘွားရိပ်သာအတွင်း၊ အပြင် သန့်ရှင်းရေးနှင့် ဘိုးဘွားများအား ပြုစုခြင်းလုပ်ငန်းတို့ကို ကျောင်းသူ ၁၀၀ များက ကြီးကြပ်သူဆရာမများဖြင့် လုပ်ကိုင်ဆောင်ရွက်ကြသည်။

ထို့အတူ ပရဟိတမျက်မမြင်ပညာကျောင်းဝင်းအတွင်း လိုအပ်သော သန့်ရှင်းရေးလုပ်ငန်းများနှင့် မျက်မမြင်ကျောင်းသား ကျောင်းသူများအား ကူညီလုပ်ကိုင်ပေးခြင်းလုပ်ငန်းကိုလည်း ကင်းထောက်ကျောင်းသူ ၁၀၀ က တက်ကြွစွာလုပ်ဆောင်ပေးကြသည်။ ကျောင်းသား ၁၀၀ တို့သည်လည်း ရေငယ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းနှင့် သစ်ပင်စိုက်ပျိုးရေး လုပ်ငန်းတို့ကို အားမာန်အပြည့်ဖြင့် ဆောင်ရွက်ခဲ့ကြသည်။

ရေငယ်ကျေးရွာအတွင်း ကျောင်းသား ၉၀ နှင့် ကျောင်းသူ ၉၀ သည် ကျေးရွာနေ ဒေသခံပြည်သူများကို အကျိုးပြုလုပ်ငန်းများ ကူညီလုပ်ကိုင်ပေးခြင်းဖြင့် တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့နောက် ကင်းထောက်လူငယ်မောင်မယ်တို့အား သက်ဆိုင်ရာ တာဝန်ရှိသူတို့က ဂုဏ်ပြုလုပ်အားပေးမှတ်တမ်းများကို အသီးသီး ပေးအပ်ခဲ့ကြသည်။ ကင်းထောက်လူငယ်တို့သည် နံနက် ၁၁ နာရီတွင် မဟာအံ့ထူးကံသာ ပြည်ချစ်ဘုရားကြီး သာသနာ့ဗိမာန်တွင် နေ့လယ်စာစားသုံးကြကာ လုပ်အားပေးစခန်းများမှ ပြန်လည်ထွက်ခွာ သွားကြကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

၂၀၁၄ ခုနှစ် ဘက်စုံပညာထူးချွန် လူငယ်မောင်မယ်များ ပခုက္ကူခရိုင်အတွင်းရှိ ဘုရားများဖူးမြော်လေ့လာ

ပခုက္ကူ မေ ၁

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများ(ပုဂံအပန်းဖြေစခန်း)မှ ပုဂံစခန်းမှူး ဒေါက်တာစိုးမြင့်ထွန်း ဦးဆောင်သော ဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူ ၁၇၆ ဦးနှင့် အုပ်ချုပ်သူ ၁၈ ဦးတို့ပါဝင်သော အဖွဲ့သည် မေ ၁ ရက် နံနက်က ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ပခန်းကြီးဒေသရှိ ကောဇာသက္ကရာဇ် ၄၈၀ ခုနှစ်က အလောင်းစည်သူမင်းကြီးတည်ထားကိုးကွယ်ခဲ့သော ပခန်းစည်သူရှင် သရက္ခန်မြတ်စွာဘုရားနှင့် မြန်မာသက္ကရာဇ် ၁၂၃၀ ခုနှစ်က လေ့သူကြီးဦးဖိုးတုတ်တည်ဆောက်ခဲ့သော ပခန်းကျောင်းတော်ကြီးအား သွားရောက်ဖူးမြော်လေ့လာခဲ့ကြပြီး ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက် ဗုဒ္ဓကုန်းတွင် သာသနာသက္ကရာဇ် ၂၁၈ ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီး တည်ထား ကိုးကွယ်တော်မူခဲ့သော ရွှေမုဋ္ဌော စေတီတော်မြတ်ကြီးနှင့် ပခုက္ကူမြို့ အမှတ်(၁၅)ရပ်ကွက်တွင် သက္ကရာဇ်(၄၇၇)ခုနှစ်က အလောင်းစည်သူမင်းကြီးတည်ထားကိုးကွယ်ခဲ့သော သီဟိုဠ်ရှင်မြတ်စွာဘုရားကြီးအား သွားရောက်ဖူးမြော်လေ့လာခဲ့ကြောင်းသိရသည်။ **(အပေါ်ပုံ) (၁၀၂)**

ဘက်စုံထူးချွန်လူငယ်များ ဟိုပုံးမြို့ ထမ့်ဆမ်းလိုဏ်ဂူ၊ တောင်ကြီးမြို့ စူဋ္ဌာမုနိဘုရား၊ မွေတော်ကက္ကူဘုရားများသို့ သွားရောက်လေ့လာ

တောင်ကြီး မေ ၁

၂၀၁၄ ခုနှစ် ဘက်စုံထူးချွန်လူငယ်မောင်မယ်များအား ရှမ်းပြည်နယ် ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးချစ်ဆွေ၊ ကြီးကြပ်သူ ဆရာ ဆရာမ ၂၀ ဦးဆောင်၍ ဧပြီ ၃၀ ရက် နံနက် ၇ နာရီက တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ စတင်ထွက်ခွာလာရာ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်သို့ရောက်ရှိကာ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၊ အတွင်းရေးမှူးနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပအိုဝ်းတိုင်းရင်းသား တိုင်းရင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက လမ်းဘေးဝဲယာတစ်ဖက်တစ်ချက်စီတွင် အလံငယ်များဝှေ့ယမ်းကာ အိုးစည် ဗုံမောင်းများဖြင့် သောင်းသောင်းဖြဖြကြိုဆိုကြသည်။

ဆက်လက်၍ ဘက်စုံထူးချွန်လူငယ်မောင်မယ်များနှင့် တာဝန်ရှိသူတို့သည် နံနက် ၈ နာရီခွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ထမ့်ဆမ်းလိုဏ်ဂူတော်သို့ ရောက်ရှိလာကာ လိုဏ်ဂူတော်အတွင်း လေ့လာကြပြီး **(အပေါ်ယာပုံ)** ဘက်စုံထူးချွန်လူငယ်မောင်မယ်များသည် ထမ့်ဆမ်းလိုဏ်ဂူတော်မှ ဆက်လက်ထွက်ခွာလာရာ နံနက် ၁၀ နာရီခွဲ

တွင် တောင်ကြီးမြို့ စူဋ္ဌာမုနိလောကချမ်းသာဘုရားစေတီတော်သို့ ရောက်ရှိဖူးမြော်ကြပြီး အလှူငွေများထည့်ဝင်လှူဒါန်းကာ အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။

ယင်းနောက် ဘက်စုံထူးချွန်လူငယ်မောင်မယ်နှင့် တာဝန်ရှိသူတို့သည် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့နယ်ခွဲရှိ မွေတော်ကက္ကူ ဘုရားသို့ ရောက်ရှိလာရာ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပအိုဝ်းတိုင်းရင်းသား တိုင်းရင်းသူများ၊ ဒေသခံတာဝန်ရှိသူများမှ အလံငယ်များဝှေ့ယမ်းကာ အိုးစည်ဗုံမောင်းဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့နောက် ထူးချွန်လူငယ်မောင်မယ်များသည် ထင်ရှားကျော်ကြားသော ကက္ကူမွေတော်စေတီပုထိုးများ၊ ဗုဒ္ဓစွယ်တော်၊ အလောင်းစည်သူမင်းကြီးတည် ထားကိုးကွယ်ခဲ့သော စေတီပုထိုးများကို လေ့လာဖူးမြော်ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးခဲ့ကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကင်းထောက်လူငယ်များအား ဂုဏ်ပြုညစာတည်ခင်း

ပြင်ဦးလွင် မေ ၁

၂၀၁၄ ခုနှစ် ကင်းထောက်လူငယ်များတွေ့ဆုံပွဲ (ပြင်ဦးလွင်ကင်းထောက်စခန်း)သို့ ရောက်ရှိစခန်းချနေကြသော ကင်းထောက်လူငယ် မောင်မယ်များအား ဧပြီ ၃၀ ရက် တတိယနေ့တွင် မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ဂုဏ်ပြုညစာစားပွဲဖြင့် ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ တည်းခင်းဧည့်ခံသည်။ **(ဝဲပုံ)**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာခင်စန်းရီ၊ မန္တလေးတိုင်း ဒေသကြီး နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး အောင်ကျော်မိုး၊ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းနှင့် ကြီးကြပ်သူ ဆရာဆရာမများ၊ ကင်းထောက်လူငယ်များ စုံညီစွာတက်ရောက်ကြကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

ပြည်တွင်းသတင်း

■ ရွှေဖုံးမှ

မောင်တို့ မယ်တို့သည် အနာဂတ်၏ ခေါင်းဆောင်များ၊ ပညာရှင်များ၊ ဝန်ကြီးများ၊ နိုင်ငံအကြီးအကဲများ အဖြစ် တာဝန်ယူကြမည့် မျိုးဆက်သစ်များဖြစ်သည့်အတွက် ယခုကဲ့သို့ လာရောက် တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ နေပြည်တော်တွင် မောင်တို့မယ်တို့အပါအဝင် စွမ်းဆောင်ရှင်များ၊ ထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီ မောင်မယ်များကို နိုင်ငံတော်အခမ်းအနားဖြင့် ဂုဏ်ပြုရန် အသင့်ပြင်ဆင်ထားပြီး ဖြစ်ပါကြောင်း။

ပြင်ဦးလွင်စခန်း သိမ်းပြီးသည်နှင့် နေပြည်တော်သို့ သွားရောက်ကြမည်ဖြစ်သည့်အတွက် နာယက ကိုယ်တိုင် မောင်တို့မယ်တို့ကို လာရောက်ကြိုဆို ခေါ်ဆောင်ခြင်းဖြစ်ပါကြောင်း၊ တိုင်းပြည်၏ အနာဂတ်သည် မောင်တို့ မယ်တို့ လက်တွင်ရှိပါကြောင်း၊ အနာဂတ်ကောင်းရန်အတွက် မောင်တို့ မယ်တို့ ဗလငါးတန်နှင့် ပြည့်စုံရန်လိုပါကြောင်း၊ ထို့ကြောင့် ဗလငါးတန်နှင့် ပြည့်စုံစေရန်အတွက် ပြုစုပျိုးထောင်နေခြင်းဖြစ်ပါကြောင်း။

ကင်းထောက် လုပ်ငန်းသည် နိုင်ငံရေး၊ စစ်ရေးမစွက်ဖက်သော မွန်မြတ်သည့် လူမှုရေးလုပ်ငန်းသက်သက်ဖြစ်ပါကြောင်း၊ကင်းထောက်လုပ်ငန်း၏ အဓိကရည်ရွယ်ချက်သည် တာဝန်သိသော နိုင်ငံသားတစ်ယောက်ဖြစ်အောင် လေ့ကျင့်တည်ဆောက်ပေးခြင်းပင် ဖြစ်ပါကြောင်း။

မောင်တို့မယ်တို့ကို ကိုယ်ကျင့်တရားကောင်းအောင်၊ မိမိကိုယ်မိမိ အားကိုးအောင်၊ အများနှင့်ပူးပေါင်းဆောင်ရွက်တတ်အောင်၊ အမိန့်နှင့် သွန်သင်မှုများကို နာခံတတ်အောင်၊ နိုင်ငံတော်ကိုချစ်မြတ်နိုးပြီး သစ္စာစောင့်သိတတ်အောင်၊ လူမှုရေးကိစ္စများတွင်ကျွမ်းကျင်အောင်၊ အခြားသူများအတွက်ပါ အသုံးဝင်သည့် နိုင်ငံသားတစ်ဦးဖြစ်အောင် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကင်းထောက်များသည် သဘာဝနှင့်ပတ်ဝန်းကျင်ကို လေ့လာရန်၊ ကြင်နာစိတ်မွေးရန်၊ တွေ့သမျှလူကို မိတ်ဆွေအဖြစ်သဘောထားရန်လိုပါကြောင်း၊ ယူနီဖောင်းဝတ်ထားသော်လည်း လူမှုရေးလုပ်ငန်း

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကင်းထောက်လူငယ်မောင်မယ်များအား ကင်းထောက်စခန်း၌ တွေ့ဆုံအားပေးစဉ်။ (သတင်းစဉ်)

လုပ်ဆောင်သူသာ ဖြစ်ပါကြောင်း၊ ကင်းထောက်တို့၏ ဆောင်ပုဒ်ဟာ အစဉ်အသင့် (Be Prepared)ဖြစ်ပါကြောင်း။

ကင်းထောက်သမိုင်းကို ပြန်ကြည့်လျှင် ကင်းထောက်အဖွဲ့ကို ဗြိတိန်နိုင်ငံသားဗိုလ်မှူးကြီး ရောဘတ် ဗေဒန်ပိုဝဲလ်က ၁၉၀၇ ခုနှစ်တွင် လူ ၂၀ နှင့် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ၄င်းကိုယ်တိုင် မြန်မာနိုင်ငံသို့လာရောက်ခဲ့ဖူးပါကြောင်း၊ မြန်မာနိုင်ငံတွင် ၁၉၂၀ ပြည့်နှစ်တွင် ကင်းထောက်အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ မိမိတို့နိုင်ငံတွင် ကင်းထောက်လုပ်ငန်းများဖွံ့ဖြိုးခဲ့ပါကြောင်း၊ နိုင်ငံ၏ပထမဆုံး သမ္မတကြီး စဝ်ရွှေသိုက်သည် ကင်းထောက်အသင်း၏ နာယကဖြစ်သကဲ့သို့ သမ္မတကြီးဒေါက်တာဘဦး၊ မန်းဝင်းမောင်နှင့် ဝန်ကြီးချုပ် ဦးနုတို့သည်လည်း ကင်းထောက်အသင်း၏ နာယကကြီးများ ဖြစ်ပါကြောင်း။

အမျိုးသမီးကင်းထောက်အသင်းကိုမူ ၁၉၁၆ ခုနှစ်တွင် YWCA ခရစ်ယာန် အမျိုးသမီးအသင်းက အမျိုးသမီး ၃၀ နှင့်စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ လွတ်လပ်ရေးရပြီးနောက် တိုင်းပြည် မတည်ငြိမ်မှုကြောင့် လုပ်ငန်းရပ်ဆိုင်းခဲ့ရာမှ ၁၉၅၀ ပြည့်နှစ်တွင် ဝန်ကြီးချုပ်ဦးနု၏ ဇနီး ဒေါ်မြရီက ဥက္ကဋ္ဌတာဝန်ယူပြီး ပြန်လည်ဖွဲ့စည်းခဲ့ပါကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီးဒေါ်ခင်ကြည်သည်လည်း ကင်းထောက်ချုပ်အဖြစ် တာဝန်ယူခဲ့ဖူးပါကြောင်း၊ စာရေးဆရာမကြီး ဒေါ်မြလေး(ဒေါ်သိန်းဆိုင်)၊ ဒေါ်စောမုံညင်း (ဒေါ်ရင်ရင်)၊ စစ်ကိုင်းမြို့သူ ဒေါ်ကြည်ကြည်တို့သည်လည်း ထင်ရှားသော ကင်းထောက်အဖွဲ့အကြီးအကဲများ ဖြစ်ခဲ့ပါကြောင်း။

၁၉၆၂ ခုနှစ်တွင် ကင်းထောက်အဖွဲ့လုပ်ငန်းများ ရပ်ဆိုင်းသွားပြီးနောက် နှစ် ၅၀ ကျော် မိမိတို့ အစိုးရလက်ထက်တွင် အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်းနိုင်ရန်အတွက် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သင်တန်းသား ၉၈ ဦးကို ရန်ကုန်တွင် အခြေခံသင်တန်းများ ပေးခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၁၈ မြို့နယ်ရှိ အခြေခံပညာကျောင်း ၁၈ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၈၀၀ဖြင့် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ယခုအင်အား ၂၀၀၀ ရှိပြီဖြစ်ပါကြောင်း။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် မြန်မာနိုင်ငံ ကင်းထောက်ကြီးများ တွေ့ဆုံပွဲကို ရန်ကုန်

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကင်းထောက်လူငယ်မောင်မယ်များ စခန်းချချက်ပြုတ်ပြင်ဆင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

တက္ကသိုလ် စိန်ရတုသဘင်ခန်းမ၌ ကျင်းပပြီး ပထမအကြိမ် ကင်းထောက်လူငယ်တွေ့ဆုံပွဲ (Jamboree)ကို နေပြည်တော်တွင် ၂၀၁၃ ခုနှစ် ဧပြီလက ကျင်းပခဲ့ရာ ကင်းထောက်လူငယ် ၄၈၀ တက်ရောက်ခဲ့ပါကြောင်း၊ ဧပြီ ၈ ရက်တွင် ဘက်စုံထူးချွန်မောင်မယ်များ၊ ကြက်ခြေနီလူငယ်များနှင့် ကင်းထောက်လူငယ်များကို နိုင်ငံတော်သမ္မတက ဂုဏ်ပြုအမှာစကားပြောကြားခဲ့ပါကြောင်း၊ ယခုလည်း မေ ၃ ရက်တွင် နေပြည်တော် သမ္မတအိမ်တော်၌ တွေ့ဆုံရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း။

မောင်တို့မယ်တို့အနေဖြင့် နိုင်ငံတကာအဆင့်အတန်းမီ ကင်းထောက်များဖြစ်အောင် လေ့ကျင့်ကြရန်၊ နိုင်ငံတော်အတွက် ဒုတိယမျိုးဆက်သစ်အဖြစ် ဗလငါးတန်နှင့် ပြည့်စုံသော ကင်းထောက်မောင်မယ်များဖြစ်အောင်ကြိုးစားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား ကင်းထောက်လူငယ် မောင်မယ်များက အမှတ်တရလက်ဆောင်ကို ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ

မြန်မာနို...
ကင်းထောက်...
သမ္မတ
ကင်းထောက်...
များက အ...
ပေးအပ်စဉ်။

က ကင်းထေ... ဧည့်သည်တေ... လက်မှတ်ရေး... ကြီးများ၊ က... များနှင့်အတူ... ရိုက်သည်။

အဆိုပါ ... စခန်းတွင် နိုင်... ပညာကျောင်း... အမျိုးသမီး က... စုစုပေါင်း ၄၉... ဆရာမ ၈၀ စု... ဧပြီ ၂၉ ရက်... လျက်ရှိပြီး... လုပ်ငန်းများ... ကင်းထောက်... ဆောင်ရွက်ခြ... ကင်းစိတ်များ... ပြသခြင်းတို့ကို... သည်။

နာဂစ်အလွန် ခြောက်နှစ်အကြာ

သတင်းဆောင်းပါး-ခင်ရတနာ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

နာဂစ်ဟု ဆိုလိုက်သည်နှင့် လေထဲတွင် ပျံဝဲနေသော သွပ်ပြားချပ်များ၊ ယိမ်းထိုးလှုပ်ခါနေသည့် ဂြိုဟ်တုစလောင်းများနှင့် လဲပြိုကျိုးပြတ်သွားသည့် သစ်ပင်များကို အရင်ဆုံး ပြေးမြင်မိပါသည်။ ကျွန်မတို့ ခုနစ်ထပ်တိုက်ပေါ်မှ မြင်တွေ့ရသော ဒေါသတကြီး ကျရောက်လာသည့် မုန်တိုင်းမိုး၏ ကြောက်မက်ဖွယ် အော်သံတို့ကို တစ်သက်မေ့နိုင်မည် မဟုတ်ပါ။ ရန်ကုန်မြို့တော်ကြီး အပါအဝင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ မြို့နယ် တော်တော်များများကို အချိန်ကာလအတန်ကြာအောင် ရုပ်ပိုင်း၊ စိတ်ပိုင်းဒဏ်ရာများ ရရှိစေခဲ့သည့် ဖြစ်စဉ်တစ်ခုကို လွန်ခဲ့သည့် ခြောက်နှစ် မေ ၂ ရက်၊ ၃ ရက်က ထိုဒေသနေပြည်သူများ ခံစားခဲ့ကြရသည်။

“ရန်ကုန်ကလူတွေတောင် နာဂစ်ကို မမေ့နိုင်ရင် ကျွန်တော်တို့ဒေသခံတွေရဲ့ ခံစားချက်ကို စဉ်းစားသာကြည့်ပါတော့ဗျာ။ အခုချိန်အထိ မနေ့တစ်နေ့ကလိုပါပဲ။ ကျွန်တော်တို့မိသားစု ရှစ်ယောက်ရှိတာ ကျွန်တော်အပါအဝင် သားနဲ့သမီး သုံးယောက်သာ အသက်ရှင်ကျန်တယ်။ နှစ်စဉ်နှစ်တိုင်း မေလကို ရောက်လို့ မိုးညိုရင် ငိုချင်လာတယ်။ လေနည်းနည်းကြမ်းတာနဲ့ ကျွန်တော်တို့အားလုံး ကလေးတွေလို ထွက်ပြေးချင်ကြတယ်။ ကျွန်တော်တို့ အခုအချိန်အထိ ပုံမှန်ဘဝတစ်ခုကို မရောက်နိုင်သေးပါဘူး”ဟု ဧရာဝတီတိုင်းဒေသကြီး ပြင်စလူမြို့နယ်အတွင်းရှိ ရေလုပ်သားဦးဝင်းကျော်မြင့်က ခြောက်နှစ်ပြည့်နာဂစ်ဒဏ်သင့် အမှတ်တရနေ့ အကြိုပွဲအတွင်း သူ့ခံစားချက်ကိုပြောပြသည်။ နိုင်ငံတော်အစိုးရနှင့် ပြည်တွင်းပြည်ပအလှူရှင်များ၏ ကျေးဇူးကြောင့် ကယ်ဆယ်ရေးကာလမှသည် ခြောက်နှစ်တာ ပြည့်မြောက်သည်အထိ ယခုအချိန်တွင် စားဝတ်နေရေး အထိုက်အလျောက် တည်ငြိမ်လာခဲ့ပြီဖြစ်သော်လည်း ဒေသခံများ၏ စိတ်အစဉ်တွင် နာဂစ်သည် မပြီးဆုံးနိုင်သည့် အိပ်မက်ဆိုးတစ်ခု ဖြစ်နေခဲ့သည်။

“ဒေသခံတွေရဲ့ ရုပ်ပိုင်းဆိုင်ရာက အတော်လေးအနည်ထိုင်လာတာကို တွေ့ရပါတယ်။ ကျေးရွာတွေအနေနဲ့လည်း ပြန်လည်စည်ကားသက်ဝင်လာတာကိုတွေ့ရတယ်။ စိုက်ပျိုးရေးနဲ့ ရေလုပ်ငန်းတွေမှာလည်း ပုံမှန်အနေအထားတစ်ခုကို မျှော်မှန်းထားသလို ရောက်နေပြီလို့ ထင်ပါတယ်။ သို့သော် စိတ်ပိုင်းဆိုင်ရာ ကြောက်ရွံ့ထိတ်လန့်မှုတွေကို မြင်တွေ့နေရဆဲပါ”ဟု စိတ်ရောဂါကုဆရာဝန် ဒေါက်တာရဲမြင့်က အဆိုပါ အခမ်းအနားအတွင်း ပြောကြားသည်။

နာဂစ်မှပေးသော သင်ခန်းစာကြောင့် မြစ်ဝကျွန်းပေါ်ဒေသခံများအဖို့ မုန်တိုင်းသတိ၊ ကာကွယ်ရေးအသိများတိုးပွားလာကြသလို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများဆောင်ရွက်သည့် အခါတွင် အဆိုပါ သတိတရားများအား လက်ကိုင်ထားကာ ပိုမိုစဉ်းစားဆောင်ရွက်လာကြသည့်အတွက် ဒေသစီးပွားရေးများ နဂိုအခြေအနေသို့ လျင်မြန်စွာ ရောက်ရှိလာခဲ့ကြောင်း ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ယူနီဆက်ဖ် မြန်မာနှင့် ပူးတွဲလုပ်ဆောင်ခဲ့သူ ဒေါက်တာရဲမြင့်က ဆက်လက်ပြောပြသည်။

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ အငြိမ်းစား ညွှန်ကြားရေးမှူးတစ်ဦး ဖြစ်သော ဦးချစ်ကျော်ကလည်း “ရာသီဥတု ဆိုးရွားဖောက်ပြန်မှုတွေကို ဆက်လက် ခံစားနေရဦးမှာပါ။ ကျွန်တော်တို့အနေနဲ့ လုပ်ထားနိုင်တာက ကြိုတင်ကာကွယ်တာ၊ မူလနေထိုင်စားသောက် လုပ်ကိုင်မှုကို ပြောင်းလဲပစ်တာမျိုးတွေနဲ့ရာသီဥတုကို အန်တုနိုင်ပါတယ်။ အကောင်းဆုံးကတော့ ကြိုတင်ကာကွယ်ကြရမှာပါ။ နာဂစ်မုန်တိုင်း ဝင်ရောက်တုန်းကလို ဖြစ်စဉ်မျိုး ပြန်မဖြစ်အောင် ယခုလည်း ပြင်ဆင်နေပါတယ်။ နောက်လည်း ပြင်ဆင်ကြရမယ်” ဟု ပြောကြားသည်။

၂၀၀၈ ခုနှစ် မေ ၂ ရက်တွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် မြန်မာနိုင်ငံတွင် လူပေါင်း ၁၃၈၃၇၃ ဦးဆုံးရှုံးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ်သန်းပေါင်း ၁၁ ဒသမ ၇ ထရီလီယံအထိရှိကာ ကမ္ဘာပေါ်ရှိ ဆိုင်ကလုန်းမုန်တိုင်းကြီးများ တိုက်ခတ်ခြင်းခံရသည့် အနက် ရှစ်ခုမြောက်သော လူအသေအပျောက် အများဆုံးဖြစ်ခဲ့ရသည်အထိ ကမ္ဘာ့မှတ်တမ်းဝင်ခဲ့သည်။

နာဂစ်မုန်တိုင်း ခြောက်နှစ်တာ နှစ်ပတ်လည်ခဲ့သည့် ယခုအချိန် မိုးဦးကျကာလတွင်လည်း ဘင်္ဂလားပင်လယ်အော်အတွင်း မုန်တိုင်းများ ဖြစ်ပွားနိုင်ဖွယ်ရှိသော်လည်း လက်ရှိတွင် မဖြစ်ပေါ်သေးဟု မိုးလေဝသ ပညာရှင်များက ခန့်မှန်းတွက်ဆထားသည်။

“ကြိုတင်ပြင်ဆင်ထားတာတွေကတော့ သက်ဆိုင်ရာ ကဏ္ဍအလိုက် အများကြီးရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်သူတွေကို ကြိုတင်အသိပေးချက်တွေ ထုတ်ပြန်ပေးထားပါတယ်။ မုန်တိုင်းအန္တရာယ်ကျရောက်နိုင်တဲ့ မြို့နယ်ရပ်ကွက်/ကျေးရွာတွေအားလုံးမှာ သရုပ်ပြလေ့ကျင့်မှုတွေ ပြုလုပ်နေပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာလည်း မိုးဦးကျကာလ ရာသီဥတုအန္တရာယ်တွေ ကျရောက်လာရင် အမြန်ဆုံး ကူညီကယ်ဆယ်ရေး ဆောင်ရွက်နိုင်ဖို့ ညွှန်ကြားချက်တွေ ထုတ်ပြန်ထားသလို အရေးပေါ် ကယ်ဆယ်ရေးပစ္စည်းတွေကိုလည်း သိုလှောင်ထားရှိပါတယ်။ ရာသီဥတု သတိပေးချက်တွေကိုလည်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်တာနဲ့ တိုင်းဒေသကြီးအဆင့်ကနေ ရပ်ကွက်/ ကျေးရွာအဆင့်အထိ အုပ်ချုပ်ရေးအဆင့်ဆင့်မှာ လိုက်လံသတိပေးနှိုးဆော်ကြဖို့ စီစဉ်ထားပါတယ်”ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်

ရေးနှင့် ပြန်... ဝန်ကြီးဌာနမှ ... ဖြေကြားသည်...

ထို့အပြင် ... များ၊ အရန်မီး... ကြက်ခြေနီ ဝ... အရေးပေါ်အ... ရမည့် နည်း... သည့် သင်တ... ဟောပြောပွဲမျ... တို့ကိုလည်း ...

သက်ဆိုင်... နှင့် တိုင်းဒေ... နည်းတူ န... စိုးရိမ်ကာ ပြင်... တွင် ပြည်တွင်း... အစည်းများလ...

“ကယ်ဆ... အမြန်ဆုံး ... ကြိုတင် ပြ... ကျွန်မတို့အနေ... ကြောင့် ခံစ... ပြည်သူတွေကို... ပါဘူး။ အထူး... ကြတဲ့ ခြောက်...

သဘင်ခန်းမ၌
် ကင်းထောက်
amboree)ကို
၂၀၁၃ ခုနှစ်
ကင်းထောက်
က်ရောက်ခဲ့ပါ
်တွင် ဘက်စုံ
း၊ ကြက်ခြေနီ
ထောက်လူငယ်
ှတက ဂုဏ်ပြု
းခဲ့ပါကြောင်း၊
၃ ရက်တွင်
တအိမ်တော်၌
ဖြစ်ပါကြောင်း။
အနေဖြင့် နိုင်ငံ
် ကင်းထောက်
ှကျင့်ကြရန်၊
တိယမျိုးဆက်
ာန်နှင့် ပြည့်စုံ
မောင်မယ်များ
ရန် တိုက်တွန်း
ာကြားသည်။
င်တော်သမ္မတ
ူငယ် မောင်
ရလက်ဆောင်

င်တော်သမ္မတ

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကင်းထောက် လူငယ်မောင်မယ်များက အမှတ်တရလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

က ကင်းထောက်မောင်မယ်စခန်းဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ကင်းထောက်ကြီးများ၊ ကင်းထောက်မောင်မယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အဆိုပါ ကင်းထောက်မောင်မယ်စခန်းတွင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများမှ အမျိုးသား၊ အမျိုးသမီး ကင်းထောက်မောင်မယ် စုစုပေါင်း ၄၉၀ နှင့် ကြီးကြပ်ဆရာဆရာမ ၈၀ စုစုပေါင်း ၅၇၀ တို့က ဧပြီ ၂၉ ရက်မှစတင်၍ စခန်းချလျက်ရှိပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကင်းထောက် လှုပ်ရှားမှုများကို ဆောင်ရွက်ခြင်းနှင့် ကင်းထောက်ကင်းစိတ်များအလိုက် စွမ်းရည်များပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

❀ *ကျောဖုံးမှ*

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် သံတွဲမြို့မှ မော်တော်ယာဉ်များဖြင့် တောင်ကုတ်မြို့သို့ရောက်ရှိကြပြီး မြို့နယ်ခန်းမ၌ ကျင်းပသော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးကျောက်တောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းလှိုင်နှင့် တောင်ကုတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ စံလှိုင်တို့က ဒေသ၏လိုအပ်ချက်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံရေးပါတီများမှ ဦးခင်လှနှင့်ဦးမြင့်ဆွေမောင်၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ဦးတင်အုန်းတို့က အထွေထွေကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် တောင်ကုတ်မြို့နယ် မအီမြို့နယ်ခွဲ မအီမြို့ရှိ ရန်ကုန်-ကျောက်ဖြူလမ်းစီမံကိန်းအင်ဂျင်နီယာရုံးသို့ရောက်ရှိကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကသည် မအီမြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ မြို့နယ်ခွဲဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ဥက္ကဋ္ဌနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား သိရှိလိုသည်များကို မေးမြန်းပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲများသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေ၊ ပြည်သူ့လွှတ်တော်ကျန်းမာရေးမြှင့်တင်မှု ကော်မတီအတွင်းရေးမှူး ဒေါက်တာနေလင်း၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ဒီးဒုတ်ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်မည့်နေရာ ကြည့်ရှုစစ်ဆေး

မန္တလေး မေ ၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဧပြီ ၃၀ ရက်က မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် မန္တလေးအရှေ့တောင်ဘက်ရှိ ၁၉ မိုင်ခန့်အကွာ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အောက်ဘက် ၁၂ မိုင်အကွာ ဒုဋ္ဌဝတီမြစ်ပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်မည့် တမံအနိမ့်စနစ်သုံး ဒီးဒုတ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(Lowhead Power Plant) တည်ဆောက်မည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရေနစ်မြုပ်ခြင်းမရှိနိုင်

ဒီးဒုတ်ရေအားလျှပ်စစ်စီမံကိန်းသည် တမံအနိမ့်ရေကာတာဖြစ်ခြင်းကြောင့် ပတ်ဝန်းကျင်ကျေးရွာများရေနစ်မြုပ်ခြင်းမရှိနိုင်ကြောင်းနှင့် မဂ္ဂါဝပ် ၆၀ ခန့်အားနှစ်စဉ်၊ သုံးနှစ်အတွင်းရရှိမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွက် အထောက်အကူဖြစ်သည့် ရေအားလျှပ်စစ်ထုတ်လုပ်ပေးမည့် စက်ရုံတစ်ခုဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ၂၃၀ ကေဗွီ ရွှေစာရံပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Switch Yard အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရွှေလီ-မန်စံ-ရွှေစာရံ မဟာဓာတ်အားလိုင်းမှ ၂၃၀/၁၃၂/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၁၃၂/၁၁ ကေဗွီ ၆၀ အမ်ဗွီအေ ထရန်စဖော်မာတစ်လုံးတို့ဖြင့် ဓာတ်အားလက်ခံရရှိမှု၊ ၂၃၀ ကေဗွီ ဘဲလင်း-သပြေဝသို့ ဓာတ်အားလိုင်းနှစ်လိုင်းဖြင့်လည်းကောင်း၊ မြောက်ပြင်ပင်မဓာတ်အားခွဲရုံသို့ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းတစ်လိုင်းဖြင့် လည်းကောင်း၊ တံခွန်ပင်မဓာတ်အားခွဲရုံသို့ ၁၃၂ ကေဗွီ ဓာတ်အားလိုင်းနှစ်လိုင်းဖြင့်လည်းကောင်း ဓာတ်အားပို့လွှတ်မှုအခြေအနေများ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်နှင့် စက်မှုဇုန်များ၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ မြို့နယ်များသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှုအခြေအနေများအား တာဝန်ရှိသူများမှ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Control Room အတွင်း ဓာတ်အားထိန်းချုပ် ကွပ်ကဲဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖလမ်းမြို့တွင် ကင်းထောက်နည်းပြသင်တန်းဖွင့်လှစ်

ဖလမ်း မေ ၁

ချင်းပြည်နယ် ဖလမ်းမြို့တွင် ကင်းထောက်နည်းပြသင်တန်းကို ဧပြီ ၇ ရက်မှ ၂၉ ရက်အထိ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ဆရာဗန်လျှန်ကိမ်းက ကြီးကြပ်၍ နည်းပြဆရာသုံးဦးနှင့် မြို့ခံဆရာ ဆရာမသုံးဦးတို့က သင်တန်းပို့ချပေးကာ သင်တန်းသား ၅၀ နှင့် သင်တန်းသူ ၅၀ စုစုပေါင်း သင်တန်းသား ၁၀၀ တို့ တက်ရောက်ခဲ့ပြီး သင်တန်းကာလတွင် ကင်းထောက်နောက်ခံသမိုင်း၊ အားကစားနှင့်ကာယပညာ၊ ရှေးဦးကြက်ခြေနီ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်ရိုးရာထုံးတမ်းဓလေ့၊ ကင်းထောက်သီချင်း၊ ကင်းထောက်ကြိုးချည်နည်း၊ အလံဗျူကယ်(ရေတပ်)၊ စခန်းချခရီးထွက်ခြင်းနှင့် ကလေးသူငယ်တို့ လူ့အခွင့်အရေးဘာသာရပ်များ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် သင်တန်းထူးချွန်သူ သင်တန်းသား သင်တန်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆုများကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

ထားတာတွေ
ကဏ္ဍအလိုက်
ကျွန်တော်တို့
ကြိုတင်အသိ
ပြန်ပေးထားပါ
ဘယ်ကျရောက်
/ကျေးရွာတွေ
လေ့ကျင့်မှုတွေ
င်းဒေသကြီးနဲ့
ပည်း မိုးဦးကျ
အန္တရာယ်တွေ
မြန်ဆုံး ကူညီ
ဆောင်ရွက်နိုင်ဖို့
ပြန်ထားသလို
ယ်ရေးပစ္စည်း
လှောင်ထားရှိပါ
ကိုပေးချက်တွေ
နှင့် ဇလဗေဒ
ထုတ်ပြန်
အဆင့်ကနေ
အဆင့်အထိ
ဌ်မှာ လိုက်လံ
စီစဉ်ထားပါ
မ်း ကယ်ဆယ်

ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဖြေကြားသည်။

ထို့အပြင် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များကိုလည်း အရေးပေါ်အခြေအနေတွင် ဖြေရှင်းရမည့် နည်းလမ်းများနှင့်ပတ်သက်သည့် သင်တန်းများပေးအပ်ခြင်း၊ ဟောပြောပွဲများ ကျင်းပပေးခြင်းတို့ကိုလည်း ဆောင်ရွက်ထားသည်။

သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ နည်းတူ နာဂစ်တစ်ကျော့ပြန်ကို စိုးရိမ်ကာ ပြင်ဆင်ထားကြသူများထဲတွင် ပြည်တွင်းပြည်ပ အင်န်ဂျီအိုအဖွဲ့အစည်းများလည်း ပါဝင်သည်။

"ကယ်ဆယ်ရေးလုပ်ငန်းတွေကို အမြန်ဆုံး ဆောင်ရွက်နိုင်အောင် ကြိုတင် ပြင်ဆင်ထားရပါတယ်။ ကျွန်မတို့အနေနဲ့ နာဂစ်မုန်တိုင်းကြောင့် ခံစားခဲ့ရသလိုမျိုး မိဘပြည်သူတွေကို မခံစားစေချင်တော့ပါဘူး။ အထူးသဖြင့် ကြောက်လန့်နေကြတဲ့ ခြောက်နှစ်အထက် ကလေးငယ်တွေအားလုံးအတွက် လုံခြုံရေးကို ရှေးရှုထားပါတယ်"ဟု Save the Children မှ ဧရာဝတီတိုင်းဒေသကြီးအတွင်း လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နေသူ တာဝန်ခံတစ်ဦးက ပြောကြားသည်။

မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်က ရာသီဥတုနှင့် သက်ဆိုင်သည့် စာပေဟောပြောပွဲတစ်ခုအတွင်း မုန်တိုင်းဒဏ်ကာကွယ်သည့် အဆောက်အအုံ (Shelter) များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း အခုရာဂဏန်းခန့် တည်ဆောက်ထားပြီးဖြစ်ကာ မုန်တိုင်းအရေးပေါ်အခြေအနေများအတွက် သတိပေးကြေညာချက်ထွက်ပေါ်ပြီး သုံးရက်အကြာတွင် အရေးပေါ်အခြေအနေအတွက် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း နာဂစ်မုန်တိုင်းအပြီး မုန်တိုင်းဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆယ်ဂဏန်းသာ ဆောက်လုပ်နိုင်ခဲ့ကာ အများစုသော အဆောက်အအုံများမှာ ဒေသခံများ၏ ထိန်းသိမ်းစောင့်ရှောက်မှုအားနည်းခြင်း၊ စနစ်တကျ အကျိုးရှိစေမည့် နေရာတစ်ခုအဖြစ် သိနားလည်မှု အားနည်းခြင်းတို့ကြောင့် အချို့ Shelter များမှာ ကြွခိုင်မှုအားနည်းကာ ချက်ချင်းအသုံးပြုရန်ပင် မလွယ်ကူကြောင်း ထောက်ပြသည်။

"နာဂစ် သင်ခန်းစာပေးတာ ဘာတွေလုပ်ပြီးပြီလဲလို့ သဘာဝပတ်ဝန်းကျင်ရဲ့ ရှုထောင့်ကနေ မြင်ကြည့်ပါတယ်။ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်က မြေပြန့်ကြီးလေ။ အကာအကွယ် အတားအဆီးမရှိ သူ့စိတ်ကြိုက် ဝင်မွှေသွားခဲ့တာ။ ဒီရေတောတွေ ပြန်စိုက်ကြဖို့ အများကြီး လိုအပ်နေတယ်။ ဆိုင်ကလုန်း Shelter တွေရော အခုအချိန်မှာ လူတွေကယ်ဆယ်ဖို့အတွက် အဆင်သင့်ဖြစ်နေပြီလား။ နာဂစ်မွှေလို့သေဆုံးသူတွေကို အောက်မေ့ရုံနဲ့ မပြီးပါဘူး။ ဘယ်လိုကာကွယ်ရမလဲဆိုတာကို လေ့လာဆောင်ရွက်သင့်ပါတယ်။ ဒါကလည်း တစ်ဦးချင်း အဖွဲ့တစ်ဖွဲ့ချင်း၊ အစိုးရတစ်ဦးတည်း လုပ်လို့မရနိုင်ဘူး" ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် (FREDA)မှ ဦးအုန်းက နာဂစ်နှင့်ပတ်သက်၍ မှတ်ချက်ပေးသည်။

လွန်ခဲ့သော ခြောက်နှစ်က ဧရာဝတီတိုင်းဒေသကြီးနှင့်ရန်ကုန်တိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသများကို ဝင်ရောက်ခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီးသည် ကျွန်မတို့နိုင်ငံသားများအား ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို ပြည်သူတစ်သိန်းကျော်၏ အသက်နှင့်ဥပမာထားကာ သတိပေးခဲ့သည်။ မေ ၂ ရက်နှင့် ၃ ရက်တို့တွင် ယင်းကြောင့် အသက်ဆုံးရှုံးသွားရသူများအား အမျှဝေသံ၊ ဆုတောင်းသံနှင့် လွမ်းဆွတ်သတိရသံများကို ဆိုင်ကလုန်းနာဂစ်ကတော့ သိနိုင်မည်မဟုတ်ပါ။

နာဂစ်အလွန် ပြန်လည်နိုးထလာသော ဧရာဝတီတိုင်းဒေသကြီးအတွင်း အောင်မြင်ဖြစ်ထွန်းနေသော စပါးစိုက်ခင်းကို တွေ့ရစဉ်။

ဆောင်းပါး

မွန်မြတ်တဲ့လုပ်ငန်းစဉ် - ပြည်သူ့အတွက် ဆောင်ရွက်လျက်သာပင်

တက္ကသိုလ်မြတ်သူ

ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ထုတ်ရန် ဗိုလ်ချုပ်အောင်ဆန်းတို့ မျိုးချစ်ခေါင်းဆောင်များက လျှို့ဝှက်စီစဉ်နေချိန်၊ တော်လှန်ရေးသမားလူငယ်များ လျှို့ဝှက်စုဝေးရာ၊ စုစည်းရာ အာရှလူငယ်များ အစည်းအရုံးကို တည်ထောင်လှုပ်ရှားခဲ့သည်။ အသက် ၂၀ အောက်၊ ဆယ်ကျော်သက်လူငယ်များကိုလည်း အာရှလုလင် ကင်းထောက်အဖွဲ့ကို အာရှလူငယ်များ အစည်းအရုံးအောက်တွင် ဖွဲ့စည်းထားရှိခဲ့သည်။

ကျွန်တော့်ဇာတိမြို့(မြင်းခြံ)တွင် အာရှလူငယ်များအစည်းအရုံးကို ဦးကျော်သိန်း ဦးဆောင်ဖွဲ့စည်း၏။ အာရှလုလင်ကင်းထောက်အဖွဲ့ကို ဦးသန်းဝင်း(ယနေ့တရားလွှတ်တော်ရှေ့နေကြီး)က ဦးဆောင်သည်။ ကျွန်တော်နှင့်ကျွန်တော့်အစ်ကို သီဟတို့သည် အာရှလုလင်ကင်းထောက်တပ်ဖွဲ့တွင် အစ်ကိုက ပခုံးပေါ် ဘားတစ်ချောင်း၊ ကျွန်တော်က ကြယ်သုံးပွင့်(သွေးသောက်ကြီး)အဆင့်ရရှိကြသည်။ အာရှလုလင်ကင်းထောက်သင်တန်းများ တက်ရင်း ဖက်ဆစ်ဆန့်ကျင်ရေး အသိစိတ်ဓာတ်ပိုမိုထက်သန်လာခဲ့ရသည်။

ဒုတိယကမ္ဘာစစ်မတိုင်မီက ကျွန်တော်သည် တိုင်းရင်းမြန်မာသိပ္ပံကျောင်းတွင် စတုတ္ထတန်း၌ ပညာသင်ရ၏။ အစ်ကိုသီဟက ဂါးဗားမင်းဟိုက်စကူးခေါ် အစိုးရအထက်တန်းကျောင်းသို့ရောက်နေကာ ဘွိုင်းစကောက်ခေါ် ကင်းထောက်လူငယ်အဖွဲ့တွင် ပါဝင်နေပေပြီ။ အမေသည်လည်း ကျောင်းဆရာမကြီးဖြစ်ပြီး အမျိုးသမီးကင်းထောက် Girl Guides အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူထားသည်။ ဖခင် ဦးကံညွန့်နှင့်လူငယ် ဦးဗသောင်းတို့မှာ သက်ကြီးကင်းထောက်ကြီးများဖြစ်ကြသည်။ စစ်အတွင်း၌ ကျွန်တော်နှင့်အစ်ကိုက အာရှလုလင်ကင်းထောက်တပ်ဖွဲ့ဝင်များဖြစ်လာကြသည်။ စစ်ပြီးကာလ မြင်းခြံတွင် ကင်းထောက်အဖွဲ့များ ပြန်လည်ဖွဲ့စည်းရာ အမေက Girl Guides ကိုပင် ဦးဆောင်၊ အမေ့မောင် ကျောင်းဆရာ ဦးစိန်ဝင်းနှင့်သားသမီးများ၊ ကျွန်တော့်ညီမများလည်း ကင်းထောက်(စကောက်) အဖွဲ့ဝင်များဖြစ်လာသည်။

ကျွန်တော်သည် ၁၉၅၄ ခုနှစ်မှ ၁၉၅၇ ခုနှစ် ဇွန်လအထိ မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာ အစိုးရအလယ်တန်းကျောင်း၌ အလယ်တန်းပြဆရာဝင်လုပ်ရင်း စာရေး၊ ကဗျာရေးလုပ်နေခဲ့၏။ ၁၉၅၆ ခုနှစ်တွင် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားမြို့ တောင်ကလပ်အနီး အနော်ရထာစခန်းတွင် အထက်မြန်မာနိုင်ငံ ကင်းထောက်ဆရာဖြစ်သင်တန်းဖွင့်၏။ အထက်မြန်မာနိုင်ငံ မန္တလေးတိုင်း၊ မကွေးတိုင်းတို့မှ ကင်းထောက်(စကောက်)ဆရာ တာဝန်ယူတွဲယူရသည့် ကျောင်းဆရာ ဆရာမများ ပါဝင်တက်ရောက်ကြရ၏။ မလှိုင်မှ ဆရာကိုဘဟိန်း၊ ကိုသိန်းမောင်၊ ပန်းအိုင်မှ ဆရာကိုကြည်၊ ကိုဘိုရွှေ၊ ကိုသောင်းစိန်နှင့်ကျွန်တော်တို့ တက်ရောက်ကြရသည်။

မြင်းခြံမှ ဝါရင့်ကင်းထောက်ဆရာများဖြစ်သော ဆရာဦးဘသင်၊ ဆရာဦးစံသင်း၊ ဆရာမကြီး ဒေါ်မြဇင်(ကျွန်တော့်မိခင်)၊ ဆရာမကြီးဒေါ်မြရီ၊ ရိုဘာစကောက်ကြီးများဖြစ်သော ဦးဘသောင်း၊ ကျွန်တော့်ဖခင် ဦးကံညွန့်တို့ ပါလာ၏။ ရန်ကုန်မှ လာရောက်သင်ကြားပို့ချသော သင်တန်းဆရာများတွင် သင်တန်းမှူးချုပ်မှာ အပေါင်ဆိုင်များဆိုင်ရာ မင်းကြီးအိုင်ပါရှပ်၊ ဆရာဦးစောဘထွန်းတင်၊ ဗိုလ်မှူးဘကျင်(ရန်ကုန်လျှပ်စစ်ဓာတ်အားပေးဘုတ်အဖွဲ့ဥက္ကဋ္ဌ)၊ ဒုဗိုလ်မှူးကြီးမြသောင်း (ကောက်ပဲသီးနှံရောင်းဝယ်ရေးဘုတ် SAMB)တို့ ပါလာသည်။ စကောက်သီချင်းများဆိုရန် ရုပ်ရှင်အကယ်ဒမီမင်းသမီးကြီး ဒေါ်မြင့်မြင့်ခင်၏ခင်ပွန်း တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ညွန့်ပါလာ၏။ ပျော်စရာလည်းကောင်း၏။ ပညာလည်းတိုး၏။ ကြိုးချည်နည်းမျိုးစုံသင်ရ၏။ တောတွင်းခရီးထွက်စခန်းချနည်းသင်ရ၏။ သင်တန်းဆင်းပွဲမတိုင်မီ ပုပ္ပားတောင်မကြီးထိပ်သို့ တပျော်တပါး တက်ခဲ့ကြရ၏။

သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ မြို့ရွာများမှ စာသင်ကျောင်းများသို့ ပြန်ရောက်ပြီး စကောက်အဖွဲ့များ ပိုမိုသွက်လက်လှုပ်ရှားလာ၏။ ကျွန်တော်သည် ၁၉၅၇ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင်မိတ္ထီလာအထက(၁)သို့ အထက်တန်းပြဆရာအဖြစ် တိုးမြှင့်ခန့်ထားသော ခန့်စာရပြီး နောက်ရက်မှာပင် လစာငွေကျပ် ၃၀၀ခန့်ရသော အထက်တန်းပြဆရာ ရာထူးကို စွန့်လွှတ်ကာ ဝါသနာကြီးမား ပြင်းပြလွန်းသည့် သတင်းစာလောကသို့ လခငွေကျပ် ၁၅၀ ဖြင့် ခြေစုံပစ်ဝင်လိုက်သဖြင့် စကောက်အဖွဲ့နှင့် ဝေးကွာခဲ့ရသည်။

ကိုလိုနီခေတ်က စကောက်အဖွဲ့မှာ သူတို့ဘာသာ၊ သူတို့စရိုက်၊ သူတို့ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပေသည်။ သို့သော် လူငယ်များ၏ စာရိတ္တကို ထိန်းသိမ်းပေးနိုင်ခဲ့၏။ အသိပညာဗဟုသုတ တိုးပွားစေခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံ ကင်းထောက်များအဖွဲ့သည် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့်နောက် ၁၉၄၈ ခုနှစ်က အစပြု၍ ယခင်ဆက်သွယ်ထားသော ဗြိတိသျှကင်းထောက်အဖွဲ့ကြီးမှ ခွဲထွက်ပြီး လွတ်လပ်သော ကင်းထောက်အဖွဲ့တစ်ဖွဲ့အနေဖြင့် ပေါ်ပေါက်လာခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ကင်းထောက်(စကောက်)အဖွဲ့ချုပ်ကြီးနှင့် ၁၉၄၈ ခုနှစ် မတ်လ ၁ ရက်နေ့မှ စ၍ ဆက်သွယ်ခဲ့သည်။ သင်ရိုးများ၊ အသင်းစည်းမျဉ်းစည်းကမ်းများကို လွတ်လပ်သော မြန်မာနိုင်ငံနှင့်ထိုက်တန်အောင် ပြုပြင်ပြောင်းလဲခဲ့သည်။ အသင်းတံဆိပ်တို့ကိုလည်း မြန်မာနှင့်လိုက်ဖက်အောင် ပြုပြင်ထားခဲ့သည်။ ယင်းသို့ပြုပြင်သတ်မှတ်သော သင်ရိုးများ၊ စည်းမျဉ်းစည်းကမ်းများ၊ တံဆိပ်များကို ပြည်ထောင်စုမြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၏ အုပ်ချုပ်ရေးကောင်စီ က ၁၉၅၆ ခုနှစ် မေလ ၃၁ ရက်နေ့တွင် အတည်ပြုကျင့်သုံးခဲ့သည်။

ကင်းထောက်ဆောင်ပုဒ်ကား အစဉ်အသင့်ဟူ၍လည်းကောင်း၊ ကျွန်ုပ်တို့၏ ကျင့်စဉ်ကား အများအကျိုးကို အစဉ်သယ်ပိုးမည်ဟူ၍လည်းကောင်း ဖြစ်သည်ဟု မှတ်မိနေပါသည်။ ကင်းထောက်သို့ စတင်ဝင်ရောက်စ အသင်းသားကို ခြေနုအသင်းသား Tenderfoot များဟု သတ်မှတ်သည်။ ကင်းထောက်သင်တန်းများတက်၊ စာမေးပွဲအဆင့်ဆင့်ဖြေဆိုကြရသည်။

ကြိုးချည်နည်းအမျိုးမျိုး

(၁) သူနာပြုချည်နည်း(Reef Knot)
(၂) ကြိုးကြီးကြိုးလေးဆက်နည်း(Sheet Band)
(၃) ဘူးလည်သီးခတ်ချုပ်နည်း(Clove Hitch)
(၄) ဒဏ်သေချည်နည်း(Bow Line)
(၅) လှေကြိုးချည်ချည်နည်း(Round Turn and Two Half Hitches)
(၆) ကြိုးတိုနည်း(Sheep Shank)
(၇) သစ်တုံးချည်နည်း(Timber Hitch)
(၈) တံငါချည်နည်း(Fisherman's Knot) စသည်တို့ကို သင်ယူတတ်မြောက်ကြရသည်။

ရှေးဦးသူနာပြုနည်း အသက်ကယ်နည်းမျိုးစုံသင်ရသည်။ တောစခန်းထွက်ရာ၌ နောက်လူလမ်းမှန်အတိုင်းလိုက်လာတတ်စေရန် လမ်းတစ်လျှောက် အမှတ်အသားများရေးခြစ်ပြခဲ့သော နည်းမျိုးစုံသင်ရသည်။

စကောက်(ကင်းထောက်)များသည် သီဟကင်းထောက်တံဆိပ်ရရှိစေရန် ပြည်သူ့အကျိုးပြုဝန်ထမ်းလုပ်ငန်းရပ်များတွင် ကိုယ်တိုင်လုပ်ကိုင်ကျွမ်းကျင်သဖြင့် ပထမတန်းကင်းထောက်တံဆိပ်ကို အောင်မြင်ရရှိပြီးရမည်။ ၎င်းအပြင်-

(က) သူနာပြုတံဆိပ် (The Ambulance Badge)
(ခ) မီးသတ်သမားတံဆိပ် (The Fireman Badge)
(ဂ) စခန်းအုပ်အတတ်တံဆိပ် (The Camp Warden Badge)
(ဃ) အသက်ကယ်သမားတံဆိပ် (The Rescuer Badge)
(င) စာပေးစာယူဆက်သားတံဆိပ် (The Dispatch Rider Badge)
(စ) လမ်းပြတံဆိပ် (The Pathfinder Badge)
(ဆ) စကားပြန်တံဆိပ် (The Interpreter Badge)
(ဇ) အချက်ပြဆက်သွယ်ရေးသမားတံဆိပ်(အကြီးတန်း) (The Leading Signaller Badge)
(ဈ) ပြည်သူ့ကျန်းမာရေးတံဆိပ် (The Public Health Badge)
(ည) လေယာဉ်ကြည့်သမားတံဆိပ်
(ဋ) ရေကြောင်းတံဆိပ် (The Pilot Badge)

ခေတ်စနစ်များပြောင်းလဲခဲ့ရာ၌ ၁၉၆၀ ပြည့်လွန်နှစ်များတွင် စကောက်အဖွဲ့များမရှိတော့ပြန်ချေ။ ယခုအခါ လူငယ်များကို ဝါသနာအလျောက်တက်ကြွဖျတ်လတ်မှု၊ အသိဗဟုသုတတိုးပွားမှု၊ ကိုယ့်နိုင်ငံအပေါ်၊ မိဘပြည်သူများအပေါ် ပိုမို၍ ချစ်မြတ်နိုးတတ်လာအောင်၊ နုပျိုလန်းဆန်းတက်ကြွဖျတ်လတ်၊ စွန့်စားလို၊ စူးစမ်းလိုသောလူငယ်တို့၏ ပင်ကိုပကတိအရည်အသွေးကို ကင်းထောက်(စကောက်)အဖွဲ့များမှ တစ်ဆင့်ပိုမိုတောက်ပြောင်လာအောင်ကျွမ်းကျင်သော ကျောက်သွေးသမား၏ အရည်အချင်းဖြင့် ပိုမိုထူးချွန်ထက်မြက်သည့် အရည်အချင်းများ တိုးတက်မြင့်မားလာစေရန် စကောက်(ကင်းထောက်)အဖွဲ့ကြီးပြန်လည်ပေါ်ထွန်းလာနေပေပြီ။

စာပေဗိမာန်မှ ပြုစုသောမြန်မာ့စွယ်စုံကျမ်းအတွဲ(၁)စာမျက်နှာ ၃၂၀ တွင် စကောက်(ကင်းထောက်)နှင့်ပတ်သက်၍ အောက်ပါအတိုင်းဖော်ပြထားပေသည်။

"ကင်းထောက်တို့သည် ယူနီဖောင်းဝတ်စုံကို ဆင်ယင်ထားကြသော်လည်း ကင်းထောက်လုပ်ငန်းမှာ စစ်သဘောမပါ၊ နိုင်ငံရေးမစွက်၊ လူမှုဝန်ထမ်းသက်သက်မျှသာဖြစ်သည်။ ယောကျ်ားပီသသော ဆောင်ရွက်မှု၊ ယောကျ်ားပီသသော ပျော်ရွှင်မှုတို့ကို ကင်းထောက်တို့ပြုလုပ်လေ့လာကြသည်။ ကင်းထောက်၏အဓိကရည်ရွယ်ချက်မှာ တာဝန်သိသော နိုင်ငံသားကောင်းဖြစ်လာအောင် လူငယ်လူရွယ်တို့အား ပျိုးထောင်ဖန်တီးပေးရန်ပင်ဖြစ်သည်။ လူငယ်လူရွယ်တို့အား ဖန်တီးပေးရာ၌ လူငယ်လူရွယ်တို့အား ကိုယ့်ကျင့်တရားနှင့် အကျင့်စာရိတ္တကောင်းများရအောင် ပြုပြင်အခြေစိုက်ပေး၍ မိမိတို့ကိုယ်ကိုမိမိ အားကိုးတတ်ခြင်း၊ အကြီးအကဲတို့၏ အမိန့်နှင့်သွန်သင်မှုများကို ရိုသေလိုက်နာတတ်ခြင်း၊ မျက်စိရှင်စွာ ကြည့်တတ်ခြင်းစသည့် အလေ့အထကောင်းများကို ရအောင်သင်ကြားပေးရန်ဖြစ်၏။"

ကင်းထောက်တွင် ဝံပုလွေ(ခြေနု)နှင့် ရိုဘာ(ကင်းထောက်ကြီး)အားလုံးလိုက်နာကြရသော ကတိသုံးပါးမှာ-

"(၁) ကျွန်တော်ယုံကြည်ကိုးကွယ်သည့် အယူဝါဒနှင့်ကျွန်တော့်နိုင်ငံ၏ တာဝန်ကိုထမ်းရွက်ရန်။
(၂) သူတစ်ပါးအား အချိန်မရွေးကူညီရန်။
(၃) ကင်းထောက်ကျင့်ဝတ် ၁၀ ပါးကို အမြဲလိုက်နာထိန်းသိမ်းရန် ကျွန်တော်စွမ်းအားရှိသမျှဆောင်ရွက်ပါမည်ဟု ကျွန်တော်၏ ဂုဏ်သိက္ခာကိုပတ္တနာပြု၍ကတိပြုပါသည်" ဟူ၍ဖြစ်သည်။

ကင်းထောက်တို့၏ ကျင့်ဝတ် ၁၀ ပါးမှာ -

(၁) ကင်းထောက်တို့၏ ဂုဏ်သိက္ခာသည် ယုံကြည်ရ၏။
(၂) ကင်းထောက်သည် မိမိ၏နိုင်ငံ၊ မိဘ၊ ဆရာသမား၊ အလုပ်ရှင် လက်အောက်ငယ်သားများအပေါ်၌ သစ္စာရှိရ၏။
(၃) ကင်းထောက်၏ ဝတ္တရားသည် မိမိကိုယ်ကိုအသုံးကျစေ၍ သူတစ်ပါးအား ကူညီရန်ဖြစ်သည်။
(၄) ကင်းထောက်သည် အများ၏မိတ်ဆွေဖြစ်၍ အခြားကင်းထောက်များနှင့် လူမျိုးအယူဝါဒ၊ အဆင့်အတန်းမရွေး၊ ညီအစ်ကိုဖြစ်၏။
(၅) ကင်းထောက်သည် ယဉ်ကျေးသိမ်မွေ့၏။
(၆) ကင်းထောက်သည် တိရစ္ဆာန်တို့၏ မိတ်ဆွေဖြစ်၏။
(၇) ကင်းထောက်သည် မိဘ၊ ဆရာ၊ ခေါင်းဆောင်တို့၏ အမိန့်ကို တစ်သဝေမတိမ်း လိုက်နာ၏။
(၈) ကင်းထောက်သည် အခက်အခဲနှင့်တွေ့တိုင်း အပြုံးမပျက် ရွှင်ပျစွာဆောင်ရွက်ရ၏။
(၉) ကင်းထောက်သည် ခြိုးခြံချွေတာတတ်၏။
(၁၀) ကင်းထောက်သည် ကိုယ်နှုတ်နှလုံးသုံးပါးလုံး ဖြူစင်သန့်ရှင်း၏ တို့ဖြစ်သည်။

မူလစကောက်အဖွဲ့ကြီးကို ဗြိတိသျှစစ်ဗိုလ်ချုပ်ကြီး ဗေဒင်ပိုဝယ် (လော့ဒ်ဗေဒင်ပိုဝယ်)က အင်္ဂလန်ပြည်၌ စတင်ဖွဲ့စည်းခဲ့သည်။ ကိုလိုနီခေတ် မြန်မာစကောက်များသည် ယင်းဗြိတိသျှစကောက်တို့နှင့် ဆက်သွယ်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် မြန်မာစကောက်များကို ကင်းထောက်များဟုသာ ခေါ်တွင်တော့သည်။ အင်္ဂလိပ်စကောက်တို့နှင့် လမ်းခွဲခဲ့ကာ မြန်မာကင်းထောက်လူငယ်များအဖြစ် ပီပီပြင်ပြင်ဖွဲ့စည်းခဲ့သည်။ ၁၉၅၆ ခုနှစ် အနော်ရထာစခန်း ကင်းထောက်ဆရာဖြစ်သင်တန်းတက်စဉ်က ဦးခင်မောင်ညွန့် သင်ကြားပေးခဲ့သော ကင်းထောက်သီချင်းမှ မှတ်မိသရွေ့ အောက်ပါသီချင်းပိုဒ်ကလေးကို ပြန်လည်တမ်းတ သီဆိုနေမိကြောင်းပါခင်ဗျား။

"အများပြည်သူတွေ. . . သိမြင်စေဖွယ်. . . ရာဇဝင်တွင် ပေါ်ပေါ်လွင်လွင်. . . မွန်မြတ်တဲ့လုပ်ငန်းစဉ် ပြည်သူ့အတွက် ဆောင်ရွက်လျက်သာပင်"။ ။

ပြည်ထောင်စုမြန်မာနိုင်ငံ ကင်းထောက်များအဖွဲ့သည် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့်နောက် ၁၉၄၈ ခုနှစ်က အစပြု၍ ယခင်ဆက်သွယ်ထားသော ဗြိတိသျှကင်းထောက်အဖွဲ့ကြီးမှ ခွဲထွက်ပြီး လွတ်လပ်သော ကင်းထောက်အဖွဲ့တစ်ဖွဲ့အနေဖြင့် ပေါ် ပေါက်လာ။ အပြည်ပြည်ဆိုင်ရာ ကင်းထောက် (စကောက်) အဖွဲ့ချုပ်ကြီးနှင့် ၁၉၄၈ ခုနှစ် မတ်လ ၁ ရက်နေ့မှစ၍ ဆက်သွယ်ခဲ့သည်။ သင်ရိုးများ၊ အသင်းစည်းမျဉ်း စည်းကမ်းများကို လွတ်လပ်သော မြန်မာနိုင်ငံနှင့် ထိုက်တန်အောင် ပြုပြင်ပြောင်းလဲခဲ့။ အသင်းတံဆိပ်တို့ကိုလည်း မြန်မာနှင့် လိုက်ဖက်အောင်ပြုပြင်ထား။

နိုင်ငံတကာမီဒီယာများက မြန်မာနိုင်ငံပေါ်အမြင်

ဘာသာပြန်-ကျော်သဲအိမ်

ဧပြီ ၂၆ ရက်ထုတ် Times (UK) စာစောင်တွင် စစ်ဘက်ဓာတ်ပုံဆရာ ဒွန်မတ်ကာလင်က ပြီးခဲ့သောသီတင်းပတ်က နယူးယောက်၌ သေဆုံးသွားခဲ့သည့် ၎င်း၏အခင်မင်ဆုံး မိတ်ဆွေဖြစ်သော မတ်စ်ရှန့်တ်၏အုတ်ဂူကို သွားရောက်ဂါရဝပြုခဲ့ကြောင်း၊ ၎င်းတို့မိတ်ဆွေနှစ်ဦးသည် အသက်ကြီးပြီး ကျန်းမာရေးလည်း ယခင်ကလို ဒေါင်ဒေါင်မြည်မဟုတ်တော့သည့်အတွက် အလွန်ဝေးကွာသော ခရီးစဉ်များကို သွားဖို့ရန်မရည်ရွယ်တော့သော်လည်း မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းနယ်စပ်ရှိ နာဂဒေသမှ နာဂပွဲတော်များကို တစ်ကြိမ်တစ်ခါလောက်သွားရောက်ရန် စီစဉ်ထားခဲ့ကြကြောင်း၊ ယခုအခါ ၎င်း၏မိတ်ဆွေကွယ်လွန်သွားခဲ့ပြီဖြစ်သည့်အတွက် ယင်းခရီးစဉ် အထမြောက်မမြောက် မပြောနိုင်တော့ကြောင်းစသည်ဖြင့် ၎င်း၏မှတ်စုစာအုပ်တွင် ရေးသားထားသည်ဟု သိရသည်။

ထို့အတူ ဧပြီ ၂၈ ရက်ထုတ် အီတလီသတင်းစာတစ်စောင်ဖြစ်သည့် "Italia Oggi" သတင်းစာတွင် ဥရောပသမဂ္ဂက အာဆီယံနိုင်ငံများရှိ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးများကူညီထောက်ပံ့ပေးနေကြောင်း၊ ဥရောပသမဂ္ဂသည် အဆိုပါ ပညာရေးစီမံကိန်းများတွင် အသုံးပြုရန် ကူညီထောက်ပံ့မှုအဖြစ် ယူရို ၉ ဒသမ ၆ သန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း၊ ယင်းအာဆီယံနိုင်ငံများတွင် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှားနှင့် မြန်မာနိုင်ငံတို့ပါဝင်ကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အလားတူ ဧပြီ ၂၆ ရက်ထုတ် ဂျာမန်သတင်းစာတစ်စောင်ဖြစ်သည့် Frankfurter Allgemeine Zeitung သတင်းစာတွင် အာဆီယံနှင့်ဥရောပသမဂ္ဂ(အီးယူ)တို့သည် တူညီသောအချက်များစွာရှိပုံရသော်လည်း ၎င်းအုပ်စုနှစ်စုကြား ခံယူချက်သဘောထားများမှာ သိသာစွာကွဲပြားနေကြကြောင်း၊ အီးယူအနေဖြင့် မြန်မာနိုင်ငံကို လျစ်လျူရှုလိုက်ခြင်းဖြင့် အခြားအာဆီယံနိုင်ငံများနှင့် ပိုမိုရင်းနှီးလာမည်ဟု ယူဆခဲ့သည်မှာ စိတ်မချမ်းမြေ့စရာတစ်ရပ်ဖြစ်လာခဲ့ကြောင်း၊ အရပ်ဘက်အစိုးရတာဝန်ယူလာပြီးနောက်ပိုင်း မြန်မာနိုင်ငံသည် ဒေသတွင်း၌ ရင်းနှီးမြှုပ်နှံသူများ အကြိုက်ဖြစ်လာခဲ့ကြောင်း၊ ထို့ပြင် အီးယူသည် ၎င်း၏ဒဏ်ခတ်ပိတ်ဆို့ရေးမူဝါဒများနှင့် ငြိစွန်းခြင်းမရှိဘဲ အာဆီယံနိုင်ငံအားလုံးနှင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်နိုင်ခဲ့ကြောင်းစသည်ဖြင့် ဖော်ပြပါရှိသည်။

မြင့်တက်လာခဲ့

Financial Times(Europe) သတင်းစာတွင်လည်း မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ဖော်ပြထားသည်မှာ မြန်မာနိုင်ငံတွင် နိုင်ငံရေးပြောင်းလဲမှုများနှင့်အတူ ပြည်တွင်း၊ ပြည်ပရှိ အလုပ်အကိုင်အခွင့်အလမ်းများအတွက် လူငယ်များအကြား နိုင်ငံခြားဘာသာစကား လေ့လာသင်ကြားမှုများ ကြီးထွားလာကြောင်း၊ မြန်မာနိုင်ငံတွင် အင်္ဂလိပ်ဘာသာစကားလေ့လာသင်ကြားမှုမှာ လူငယ်များအကြား ရေပန်းအစားဆုံးဖြစ်သော်လည်း တရုတ်၊ ဂျပန်နှင့်ကိုရီးယားဘာသာစကား လေ့လာသင်ကြားမှုများလည်း အားရစရာကောင်းလှကြောင်း၊ စင်ကာပူအခြေစိုက်ပညာရေးလုပ်ငန်းတစ်ခုဖြစ်သော RVi Group မှ လေ့လာဆန်းစစ်ချက်အရ သမ္မတဦးသိန်းစိန် ဦးဆောင်သည့် အရပ်ဘက်အစိုးရတက်လာပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် အင်္ဂလိပ်၊ တရုတ်နှင့် ကိုရီးယားဘာသာစကားလေ့လာသင်ကြားမှု တစ်ရှိန်ထိုး မြင့်တက်လာခဲ့ကြောင်း၊ ရန်ကုန်မြို့တွင် နိုင်ငံခြားဘာသာစကားသင်ကြားသည့် နေရာဌာနပေါင်း ၂၅၅ ခုရှိပြီး ယင်းတို့အနက် ဂျပန်ဘာသာစကားသင်ကြားရေးနေရာဌာန ၁၈၀၊ တရုတ် ၁၇၄ ခု၊ ကိုရီးယား ၉၂ ခု၊ အင်္ဂလိပ် ၅၀ နှင့် ထိုင်း ၄၀ တို့ဖြစ်ကြောင်း၊ အလယ်အလတ်လူတန်းစားများမှာ ပြည်တွင်းရှိ နိုင်ငံခြားအဖွဲ့အစည်းများတွင် အလုပ်အကိုင်ရရှိရေးအတွက် အင်္ဂလိပ်ဘာသာစကားကို လေ့လာသင်ကြားနေကြသော်လည်း ငွေကြေးတတ်နိုင်သူများမှာမူ နိုင်ငံခြားသွားပြီး ပညာသင်ကြားရန်အတွက် အင်္ဂလိပ်စာကိုအခြေခံဘာသာရပ်အဖြစ် လေ့လာသင်ကြားနေကြကြောင်း၊ တချို့မှာ ပြည်တွင်း၌ ကုမ္ပဏီတည်ထောင်လို၍ အင်္ဂလိပ်စာသင်ကြားနေကြခြင်းဖြစ်သည်ဟု ဗြိတိသျှကောင်စီအတွက် မြန်မာနိုင်ငံတွင် အင်္ဂလိပ်စာသင်ကြားရေးဒါရိုက်တာတစ်ဦးဖြစ်သူ ဒေးဗစ်မေနက်က ပြောကြားခဲ့ကြောင်း စသည်ဖြင့်ဖော်ပြပါရှိသည်။

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ကုန်ကျစရိတ် သိသိသာသာတိုးလာမည့် ပျောက်ဆုံးမလေးရှားလေယာဉ်ရှာဖွေမှု

■ ဘာသာပြန်-ထန်နီး ■

ပျောက်ဆုံးမလေးရှားလေယာဉ်ရှာဖွေမှုမှာ ပိုမိုရှည်လျားသော အခန်းကဏ္ဍသစ်တစ်ခုသို့ ဝင်ရောက်နေပြီဖြစ်ရာ ရှာဖွေမှုတွင်ပါဝင်သည့် နိုင်ငံများအနေဖြင့် ရှာဖွေမှုလုပ်ငန်းအတွက် ငွေမည်မျှ သုံးစွဲရန်ပြင်ဆင်ထားမည်၊ ရှာဖွေမှုဆက်လက်ပြုလုပ်ပါက ငွေမည်မျှအကုန်အကျခံနိုင်မည်ဆိုသည့်အချက်ကို ဆုံးဖြတ်ရတော့မည်ဖြစ်သည်။

လေယာဉ်ရှာဖွေမှုမှာ လေကြောင်းပို့ဆောင်ရေး သမိုင်းတွင် အကုန်အကျအများဆုံး ရှာဖွေမှုအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ဖြစ်သည့်အပြင် မောင်းသူမဲ့ ရေငုပ်သင်္ဘောများသည် သမုဒ္ဒရာကြမ်းပြင်၌ ပိုမိုကျယ်ပြန့်သောဧရိယာအတွင်း ရှာဖွေမှုပြုလုပ်မည်ဖြစ်သည့်အတွက် ကုန်ကျစရိတ် သိသိသာသာ တိုးပွားလာမည်ဖြစ်သည်ဟုဆိုသည်။ လေယာဉ်ရှာဖွေမှုမှာ ခြောက်လမှ ရှစ်လအထိ ကြာမြင့်နိုင်သည်ဟု ဩစတြေးလျဝန်ကြီးချုပ် တိုနီအက်ဗော့တ်က တနင်္လာနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

သမ္မတအိုဘားမားက ပျောက်ဆုံးလေယာဉ်ရှာဖွေရေးအတွက် လိုအပ်သော အကူအညီများ ပိုမိုပေးအပ်မည်ဟု လူသိရှင်ကြား ကတိပြုထားသော်လည်း အမေရိကန်သည် နည်းပညာအဆင့်မြင့် အသံလှိုင်းဖြင့် ရေအောက် အရာဝတ္ထုရှာဖွေရေး ကိရိယာ(ဆိုနာ)ထောက်ပံ့မှုအတွက် ကုန်ကျစရိတ်များကို စတင်ဖြတ်တောက်ရန် လိုလားပုံရသည်ဟု ဆိုသည်။

ထို့အတွက် ရှာဖွေမှုလုပ်ငန်းတွင် အနီးကပ်ဆုံး ပါဝင်သည့် နိုင်ငံများဖြစ်သော ဩစတြေးလျ၊ တရုတ်နှင့် မလေးရှားနိုင်ငံတို့သည် ရှည်လျားပြီး အကုန်အကျများဖွယ်ရှိသည့် လေယာဉ်ရှာဖွေမှုအတွက် ကုန်ကျစရိတ်ကို ကျခံဖွယ်ရှိသည်ဟု သိရသည်။

ပျောက်ဆုံးလေယာဉ် ရှာဖွေမှုပြုလုပ်သည့် ပထမလအတွင်း အိန္ဒိယသမုဒ္ဒရာနှင့် တောင်တရုတ်ပင်လယ်တို့၌ စစ်လေယာဉ်များနှင့် သင်္ဘောများ ဖြန့်ကြက်ချထားမှုအတွက် ဒေါ်လာ ၄၄ သန်းထက်မနည်း အသုံးပြုခဲ့သည်။ ယင်းမှာ ၂၀၀၉ ခုနှစ်က အတ္တလန္တိတ် သမုဒ္ဒရာအလယ်ပိုင်းတွင် ပျက်ကျသည့် ပြင်သစ်လေယာဉ် အမှတ်စဉ် AF-447 နှင့် ပတ်သက်၍ ရေအောက်ရှာဖွေမှုတစ်ခုလုံးအတွက် ကုန်ကျသည့်ငွေပမာဏနှင့် ညီမျှသည်ဟု သိရသည်။

နောက်ဆုံးရရှိသည့် သတင်းအရ မလေးရှားပို့ဆောင်ရေးဝန်ကြီးဌာနက ပျောက်ဆုံးလေယာဉ်နှင့်ပတ်သက်၍ ပဏာမ အစီရင်ခံစာတစ်ရပ်ကို ကြာသပတေးနေ့တွင် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ အစီရင်ခံစာတွင် မလေးရှားလေယာဉ်မှူးအခန်းနှင့် လေကြောင်းထိန်းများအကြား အပြန်အလှန် စကားပြောဆိုမှုများနှင့် ကုန်ပစ္စည်းမှုရင်းနှင့် သက်ဆိုင်သည့် မှတ်တမ်းများပါဝင်ပြီး လေယာဉ်ပျောက်ဆုံးမှုမှာ အကြမ်းဖက်မှုနှင့် ဆက်နွယ်ခြင်းရှိ၊ မရှိဟူသော ရဲတပ်ဖွဲ့၏ သီးခြားစုံစမ်းစစ်ဆေးမှုမှ အချက်အလက်တစ်စုံတစ်ခုမျှ မပါဝင်ကြောင်း သိရသည်။

မတ် ၈ ရက်က ပျောက်ဆုံးသွားခဲ့သော မလေးရှားလေယာဉ်ကို နိုင်ငံတကာရှာဖွေရေးအဖွဲ့က အင်တိုက်အားတိုက်ရှာဖွေမှု ပြုလုပ်ကြသော်လည်း ပျောက်ဆုံးလေယာဉ်နှင့် ပတ်သက်၍ အပျက်အစီးအပိုင်းအစ တစ်ခုမျှ မတွေ့ရသဖြင့် ရှာဖွေမှုဧရိယာတိုးချဲ့ရန် ပြင်ဆင်လျက်ရှိကြောင်း သိရှိရသည်။ **(ရိုက်တာ/ဆင်ဟွာ)**

မြန်မာနိုင်ငံဟော်ကီအားကစားပိုမိုကျယ်ပြန့်တိုးပွားလာစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သောနည်းပြနှင့် ဒိုင်လူကြီးသင်တန်းဆင်းပွဲကို ဧပြီ ၃၀ ရက်က သိမ်ဖြူမြက်ခင်းတုဟော်ကီကွင်းရှိ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌဦးထင်ဇော်ဝင်း၊ အမှုဆောင်များနှင့်သင်တန်းဆင်းနည်းပြဒိုင်များကို တွေ့ရစဉ်။ သန်းဆွေ(ပန်းဘဲတန်း)

ထစ်ချုန်းမိုး

၁-၅-၂၀၁၄

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Computer (Dell) (Branded)	25 Nos
(ခ)	UPS (1250KVA) Power Tree	12 Nos
(ဂ)	Laser Jet Printer (A4)	15 Nos
(ဃ)	Inkjet Color Printer (A4)	4 Nos
(င)	Fax Machine (Print/ Copy/Fax)	6 Nos
(စ)	Digital Copier (iR2545) (with Feeder & Sorter)	4 Nos
(ဆ)	Projector and Tripod Screen	2 Nos
(ဇ)	စားပွဲ (အလျား ၅'×အနံ ၃'ရှိ အရာရှိစားပွဲ)	38 Nos
(ဈ)	စားပွဲ (အလျား ၄'×အနံ ၂၁/၂'ရှိ အမှုထမ်းစားပွဲ)	28 Nos
(ည)	ကွန်ပျူတာစားပွဲ	28 Nos
(ဋ)	လက်တန်းပါထိုင်ခုံ(အရာရှိထိုင်ခုံ)	38 Nos
(ဌ)	လက်တန်းမပါထိုင်ခုံ(အမှုထမ်းထိုင်ခုံ)	28 Nos
(ဍ)	သံမဏိဗီရို	17 Nos
(ဎ)	ခုတင်	40 Nos
(ဏ)	သံဟော်လိုစင်	23 Nos
(တ)	မော်တော်ယာဉ် (၉)ယောက်စီး	2 Nos

၂။ **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၅-၅-၂၀၁၄ရက်မှ ၉-၅-၂၀၁၄ ရက်အထိ ရုံးအမှတ် (၃၂)၊ နေပြည်တော်နှင့် အမှတ် (၁)၊ သစ္စာလမ်းမကြီး ရန်ကင်းမြို့နယ်၊ ရန်ကုန်(ရုံးခွဲ)တွင် ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁၉-၅-၂၀၁၄ရက် နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ရုံးအမှတ် (၃၂)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရမည် ဖြစ်ပါသည်။

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၉-၅-၂၀၁၄ ရက် နံနက် ၁၁ နာရီ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံး(၃၂)၊ နေပြည်တော်

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၆၁၂၅ နှင့် ၀၆၇-၄၀၆၄၇၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်

ဆရာဌေး အင်္ဂလိပ်စာသင်တန်း

Ph: 01-375970, 0951 72096, 0950 47516

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄-၁၂၊ မြေကွက်အမှတ် ၄၂၅ဟုခေါ်တွင်သော ဦးစံလွင်အမည်ပေါက် ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးညီညီဇော် ၁၂/အစန(နိုင်)၀၆၉၉၅၃က စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသဖြင့် ကျွန်ုပ်ဦးတင်ကိုကိုမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေပေးချေထားပြီးဖြစ်ရာ ကန့်ကွက်မည့်သူမရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၆ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်မာသောစာချုပ်စာတမ်းများဖြင့် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်ကိုကို ၁၂/ကမရ(နိုင်)၀၄၆၂၉၃

အမှတ် ၈၃၊ အောင်ဇေယျလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ အလုံ၊ ဖုန်း-၀၉-၅၁၁၇၆၀၅

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ မိချောင်းကန်အပိုင်း (၂)၊ ရတနာလမ်းသွယ်၊ အိမ်အမှတ်(၇၆)နေ ဒေါ်ကျင်နု ၁၂/တမန(နိုင်)၀၀၄၅၇၄ ၏သား မောင်သက်ခိုင်ဝင်း ၁၂/တမန(နိုင်)၀၈၁၅၄၉သည် မိခင်နှင့်မွေးချင်းမောင်နှမများ၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်အမျိုးမျိုးပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေပြတ်ကြေညာပါသည်။ နောင်တွင် မောင်သက်ခိုင်ဝင်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို မိခင်နှင့်မောင်နှမများက လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဒေါ်ကျင်နု ၁၂/တမန(နိုင်)၀၀၄၅၇၄

သဃ်ာန်းကျွန်းမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

Hein Htet San Law Firm

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄-၁၄၊ ပဒုမ္မာလမ်း၊ မြေကွက်အမှတ် ၁၄၃၊ ဧရိယာ ၀ ဒသမ ၀၈ ဧက၊ အလျားပေ၆၀×အနံပေ ၆၀ အကျယ်အဝန်းရှိ ဦးသန့်ဇင်ဆွေ အမည်ပေါက်ပါမစ်မြေကွက်ကို တရားဝင်လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဆိုသူ ဒေါ်မို့မို့လွင် ၆/ထဝန(နိုင်)၀၀၇၀၇၇ထံမှ ကျွန်တော်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ၂၈-၄-၂၀၁၄ ရက်စွဲပါ မြေကွက်အရောင်းအဝယ်စရန်ပေးကတိစာချုပ်ကိုချုပ်ဆိုပြီး ရောင်းဖိုးငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်တော်(တရားလွှတ်တော်ရှေ့နေဦးအေးနိုင်)ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးအေးနိုင်
LL.B.,D.B.L,D.M.L., Advocate
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၀၈၇/၈၉)
အိမ်အမှတ် ၁၅၊ အောင်ဘောဂလမ်း၊
ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၇၃၀၃၂၄၄၃

Pioneer Law&Audit Firm
တိုက် ၁၅၁၊ အခန်း ၃(ဒုထပ်)
၃၈ လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရွှေနန်းတော်ကျောင်းအား သရီးဒီစကင်နာဖြင့် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများစတင်

မန္တလေး မေ ၁

အမေရိကန်နှင့် မြန်မာနိုင်ငံတို့ပူးပေါင်း၍ ရွှေနန်းတော်ကျောင်းပြုပြင်ထိန်းသိမ်းရေး စီမံကိန်းဒုတိယအဆင့်အနေဖြင့် သုံးဖက်မြင်လေဆာစကင်ဖတ်၍ မှတ်တမ်းအချက်အလက်များပြုစုရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လက်တွေ့တိုင်းတာလုပ်ဆောင်မှုများရှင်းလင်းပွဲကို ဧပြီ ၃၀ ရက် ညနေ ၃ နာရီက အဆိုပါ ရွှေနန်းတော်ကျောင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရှေးဟောင်းသုတေသနဌာနတို့၏ ထောက်ခံချက်ဖြင့် WMF နှင့် ဖလော်ရီဒါ တက္ကသိုလ်သမိုင်းဝင်အဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ရေးအစီအစဉ်တို့ပူးပေါင်း၍ ရွှေနန်းတော်ကျောင်းပုံစံတစ်ခုလုံးကို သရီးဒီစကင်နာဖြင့် အသေးစိတ်ဖမ်းယူ၍ ပြင်ဆင်ရမည့် အနေအထားများကို တွေ့ရှိလာမည်ဖြစ်သည်။

နည်းပညာပိုင်းအနေဖြင့် Point Cloud ဖြင့် ပုံရိပ်ဖမ်းယူ၍ 3D အဖြစ် ဖန်တီးပေးကာ အလင်းပြန်နှုန်းပေါ်တွင် အခြေခံ၍တိုင်းတာမှုများအား လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ယင်းနည်းစနစ်ကြောင့် လူအင်အားနှင့် အချိန်များ သက်သာစေမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ သရီးဒီစကင်နာဖြင့် ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများအား မှတ်တမ်းအချက်အလက်များ ပြုစုရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းသည် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်လုပ်ဆောင်သော နိုင်ငံတကာအဆင့်မီလုပ်ငန်းဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁-၅-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)			
ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၆၀၀၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၂၁၂၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၆၀၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newdayစက်သုံးဆီအရောင်းဆိုင်)		
ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၁၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနိုင်များ)		
၁။ ငါးကြင်း	တစ်ပိဿာ	ကျပ် ၃၅၀၀-၄၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၃၀၀၀-၃၅၀၀
၃။ ငါးရံ့	တစ်ပိဿာ	ကျပ် ၇၀၀၀-၈၀၀၀
၄။ ငါးဖယ်	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၂၀၀၀
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၂၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၂၇၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၂၅၀၀၀
၈။ ကြက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	ကျပ် ၇၀၀၀-၈၅၀၀
၁၀။ အမဲ	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၀၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်မြူငွေလဲကောင်တာ)		
အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၆၂-၉၇၂
ဥရောပ	တစ်ယူရို	ကျပ် ၁၃၂၅-၁၃၃၇
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၆၀-၇၆၅
ထိုင်း	တစ်ဘတ်	ကျပ် ၃၀-၃၀·၅
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၆ -၁၆·၂
တရုတ်	တစ်ယွမ်	ကျပ် ၁၅၂-၁၅၉
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၄-၂၉၉

ကုန်စည်ဈေးနှုန်းဖြစ်ပြီးအချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။

ဧရာဝတီမြစ်အတွင်း CB တွဲများ တွန်းလာသည့် သင်္ဘောနှစ်စင်းတိုက်မိ၍ တစ်စင်းနစ်မြုပ်

ရန်ကုန် မေ ၁

တိုက်ကြီးမြို့နယ်အတွင်း ဧပြီ ၃၀ ရက် နံနက် ၂ နာရီ မိနစ် ၂၀ ခန့်က အဖျောက်မြို့ ဧရာဝတီမြစ်အတွင်း ရန်ကုန်ဘက်မှ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ဘက်သို့ ရေယာဉ်မောင်း ဦးသောင်းစိန်(၅၃ နှစ်) မြန်အောင်မြို့နယ်နေသူ မောင်းနှင်ပြီး CB တွဲ အမှတ် သ/၄၁၃ နှင့် သ/၈၀၆ တို့အား တွန်းလာသည့် သပြေ တွန်းသင်္ဘောနှင့် မြန်အောင်ဘက်မှ ရန်ကုန်ဘက်သို့ ရေယာဉ်မောင်း ဦးဝင်း(ခ)ဦးခင်မောင်ဝင်း(၅၈ နှစ်)မြန်အောင်မြို့နယ်နေသူ မောင်းနှင်ပြီး CB တွဲ အမှတ် သ/၁၁၃၈ ကို တွန်းလာသည့် ဘုန်းပြည့်စုံ တွန်းသင်္ဘောတို့သည် တိုက်ကြီးမြို့နယ် အဖျောက်မြို့ ပန်းတုံးပိတ်ရွာအနီးတွင် မျက်နှာချင်းဆိုင် တိုက်မိခဲ့ကြောင်း သိရသည်။

ထိုသို့တိုက်မိသဖြင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း ဘုန်းပြည့်စုံသင်္ဘောနှင့် ၄င်းသင်္ဘောမှ တွန်းလာသော CB တွဲအမှတ် သ/၁၁၃၈ တို့မှာ မြစ်အတွင်း နစ်မြုပ်သွားသည်။ CB တွဲပေါ်တွင် မြန်အောင်မြို့ သုံးဆယ်ကျွန်းကျောက်ကွင်းမှ တင်ဆောင်လာသော မြစ်ကျောက်များပါရှိကြောင်းသိရပြီး အဆိုပါ သင်္ဘောနစ်မြုပ်မှုနှင့် ပတ်သက်၍ ရေယာဉ်များအား ပေါ့လျော့စွာ မောင်းနှင်သူ ဦးသောင်းစိန်နှင့် ဦးခင်မောင်ဝင်း(ခ)ဦးဝင်းတို့ နှစ်ဦးစလုံးကို တိုက်ကြီးမြို့နယ် အဖျောက်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

စိုးဝင်း(SP)

တောင်ငူတွင် နေအိမ် ၁၈လုံး မီးလောင်မှုဖြစ်ပွား

တောင်ငူ မေ ၁

တောင်ငူမြို့ အမှတ် (၁၁) ရပ်ကွက် မြကျွန်းသာ (၂) လမ်း အိမ်အမှတ် (၁၁/၇၉)တွင် မေ ၁ ရက်မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ လူနေအိမ် ၁၈ လုံး မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်ရာနေရာသို့ တောင်ငူ၊ အုတ်တွင်း၊ ဖြူး၊ ရေတာရှည်၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ မီးသတ်ယာဉ် ၁၆ စီး၊ မြို့နယ်မီးဘေးကြိုတင်ကာကွယ်ရေးအဖွဲ့ပိုင် ရေသည်ယာဉ်နှစ်စီး၊ ပရဟိတအသင်းပိုင် ရေသယ်ယာဉ်နှစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင် သန္ဓေ၊ အရန် ၁၀၅ ဦး၊ ရဲတပ်ဖွဲ့ဝင်များ၊ တောင်ငူတပ်နယ်မှ တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက စုပေါင်း ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၁၅ မိနစ်တွင် မီးညွန့်ကျိုးသွားပြီး မီးငြှိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် လူနေအိမ် ၁၈ လုံး၊ အောင်ဇမ္ဗူဘုန်းကြီးကျောင်းအတွင်းရှိ ဓမ္မစကူးလ်ကျောင်းစာသင်ဆောင်တစ်ဆောင်၊ အမိုးအကာများ မီးလောင်ပျက်စီးခဲ့သည်။ မီးဘေးသင့်ပြည်သူများကို ကန်တော်ဘုန်းကြီးကျောင်းနှင့် ပွတ်စုဘုန်းကြီးကျောင်းတွင် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိပြီး လိုအပ်သည်များကို ထောက်ပံ့မှုများလုပ်ဆောင်ပေးလျက်ရှိကြောင်း သက်ဆိုင်ရာက သိရသည်။ မီးလောင်မှုဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

သူရ(တောင်ငူ)

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

ဖခင်အမည်မှန်

တောင်ငူမြို့နယ်၊ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း နဝမတန်း(င)မှ မောင်ချစ်ဘုန်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးဖြိုးဝေလင်း ၈/ခမန(နိုင်)၁၀၈၇၂၁ ဖြစ်ပါကြောင်း။

ဦးဖြိုးဝေလင်း

တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့

အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာမူလတန်းဆင့် ကျောင်းသားကျောင်းသူများအားလုံးအတွက် လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ထောက်ပံ့ပေးရန် လိုအပ်သော လေ့ကျင့်ခန်းစာအုပ်များအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်သွင်းရမည့်လေ့ကျင့်ခန်းစာအုပ် အရည်အသွေး၊ အရေအတွက်

(က) **လေ့ကျင့်ခန်းစာအုပ်အရည်အသွေး**

(၁) စာအုပ်အရွယ်အစား	၆·၂၅×၈·၂၅ လက်မ
(၂) လိုင်းအရေအတွက်	၂၂ လိုင်း (အနည်းဆုံး)
(၃) အဖုံးစက္ကူ	180 gsm Duplex board (colour)
(၄) အတွင်းစက္ကူ	60 gsm Indo 1 k Woodfree
(၅) စာမျက်နှာ	80 pages

(ခ) **လေ့ကျင့်ခန်းစာအုပ်အရေအတွက်** ၃၀၂၇၀၅ ဒါဇင်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၄-၅-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)၊ ၁၆း၀၀ နာရီ

၄။ **တင်ဒါစိစစ်ရွေးချယ်မည့်ရက်** - ၁၈-၅-၂၀၁၄ ရက် (တနင်္ဂနွေနေ့)၊ ၁၂း၀၀ နာရီ

၅။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနများတွင် ၂-၅-၂၀၁၄ ရက်မှစ၍ ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ တယ်ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

(က) တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၃၀၁၂၃

(ခ) အမှတ် (၃) အခြေခံပညာဦးစီးဌာန၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၁၂၉၆၉

နေ့စား လပေး မူလတန်းပြ ဆရာ ဆရာမ ရာထူးခန့်ထားရေးအတွက်

လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ဆရာ ဆရာမလိုအပ်သည့်ကျောင်းများ၌ နေ့စားလပေး မူလတန်းပြ ဆရာ ဆရာမရာထူးများတွင် အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) B.A/ B.Sc ဘွဲ့ရရှိသူများ (အသက် ၃၀နှင့်အောက်)။

(ဂ) တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ (အသက် ၂၅နှစ်နှင့်အောက်)။

၂။ မူလတန်းပြ ဆရာ ဆရာမများအဖြစ် ရွေးချယ်ခံရသူများသည် ကယားပြည်နယ်အတွင်း ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဆရာအတတ်သင် သင်တန်းဆင်းလက်မှတ်ရရှိပြီးပါက မူလတန်းပြဆရာ ဆရာမအဖြစ် အတည်ပြုခန့်အပ်မည်ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ(သို့)ဘွဲ့ရကြောင်း ထောက်ခံစာနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်။ (အသက်ကန့်သတ်ချက်ကို ၂၀၁၄ ခုနှစ် ဇွန် ၁ ရက်ဖြင့် တွက်ချက်သည်။)

၄။ လျှောက်ထားလိုသူများသည် လျှောက်လွှာများကို သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် ၃၀-၄-၂၀၁၄ရက်မှစ၍ အခမဲ့ထုတ်ယူနိုင်ပြီး မိမိတို့၏လျှောက်လွှာများကို ၁၄-၅-၂၀၁၄ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ မိမိတို့ ဖြေဆိုလိုသော မြို့နယ်ရှိ မြို့နယ်ပညာရေးမှူးရုံးတွင် ပြန်လည်ပေးပို့လျှောက်ထားရန် ဖြစ်ပါသည်။

၅။ ၁၇-၅-၂၀၁၄ ရက်တွင် ကယားပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ကျင်းပမည့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ တစ်နာရီမေးခွန်းကို သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးရုံးများတွင် ဖြေဆိုရမည်။

၆။ ၂၂-၅-၂၀၁၄ ရက်တွင် ရေးဖြေအောင်စာရင်း ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ၂၄-၅-၂၀၁၄ ရက် ၀၉း၀၀ နာရီတွင် မိမိတို့ဖြေဆိုထားသော မြို့နယ်ပညာရေးမှူးရုံးများတွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို ပြည်နယ်အစိုးရရုံး၊ ကယားပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၈၃-၂၂၂၄၅၊ ၀၈၃-၂၁၀၂၉ နှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်ပါသည်။

ကယားပြည်နယ်အစိုးရအဖွဲ့

(ဆာကုရ-အင်းစိန် လျှပ်စစ်ပညာသင်တန်းအစီအစဉ်)

သင်တန်းသားခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ ဂျီတီအိုင်ကျောင်းသား ကျောင်းသူဟောင်းများအသင်း (GTI Alumni Society)နှင့် Kinden Corporation (ဂျပန်)၊ Sumitomo Corporation (ဂျပန်)တို့မှ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် (ယခင်)အင်းစိန်စက်မှုလက်မှုသိပ္ပံကျောင်းဝင်းအတွင်း သင်ကြားမည့် Sakura-Insein Technical Course သင်တန်းအား ၂၀၁၄ခုနှစ် ဇူလိုင်လတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းတွင် အောက်ပါလျှပ်စစ်ဆိုင်ရာဘာသာရပ်များကို သင်တန်းသား ၂၀ဦးစီဖြင့် သင်ကြားပို့ချပေးမည်ဖြစ်ပါသည်-

(က) Commercial Electrical Wiring Course

(ခ) Electrical Power Distribution Line Course

- သင်တန်းကာလ(၈)လ

၂။ လျှောက်ထားလိုသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်ဖြစ်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အနိမ့်ဆုံးတက္ကသိုလ်ဝင်တန်းအဆင့် သင်ကြားဖူးသူဖြစ်ရမည်။

(ဂ) ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂၀ ရက်တွင် အသက် (၁၈)နှစ်နှင့်အထက် (၂၅)နှစ်ထက်မကြီးသူ၊ အမျိုးသားဖြစ်ရမည်။

၃။ သင်တန်းပြီးဆုံးပါက သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ၊ ထူးချွန်သင်တန်းသားများအား ရွေးချယ်၍ ဂျပန်နိုင်ငံ Kinden Corporation သို့ အဆင့်မြင့်သင်တန်းများ ဆက်လက်တက်ရောက်ရန် စေလွှတ်မည်ဖြစ်သည်။ ကျန်သင်တန်းပြီးဆုံးသူများကို နိုင်ငံတကာ Company ကြီးများတွင် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိအောင် စီစဉ်ပေးမည်။

၄။ သင်တန်းလျှောက်လွှာများကို အမှတ် ၃၀၃၊ မြန်မာနိုင်ငံအင်ဂျင်နီယာအဆောက်အအုံ (တတိယထပ်)၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဂျီတီအိုင်ကျောင်းသား ကျောင်းသူဟောင်းများအသင်းရုံးတွင် အခမဲ့ထုတ်ယူနိုင်မည်ဖြစ်ပြီး ၂၀၁၄ခုနှစ် မေ ၂၃ ရက်မတိုင်မီ လျှောက်ထားရမည်ဖြစ်သည်။

(အသေးစိတ်ကို လျှောက်လွှာ၌ ပါရှိပါသည်)

စီမံခန့်ခွဲမှုကော်မတီ
ဂျီတီအိုင်ကျောင်းသား ကျောင်းသူဟောင်းများ သက်မွေးပညာသင်တန်း

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ကြံစိုက်ခင်းမီးရှို့ရာမှ တံတားတစ်စင်းမီးလောင်ဆုံးရှုံး

ရေတာရှည် မေ ၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဒေါင်းအင်းကုန်းကျေးရွာအုပ်စု ငွေးသဲကျေးရွာနှင့် လယ်သာကျေးရွာအကြားတွင် ဧပြီ ၂၉ ရက် မွန်းလွဲ ၂ နာရီခန့်က ကြံစိုက်ခင်းသစ်မီးရှို့ရာမှ ခရိုင်ချင်းဆက်လမ်းပေါ်ရှိ သစ်သားတံတားတစ်စင်း မီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် ကျပ်သိန်း ၃၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ခရိုင်ချင်းဆက်လမ်းအမှတ်(၂) သစ်ကျိမ်း-ထုံးဘိုကြီးလမ်းပိုင်းပေါ်ရှိ ဆတ်သေချောင်းခွဲ သစ်သားတံတား အရှည်ပေ ၅၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေ၊ ခံနိုင်ဝန် ခြောက်တန်သည် ကြံခင်းမီးရှို့ရာမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းသွားခဲ့ကြောင်း ဖုန်းဆက်သတင်းပို့ခဲ့သဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်လင်းအောင်နှင့် တာဝန်ရှိသူများသည် မြို့လုံနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဝင်းနိုင် ဦးစီးတပ်ဖွဲ့ဝင်များနှင့်အတူ သတင်းရလျှင်ရချင်း၏ သွားရောက်စစ်ဆေးခဲ့ကြရာ ယင်းနေ့ မွန်းလွဲ ၂ နာရီခန့်က ဒေါင်းအင်းကုန်းကျေးရွာအုပ်စု ငွေးသဲကျေးရွာ ရေဖြူမြောင်တဲစုနေ ဦးတင်မြင့်(၅၄နှစ်)ဆိုသူ ပိုင်ဆိုင်သည့် ကြံစိုက်ခင်းသစ် နှစ်ဧကခန့်ကို မီးလောင်ကြံအဖြစ် ဦးစားပေးရောင်းချနိုင်ရန် မီးရှို့ရာမှ ဆတ်သေချောင်းတစ်လျှောက် တောတန်းချုံများကို ဆက်လက်လောင်ကျွမ်းခဲ့သဖြင့် ခရိုင်ချင်းဆက်လမ်းပေါ်ရှိ တံတားကို မီးကူးစက်ကာ ည ၁၁ နာရီ၌ တံတားတစ်စင်းလုံး လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်းသိရ၍ မြို့လုံနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

မန်စီမြို့နယ် မန့်ဝိန်းကြီးကျေးရွာတွင် မိုင်းပေါက်ကွဲမှုကြောင့် တစ်ဦးသေ၊ လေးဦးဒဏ်ရာရ

မူဆယ် မေ ၁

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် မန့်ဝိန်းကြီး-မန်စီ-ဗန်းမော်ကားလမ်း လက်ကတော့ကျေးရွာလမ်းမပေါ်တွင် ဧပြီ ၃၀ ရက် နံနက် ၁၁ နာရီခန့်က မိုင်းတစ်လုံးပေါက်ကွဲခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုကြောင့် အမျိုးသားတစ်ဦးပွဲချင်းပြီးသေဆုံးပြီး အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦး ပေါင်းလေးဦးမှာ စိုးရိမ်ရဒဏ်ရာများရရှိသဖြင့် တပ်မတော်မှ တာဝန်ရှိသူများက ရှေးဦးသူနာပြုစုပြီး နမ့်ခမ်းဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ပေးခဲ့သည်။

ပေါက်ကွဲခဲ့

ဖြစ်စဉ်မှာ လင်ချင်းပော်(၃၆ နှစ်)၊ ပိန်မိန်းကျူ(မ)(၃၈ နှစ်)၊ ဟွာဟူချွေ့(၂၅ နှစ်)၊ လင်ချွင်းဖ (၃၁ နှစ်)၊ ပိန်ရင်တော့(၂၆ နှစ်)တို့ငါးဦး ဆိုင်ကယ်သုံးစီးဖြင့် နမ့်ခမ်းမှ ဗန်းမော်သို့ခရီးသွားရာ လက်ကတော့ရွာမရောက်မီ လမ်းတွင်မိုင်းပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

ထိခိုက်ဒဏ်ရာရသူများ ဆေးကုသခံယူရာ နမ့်ခမ်းဆေးရုံသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်နေဝင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များက ချက်ချင်းလာရောက် ကူညီအားပေးခဲ့ကြောင်း သိရသည်။

အယ်လ်စိုး(iprd)

ငါန်းဇွန်မြို့၌ ဝန်ထမ်းအိမ်ရာမီးလောင်

ငါန်းဇွန် မေ ၁

မန္တလေးတိုင်း ဒေသကြီး ငါန်းဇွန်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ဧပြီ ၂၉ ရက် နံနက် ၇ နာရီခွဲက ဝန်ထမ်းအိမ်ရာ မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ ဇော်အေး (၂၅ နှစ်) အထွေထွေလုပ်သားမိသားစု နေအိမ်ခန်းတွင် သုံးစွဲလျက်ရှိသော မီးဖိုမှ စတင်လောင်ကျွမ်းရာ ဆေးရုံဝင်းအတွင်းတွဲလျက်ရှိသော နေအိမ်ခန်းများပါ ကူးစက်လောင်ကျွမ်းခြင်းကြောင့် တစ်ခန်းလျှင် ၁၆ ပေ ပတ်လည် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာများအနက် သုံးခန်း မီးလောင်ကျွမ်းခဲ့သည်။

မီးလောင်ကျွမ်းမှုကို မြို့နယ်မီးသတ်ယာဉ်နှစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခြင်းကြောင့် နံနက် ၇ နာရီ ၅၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အရေးယူထား

အဆိုပါ မီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(၄၃၆)

SANCTUARY
RETREATS

EMPLOYMENT OPPORTUNITIES

Sanctuary Retreats Myanmar is launching its new luxury river cruise ship the Ananda later this year. Come and join an internationally renowned company in the following positions:

Office Based (Yangon):
1) Human Resource Manager
2) Accountant
3) Sales Executive
4) Reservation Manager
5) Purchasing Manager (Mandalay based)

Ship Based:
1) Sous Chef
2) Pastry Chef
3) Chef
4) Front Office Receptionist
5) Spa Therapist
6) Housekeeping
7) F&B Attendant
8) Laundry Attendant
9) Dishwasher
10) Public Areas Cleaner

All positions come with excellent salary, with opportunities for further earnings through tips, service charge and bonuses. Ship based positions include on board accommodation and meals, with attractive holiday leave every 2 months and 8 weeks of annual leave. All positions are permanent full time roles, based in the above mentioned locations.

Please submit your CV completed with your skills, experience relevant to the position and passport size photo.

E-mail application to: thtut@sanctuaryretreats.com

Regrettably only shortlisted candidates will be contacted.

Sanctuary Retreats Myanmar Limited
S 3-4, 2nd Floor, Aung San Stadium North Wing, Joe Phyu Road,
Mingalar Taung Nyunt Township, Yangon, Myanmar.
www.sanctuaryretreats.com

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်စာရင်းစစ်ရုံးနှင့် အမရပူရမြို့နယ်စာရင်းစစ်ရုံးတို့တွင် လေးခန်းတွဲဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးမှ အောက်ပါလေးခန်းတွဲဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းများအား ရေသန့်နှင့်လျှပ်စစ်လုပ်ငန်းအပါအဝင် ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်လိုပါသည်။

စဉ်	ရုံးအမည်	အဆောက်အအုံအတိုင်းအတာ	တည်နေရာ
၁။	မတ္တရာမြို့နယ် စာရင်းစစ်ရုံး	အလျား ၇၂'×အနံ ၃၀'× အမြင့် ၁၀' ၆" လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ နံကပ် အုတ်တိုက်တစ်ထပ်(အတွင်းရေသန့်၊ အတွင်း/အပြင် လျှပ်စစ်လုပ်ငန်းများနှင့် အဆောက်အအုံပတ်လည် Apron and Drain ပါဝင်ရမည်။)	အမှတ်(၅)ရပ်ကွက်၊ မတ္တရာမြို့
၂။	အမရပူရမြို့နယ် စာရင်းစစ်ရုံး	အလျား ၇၂'×အနံ ၃၀'×အမြင့်၁၀' ၆" လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ နံကပ် အုတ်တိုက်တစ်ထပ် (အတွင်းရေသန့်၊ အတွင်း/အပြင် လျှပ်စစ်လုပ်ငန်းများနှင့် အဆောက်အအုံပတ်လည် Apron and Drain ပါဝင်ရမည်။)	ဈေးချိုရပ်ကွက်၊ အမရပူရမြို့

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၅-၅-၂၀၁၄ရက်မှ ၁၆-၅-၂၀၁၄ရက်အထိ နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ ရုံးဖွင့်ရက်များအတွင်း မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၆-၅-၂၀၁၄ရက် ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါတင်သွင်းသောအခါ အောက်ပါအချက်များ ဖော်ပြရပါမည်။
(က) အဆောက်အအုံဆောက်လုပ်ရန် လိုင်စင်ရှိ-မရှိ။
(ခ) ဆောက်လုပ်ခဲ့ဖူးသောအဆောက်အအုံအမည်၊ တည်နေရာ၊ လုပ်ငန်းတန်ဖိုး။
(ဂ) တင်ဒါတင်သွင်းသူ၏ အမည်၊ နေရပ်လိပ်စာ၊ ပိုင်ဆိုင်ငွေနှင့် ပစ္စည်းစာရင်း(တန်ဖိုးဖော်ပြရန်)

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး ဖုန်း-၀၂- ၃၉၂၇၆သို့ ရုံးချိန်အတွင်း စုံစမ်းထုတ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့

နိုင်ငံတကာအားကစားသတင်းနှင့်ဆောင်းပါး

ရာသီကုန်အထိ အပြိုင်နွှဲရမယ့် ပရီမီယာလိဂ်ထိပ်တန်းအသင်းတွေရဲ့ပွဲစဉ်(၃၇)

မိုးမြင့်လင်းလက်

ရာသီကုန် ပန်းဝင်ခါနီးအချိန် ရောက်လာလေ ပရီမီယာလိဂ်ပွဲစဉ်တွေက ရင်ခုန်စရာကောင်းလေ ဖြစ်နေပါတယ်။ ပရီမီယာလိဂ်ပွဲစဉ်(၃၇)ကို မေ ၃ ရက်မှာ ကစားမှာမို့ ဖလားရယူရေးအတွက်ရော တန်းမဆင်းရရေး ရုန်းကန်မှုတွေပါ အားပြိုင်ကြမှာဖြစ်တာမို့ မလွတ်တမ်း အားပေးရမယ့်ပွဲတွေ ဖြစ်နေပြန်ပါတယ်။

မန်ယူနှင့် ဆန်းဒါးလန်း

ဆန်းဒါးလန်းနဲ့ဆုံတိုင်း မန်ယူတို့ခက်ခဲခဲ့တာချည်းပါပဲ။ ဆန်းဒါးလန်းဟာ မန်ယူကိုဘယ်လို ကစားရမယ်ဆိုတာ သိနေတဲ့ အသင်းဖြစ်ပြီး မန်ယူကိုအကျပ်အတည်းတွေ့အောင် ကစားနိုင်တဲ့အသင်း ဖြစ်ပါတယ်။ ဒီပွဲဟာ နည်းပြသစ် ဂစ်ကို စမ်းသပ်ဦးမယ့်ပွဲဖြစ်ပြီး ဆန်းဒါးလန်းရဲ့ တန်းဆင်းဇုန် ရုန်းကန်အားက မန်ယူအတွက် ရင်ပူစရာပါပဲ။ ဒါပေမယ့် ပွဲထွက်ကစားသမားနဲ့ နည်းဗျူဟာပိုင်းမှန်ကန်ရင် မန်ယူရဲ့ပွဲလို့ ပြောရမှာပါ။

ချယ်လ်ဆီးနှင့် နော့ဝှစ်ချ်

လီဗာပူးကို အနိုင်ကစားလိုက်တာမို့ ချယ်လ်ဆီးရဲ့ဖလားရယူရေး မျှော်လင့်ချက် ရောင်ခြည်သန်းလာပြန်ပါတယ်။ ချယ်လ်ဆီးနဲ့ နော့ဝှစ်ချ်တို့ နောက်ဆုံးငါးပွဲဆုံခဲ့တဲ့ မှတ်တမ်းကိုကြည့်ရင် နော့ဝှစ်ချ်တို့တစ်ပွဲမှ နိုင်ပွဲမရခဲ့ပါဘူး။ ချန်ပီယံလိဂ်ကြောင့် ပွဲပန်းနေတဲ့ချယ်လ်ဆီးဟာ နော့ဝှစ်ချ်ကို အလေးထားကစားမှ ရပါလိမ့်မယ်။ နိုင်ပွဲရမှ စိတ်ကူးယဉ်လို့ရမယ့် အနေအထားက ချယ်လ်ဆီးကို စွမ်းဆောင်မှုမြင့်စေမှာဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့စ်နှင့် လီဗာပူး

တန်းစီဇယားထိပ်ဆုံးမှာ ရပ်တည်နေဆဲဖြစ်တဲ့ လီဗာပူးဟာ လက်ကျန်နှစ်ပွဲကို အနိုင်ရရေးအစွမ်းကုန်ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် ခရစ္စတယ်ပဲလေ့စ်ဟာ အိမ်ကွင်းခြေစွမ်းထက်မြက်တာမို့ လီဗာပူးအတွက် အခက်တွေ့နိုင်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းနှစ်ပွဲမှာ လီဗာပူးကို ခရစ္စတယ်ပဲလေ့စ်တို့ နှစ်ပွဲစလုံး အနိုင်ယူထားတာမို့ ဒီပွဲဟာ လီဗာပူးအတွက် နိုင်အောင်ကစားရမယ့် ကိန်းပါပဲ။

အာဆင်နယ်နှင့် ဝက်စ်ဘရွန်း

ဝက်စ်ဘရွန်းနဲ့ဆုံတိုင်း သရေပွဲတွေဆက်တိုက်ဖြစ်နေခဲ့တဲ့ အာဆင်နယ်ဟာ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရှုံးပွဲကြုံလို့မရနိုင်တဲ့ အနေအထားဖြစ်တာမို့ အိမ်ကွင်းမှာ အမှတ်ပြည့်ရယူရေးကြိုးစားမှာပါ။ ဝက်စ်ဘရွန်းတို့ကတော့ တန်းဆင်းဇုန်က လွတ်ကင်းအောင်ကြိုးစားဖို့ အားစိုက်စရာမလိုတဲ့ အနေအထားမို့ အာဆင်နယ်ကို အားသွန်ခွန်စိုက်ကစားဖို့ အာရုံစိုက်မှု လျော့နည်း ပါလိမ့်မယ်။ အာဆင်နယ် အမှတ်ပြည့်ယူမယ့်ပွဲပါပဲ။ ။

ချယ်လ်ဆီးချန်ပီယံလိဂ်မျှော်လင့်ချက်အဆုံးသတ် ရီးရဲနှင့်အက်သလက်တီကိုဗိုလ်လုမည်

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့အဖြစ်ချယ်လ်ဆီးနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ အက်သလက်တီကိုက နှစ်ကျော့ပေါင်းသုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိကာ ဗိုလ်လုပွဲသို့တက်ရောက်သွားပြီဖြစ်သည်။ ချယ်လ်ဆီးအသင်း၏ တတိယအကြိမ်ဗိုလ်လုပွဲတက်ရေးမျှော်လင့်ချက်မှာအဆုံးသတ်သွားပြီဖြစ်သည်။ အက်သလက်တီကိုအသင်းသည် တန်ပြန်တိုက်စစ်ကစားခဲ့ပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားပြီဖြစ်သည်။

သို့သော် ချယ်လ်ဆီးအသင်းအတွက် တိုက်စစ်မှူးဖာနန်ဒို တောရက်စ်က ပထမပိုင်းမပြီးမီ ၉ မိနစ်အလိုတွင် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ အက်သလက်တီကိုက တန်ပြန်တိုက်စစ်ဖွင့်ကစားခဲ့ရာ ပွဲချိန် ၄၄ မိနစ်တွင် အာဒရီယန်က ချေပဂိုးသွင်းယူခဲ့သည်။ အက်သလက်တီကိုအတွက် ဒုတိယအနိုင်ဂိုးကို ဒီယေဂိုကော်စတာကပွဲချိန် မိနစ် ၆၀ တွင်သွင်းယူပေးခဲ့သည်။ ပွဲပြီးရန် ၁၈ မိနစ်အလို အာဒါတူရန်က တတိယဂိုးသွင်းယူခဲ့သဖြင့် အက်သလက်တီကိုက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အက်သလက်တီကိုနှင့်ရီးရဲမက်ဒရစ်တို့သည် လစ္စဘွန်းမြို့၌ ဗိုလ်လုပွဲကစားခဲ့ကြမည်ဖြစ်သည်။

အင်္ဂလန်မှနောက်တန်းလူ ဝေါ်ကာ ဒဏ်ရာကြောင့် ကမ္ဘာ့ဖလားနှင့်လွဲချော်နိုင်

အင်္ဂလန်ညာနောက်တန်းကစားသမားဝေါ်ကာသည် ဒဏ်ရာကြောင့် ကမ္ဘာ့ဖလားနှင့်လွဲချော်နိုင်သည်။ ၁၀ ပွဲအနိုင်ကစားပေးခဲ့သော စပါးကစားသမား၏နေရာတွင် လီဗာပူးမှ ဂွန်ဆင်ကိုလာမည့်နွေရာသီအင်္ဂလန်အသင်းနှင့်အတူ ထည့်သွင်းကစားဖွယ်ရှိသည်။

သို့သော်လည်း အသက် ၂၃ နှစ်ရှိ ဝေါ်ကာသည် မတ် ၁၃ ရက် ဘင်ဖီကာ နှင့်ပွဲပြီးကတည်းက ဒဏ်ရာကြောင့် မကစားနိုင်ဘဲရှိသည်။ ကမ္ဘာ့ဖလား ကစားရန် ၁၀ ပတ်ခန့်သာလိုတော့၍ အလွန်စိုးရိမ်မိကြောင်း နည်းပြ ရွှိုင်ဟော့ဆင်က ပြောသည်။

ကောင်းမြတ်သူ-စုစည်းသည်

ပြင်သစ်လီဂူး နှင့် စပိန်လာလီဂါ ပွဲစဉ်များ

သီဟ

ပြင်သစ်လီဂူး ပွဲစဉ်(၃၆) **မေ ၃**

ဘတ်စ်တီယာ - လိုင်လီ နံနက် ၁း၃၅

စပိန်လာလီဂါ ပွဲစဉ်(၃၆) **မေ ၃**

ဗယ်လက်ကာနို - ဘီလ်ဘာအို နံနက် ၁း၀၀

ဗယ်လက်ကာနို Vs ဘီလ်ဘာအို

လာလီဂါ ပွဲစဉ်(၃၅)အပြီး ဗယ်လက်ကာနိုမှာ ရမှတ် ၄၃မှတ်နဲ့ အဆင့် ၉မှာရပ်တည်နေပြီး နောက်ဆုံးအိမ်ကွင်း ငါးပွဲစလုံး အနိုင်ရထားတဲ့အသင်းပါ။ ဧည့်သည် ဘီလ်ဘာအိုအသင်းက ရမှတ် ၆၅မှတ်နဲ့ အဆင့်လေးမှာ ရပ်တည်နေပါတယ်။ နောက်ဆုံးအဝေးကွင်း ငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးထားပါတယ်။ ဧည့်သည်ဘီလ်ဘာအိုက ချန်ပီယံလိဂ်နေရာမြဲဖို့အတွက် လက်ကျန် သုံးပွဲကို နှစ်ပွဲရှုံးလို့မဖြစ်တဲ့အသင်းပါ။ အောက်အသင်းဆီဗီလာက နောက်ကနေ ဖိအားပေးနေပါတယ်။ အိမ်ရှင်အသင်းကတော့ အမှတ်မလိုတော့ဘဲ ဟိုမရောက်ဒီမရောက်အဆင့်မှာ ရပ်တည်နေပါတယ်။ လက်ရှိခြေစွမ်းတည်ငြိမ်ပြီး အိမ်ကွင်းမာကျောမှုကို ဆက်လက်ထိန်းနိုင်မလား ဆိုတာ စောင့်ကြည့်ရမှာဖြစ်ပြီး ဧည့်သည် ဘီလ်ဘာအိုက ကျန်သုံးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေဆိုရင် ချန်ပီယံလိဂ်နေရာကို စိတ်ချစွာရပ်တည်နိုင်မှာဖြစ်ကာ နှစ်ပွဲရှုံးလို့မဖြစ်တဲ့ ဧည့်သည်အသင်းကို အားပေးလိုက်ပါတယ်။

နှစ်သင်း တွေ့ဆုံမှု နောက်ဆုံး ငါးပွဲ

၂၂.၁၂.၂၀၁၃	ဘီလ်ဘာအို	၂-၁	ဗယ်လက်ကာနို
၁.၆.၂၀၁၃	ဗယ်လက်ကာနို	၂-၂	ဘီလ်ဘာအို
၁၁.၁.၂၀၁၃	ဘီလ်ဘာအို	၁-၂	ဗယ်လက်ကာနို
၂၈.၁.၂၀၁၂	ဗယ်လက်ကာနို	၂-၃	ဘီလ်ဘာအို
၂၈.၈.၂၀၁၁	ဘီလ်ဘာအို	၁-၁	ဗယ်လက်ကာနို

ချယ်လ်ဆီးရှုံး၍ ဂျွန်တယ်ရီငိုကြွေးခဲ့ရ

ချယ်လ်ဆီးနာမည်ကြီး နောက်တန်းကစားသမား ဂျွန်တယ်ရီသည် ချန်ပီယံလိဂ်မှ ချယ်လ်ဆီးအသင်း ထွက်ခဲ့ရခြင်းကို ပြင်းထန်စွာခံစားရပြီး ငိုကြွေးမိခဲ့သည်ဟုဆိုသည်။ ချယ်လ်ဆီးနှင့် အက်သလက်တီကိုတို့သည် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးက ဦးဆောင်ဂိုးသွင်းယူပြီးမှ အက်သလက်တီကို၏ တန်ပြန်တိုက်စစ်ကြောင့် သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ကာ ထွက်ခဲ့ရသည်။ ချယ်လ်ဆီးတို့ တတိယအကြိမ် ဗိုလ်လုပွဲတက်နိုင်ရေး မျှော်လင့်ချက်မှာလည်း အဆုံးသတ်ခဲ့ရသည်။

ဌာနဆိုင်ရာကြော်ငြာချက်နှင့် ကြော်ငြာ

ဌာနဆိုင်ရာ

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ပေးပို့လာသည့်အကြံပြုစာများ ကိုစွတင်ပြခြင်း

ယမန်နေ့မှအဆက်

ဖြေ - အလုပ်သမားအဖွဲ့အစည်းဥပဒေပုဒ်မ ၄ ၌ “အလုပ်သမားများနှင့် အလုပ်ရှင်များ၏အကျိုးကိုဆောင်ရွက်နိုင်ရန်အလို့ငှာ အလုပ်သမား အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းရာတွင် -

(က) (၁) အခြေခံအလုပ်သမား အဖွဲ့အစည်းကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု အမျိုးအစားအလိုက် သက်ဆိုင်ရာလုပ်ငန်းတွင် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမား အနည်းဆုံး ဦးရေ ၃၀ ဖြင့် ဖွဲ့စည်းနိုင်သည်။ အလုပ်သမားဦးရေ ၃၀ အောက်ရှိသောလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုဖြစ်ပါက လုပ်ငန်းသဘောသဘာဝ တူညီသောအခြားလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု တစ်ခုခုနှင့် ပူးပေါင်းဖွဲ့စည်းနိုင်သည်။

(၂) ယင်းသို့ဖွဲ့စည်းရာတွင် သက်ဆိုင်ရာလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုရှိ စုစုပေါင်း အလုပ်သမားများ၏ ၁၀ ရာခိုင်နှုန်းအောက်မနည်းသူများက ထောက်ခံရမည်။

(ခ) မြို့နယ်အလုပ်သမားအဖွဲ့အစည်းကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု အမျိုးအစားအလိုက် သက်ဆိုင်ရာမြို့နယ်အတွင်းရှိ အခြေခံ အလုပ်သမားအဖွဲ့အစည်းစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းအောက်မနည်းသော အလုပ်သမားအဖွဲ့အစည်းများက ထောက်ခံလျှင် ဖွဲ့စည်းနိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလုပ်သမားအဖွဲ့အစည်းကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစားအလိုက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်အလုပ်သမားအဖွဲ့အစည်း စုစုပေါင်း၏ ၁၀ရာခိုင်နှုန်းအောက်မနည်းသော အလုပ်သမားအဖွဲ့အစည်းများက ထောက်ခံလျှင် ဖွဲ့စည်းနိုင်သည်။

(ဃ) အလုပ်သမားအဖွဲ့ချုပ်ကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု အမျိုးအစားအလိုက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်း စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းအောက်မနည်းသော အလုပ်သမားအဖွဲ့အစည်းများက ထောက်ခံလျှင် ဖွဲ့စည်းနိုင်သည်။

(င) မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု အမျိုးအစားအလိုက် ဖွဲ့စည်းထားသော အလုပ်သမားအဖွဲ့ချုပ် စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းအောက်မနည်းသော အလုပ်သမားအဖွဲ့ချုပ်များက ထောက်ခံလျှင်ဖွဲ့စည်းနိုင်သည်”ဟု ဖော်ပြပါရှိပါသည်။

တိုင်းဒေသကြီးအဆင့်တွင် လည်းကောင်း၊ မြို့နယ်အဆင့်တွင်လည်းကောင်း လုပ်ငန်းသဘောသဘာဝတူညီသော အလုပ်သမားအဖွဲ့အစည်းများ နှစ်ဖွဲ့ ဖြစ်စေ၊ သုံးဖွဲ့ဖြစ်စေ ပေါ်ပေါက်လာပါက ပြဿနာတစ်ရပ်အပေါ်တွင် မည်သည့်အဖွဲ့က အဓိက တာဝန်ယူဖြေရှင်းပေးနိုင်မည်ကို သိရှိရန်ခက်ခဲခြင်း၊ အဖွဲ့အစည်းများအပြိုင် ဝင်ရောက်ဖြေရှင်းမှုများပြုလုပ်၍ ရှုပ်ထွေးလာနိုင်ခြင်း၊ ပြဿနာတစ်ခုအားတစ်ဖွဲ့က မဖြေရှင်းနိုင်၍ အခြားတစ်ဖွဲ့အား ဖြေရှင်းပေးရန် ထပ်မံအကူအညီတောင်းခံခြင်းဖြင့် အဖွဲ့အစည်းများအချင်းချင်း စိတ်ဝမ်းကွဲမှုများရှိလာနိုင်ခြင်း၊ အဖွဲ့အစည်းများ အချင်းချင်းမလိုလားအပ်သည့် အားပြိုင်မှုများရှိလာနိုင်ခြင်း၊ နောင်တွင်ပေါ်ပေါက်လာမည့် အဖွဲ့ချုပ်အနေဖြင့်လည်း တိုင်းဒေသကြီးနှင့် မြို့နယ်များတွင် လုပ်ငန်းသဘောသဘာဝ တူညီသော အလုပ်သမားအဖွဲ့အစည်းများ နှစ်ဖွဲ့ဖြစ်စေ၊ သုံးဖွဲ့ဖြစ်စေ ပေါ်ပေါက်လာပါက ယင်းအဖွဲ့အစည်းများအား တာဝန်တိတိကျကျပေးရန်ခက်ခဲခြင်းနှင့် ထိန်းချုပ်ရန် ခက်ခဲနိုင်ခြင်း၊ အလုပ်သမားများ၏ အရေးကိစ္စရပ်များအား တစိုက်မတ်မတ် အလေးပေးဆောင်ရွက်နိုင်ရန်နှင့် အလုပ်သမားများမှလည်း တာဝန်ခံအမှုဆောင်များအား ရွေးချယ်ရန်ခက်ခဲနိုင်ခြင်းစသည့် အခက်အခဲများကြုံတွေ့ရနိုင်ပါကြောင်း ဖြေကြားအပ်ပါသည်။

မေး - အလုပ်သမားအဖွဲ့အစည်းဥပဒေပါအတိုင်း အလုပ်သမား အဖွဲ့အစည်းများအား အဆင့်ဆင့် လွတ်လပ်စွာမှတ်ပုံတင်ခွင့်ရရှိရေးအတွက် အတားအဆီးဖြစ်နေသည့် အခက်အခဲများအား ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန်တင်ပြခြင်း၊

ဖြေ - အလုပ်သမားအဖွဲ့အစည်းဥပဒေအား အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်လည်းကောင်း၊ အလုပ်သမားအချင်းချင်းအကြား၊ အလုပ်ရှင်နှင့်အလုပ်သမားအကြား ဆက်ဆံရေးကောင်းမွန်စေရန်လည်းကောင်း၊ အလုပ်သမားအဖွဲ့အစည်းများကို စနစ်တကျနှင့် လွတ်လပ်စွာဖွဲ့စည်းဆောင်ရွက်နိုင်ရန်လည်းကောင်း ရည်ရွယ်၍ ပြဋ္ဌာန်းထားခြင်းဖြစ်ရာ အလုပ်သမားအဖွဲ့အစည်းများဖွဲ့စည်းရာတွင် အလုပ်ရှင်မှ ဖွဲ့စည်းပေးသော အဖွဲ့အစည်း၊ အလုပ်သမားများမှ မိမိတို့၏ သဘောဆန္ဒအလျောက် ဖွဲ့စည်းသောအဖွဲ့အစည်းနှင့် အလုပ်သမားအရေးလှုပ်ရှားဆောင်ရွက်သူများမှ ဦးဆောင်၍ဖွဲ့စည်းပေးသော အဖွဲ့အစည်းဟူ၍သုံးမျိုးဖြစ်ပေါ်နေကြောင်းတွေ့ရှိရပါသည်။ မည်သည့်နည်းလမ်းဖြင့် ဖွဲ့စည်းခြင်းဖြစ်စေ အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်အညီ လျှောက်ထားလာသော အဖွဲ့အစည်းများအား အလုပ်သမားအဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့ရာ ယနေ့အထိ အခြေခံအလုပ်သမားအဖွဲ့အစည်း ၁၀၃၄ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း ၃၂ ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ်နှစ်ဖွဲ့နှင့် အခြေခံအလုပ်ရှင်အဖွဲ့အစည်း ၂၂ ဖွဲ့၊ မြို့နယ် အလုပ်ရှင်အဖွဲ့အစည်း တစ်ဖွဲ့၊ အလုပ်ရှင်အဖွဲ့ချုပ် တစ်ဖွဲ့တို့အား စိစစ်၍ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့ပါသည်။ အလုပ်သမားအဖွဲ့အစည်း ဥပဒေပါအတိုင်း အလုပ်သမားအဖွဲ့အစည်းများအား အဆင့်ဆင့်လွတ်လပ်စွာ မှတ်ပုံတင်ခွင့်ရရှိရေးအတွက် အတားအဆီးဖြစ်နေသည့် အခက်အခဲများအား ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် အလုပ်သမားအဖွဲ့အစည်းများ အားလုံးသည် အလုပ်သမားများအကြားတွင်လည်းကောင်း၊ အလုပ်သမားအဖွဲ့အစည်းများအကြားတွင်လည်းကောင်းအချင်းချင်းသင့်မြတ်ညီညွတ်ကြရန်လိုအပ်ပါကြောင်းနှင့်အဖွဲ့အစည်း၏ အမည်ထက် အလုပ်သမားများ၏ အရေးကိစ္စရပ်များအား အလေးထားဆောင်ရွက်နိုင်ရန် အချင်းချင်းညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အလုပ်သမားအဖွဲ့အစည်းအဆင့်ဆင့်နှင့်အလုပ်သမားအဖွဲ့ချုပ်များ စနစ်တကျဥပဒေနှင့်အညီ လျင်မြန်စွာ ပေါ်ပေါက်နိုင်ရေးသည် အဓိကကျပါကြောင်း ဖြေကြားအပ်ပါသည်။

စည်ပင်ရေမြောင်းပေါ်ရောက်နေသော အဆောက်အအုံဆိုင်ခန်းများ မိုးရာသီအမီဖယ်ရှား၍ ပြည်သူတို့၏ ကျန်းမာရေးကိုဗဟိုပြုသင့်

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် နှစ်ဆန်းပိုင်းမှစ၍ ရပ်ကွက်၊ ကျေးရွာနှင့်လူစည်ကားရာ ဈေးလမ်းမများတွင် စည်ပင်ရေမြောင်းပေါ်မှ ကွန်ကရစ်လမ်းအထိ ဆိုင်ခန်းနှင့်အဆောက်များ တိုးချဲ့ ဆောက်လုပ်လာလျက်ရှိရာ လူသွားလမ်းပေါ်အထိ ဈေးရောင်းဈေးဝယ်ပြု၍ နေထိုင်လာခြင်းတို့ကြောင့် နေ့စဉ်သွားလာသည့်ပြည်သူများ အခက်အခဲ ကြုံတွေ့နေရပြီး မြောင်းကိုပိတ်၍ဆောက်လုပ်နေကြသည့်အတွက် မိုးရာသီတွင် ရေဝပ်ရေလျှံ မဖြစ်ပေါ်စေရန်နှင့် သွေးလွန်တုပ်ကွေးမဖြစ်ပေါ်စေရန် ဤနွေရာသီမှစ၍ ပိတ်ဆို့နေသော ရေမြောင်းများ၊ ရေမြောင်းပေါ်မှ အဆောက်အအုံများကို ပြည်သူတို့၏ ကျန်းမာရေး ရှုထောင့်အရဖယ်ရှားသင့်ပြီဖြစ်သည်။

ရေစီးရေလာ ရှိသောမြောင်းပေါ်တွင် တိုက်ခန်း၊ သွပ်မိုးသွပ်ကာ၊ ဓနိမိုးထရံကာအခန်းများဆောက်၍ (၁၀×၁၅) ပေတစ်ခန်းလျှင် ငွေကျပ်လေးသောင်းမှ တစ်သိန်းခွဲအထိ ငှားရမ်းလျက်ရှိသည်။ မတ်လမှစကာ ဈေးနှုန်းများ ငွေကျပ် ၁၀၀၀၀ မှ ၂၀၀၀၀ အထိ တိုးမြှင့်လာရာ လူနေထိုင်၍ ဈေးရောင်းခွင့်ရသော ဆိုင်ခန်းများ ငှားရမ်းမှုများလာသောကြောင့် ဈေးပိုရသောဆိုင်ခန်းများကို လမ်းနယ်နှင့်စည်ပင် ရေမြောင်းပေါ်တွင် ပိုမိုဆောက်လုပ်လာကြခြင်းဖြစ်သည်။

မြို့နယ်အတွင်း မိုးရာသီတွင် ရေဝပ်ရေလျှံ မဖြစ်ပေါ်စေရန်လှိုင်မြစ်အတွင်း စွန့်ပစ်ရေများစီးဆင်းနိုင်စေရန်၊ရေစီးမြောင်းကြီးများကို စက်ယန္တရားများဖြင့် ဆယ်ယူဖောက်လုပ်ထားပြီး ရပ်ကွက်အတွင်းမှ ရေဆိုးများ ရေမြောင်းကြီးများအတွင်းသို့ တိုက်ရိုက်စီးဆင်းနိုင်စေရန် စီမံဆောင်ရွက်ထားသည်။ သို့ရာတွင် ရေမြောင်းပေါ်တွင် အဆောက်အအုံ၊ ဈေးဆိုင်တန်းများဆောက်လုပ်လာခြင်းကြောင့် မြောင်းပိတ်ဆို့မှုဖြစ်၍ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်၊ ကျောင်းသား လူငယ်များအတွက် သွေးလွန်တုပ်ကွေးရောဂါစိုးရိမ်နေရသည်။ တာဝန်ရှိသူများ အနေဖြင့် ပြည်သူ့ကျန်းမာရေးကို ရှေးရှုကာ လမ်းနယ် စည်ပင်ရေမြောင်းပေါ်မှ အဆောက်အအုံများကိုတားမြစ် ဖယ်ရှားနိုင်လျှင် ယနေ့မြင်တွေ့ ဆောက်လုပ်နေသော ဥပဒေမဲ့ အဆောက်အအုံများ ဆက်လက်ဆောက်လုပ်နေကြမည် မဟုတ်ကြောင်း မိုးရာသီတွင် ကျန်းမာရေးအတွက် စိုးရိမ်လျက်ရှိသော ရပ်ကွက်ပြည်သူအချို့က ပြောဆိုဝေဖန်လျက်ရှိသည်။ **သန်းထိုက်(လှိုင်သာယာ)**

ငွေရတုမင်္ဂလာဆုတောင်းလွှာ

၂-၅-၂၀၁၄ ရက်တွင် ကျရောက်သော ပါပါ၊ ပါမောက္ခ ဒေါက်တာဦးနိုင်ဝင်းနှင့် မေမေ ဒေါ်ခင်မျိုးခိုင်တို့၏ (၂၅)နှစ်မြောက် ငွေရတုလက်ထပ်မင်္ဂလာရက်မြတ်မှ သည် နောင်နှစ်ပေါင်းများစွာတိုင်အောင် တစ်ဦးတည်းသော ချစ်သမီးလေးနှင့်အတူ သာယာချမ်းမြေ့ပြီး ပြည့်စုံကုံလုံသောဘဝကို စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် လျှောက်လှမ်းနိုင်ပါစေ။

သမီး ဒေါက်တာခိုင်ဝတ်ရည်သင်း(Honey)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၁၂၁၀၃ Heno Anbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးမောင် ၉/ကပတ(နိုင်)၁၇၈၁၃၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၄၃၂၆၉ Yinxiang 110 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းမြင့် ၉/မထလ(နိုင်)၂၂၆၇၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)

ပုလဲရတုမင်္ဂလာဆုတောင်းလွှာ

အဘ ဗိုလ်မှူးကြီးမျိုးမြင့်နှင့် အမ ဒေါ်မာမာဦး (မန်နေဂျင်းဒါရိုက်တာ၊ ပဋ္ဌညီနောင်မိသားစုရောင်းဝယ်ရေးကုမ္ပဏီလီမိတက်)တို့၏ ၂၀၁၄ ခုနှစ် မေ ၁ရက်တွင် ကျရောက်သော နှစ် ၃၀ ပြည့် ပုလဲရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် လောကီလောကုတ္တရာအကျိုးများ သယ်ပိုးဆောင်ရွက်နိုင်စေရန် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးနေဇော်ညွန့်(ဒါရိုက်တာ၊ ပဋ္ဌညီနောင်မိသားစုရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၊ မကွေးမြို့)-ဒေါ်ရည်မွန်သန်း၊ သမီး-မဖူးပွင့်နေခြည်
ပဋ္ဌညီနောင်မိသားစုရောင်းဝယ်ရေး မကွေးမြို့မှ ဝန်ထမ်းများ

တစ်ဦးတည်းဖြစ်ကြောင်း

ကျောက်ပန်းတောင်းမြို့နယ်၊ ညောင်တိုကျေးရွာအုပ်စု၊ စမ်းကုန်းကျေးရွာ သမီး မတင်နွယ်ဝင်း ၉/ကပတ(နိုင်)၂၇၃၉၃၁၏ အဘဖြစ်သူ ဦးအေးစန်း ၉/ကပတ(နိုင်)၀၅၉၂၇၉ မှာ ဦးအေးဆန်းအမည်နှင့် တစ်ဦးတစ်ယောက်တည်းဖြစ်ကြောင်း။ **ဦးမောင်နိုင်**

ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ညောင်တိုကျေးရွာအုပ်စု၊ ကျောက်ပန်းတောင်းမြို့နယ်

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျောက်ဖြူမြို့နယ်၊ တောင်ရင်းကျေးရွာအုပ်စု၊ စေတီယျကျေးရွာ၊ အမှတ်(၁၄)နေ ဦးခင်ဝင်း-ဒေါ်ခင်ပုတို့၏သား မောင်ကျော်စွာဝင်း ၁၁/ကဖန(နိုင်)၀၄၂၈၆၇ သည် မိဘမောင်နှမများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိဘများဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် အိမ်ပေါ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဖခင်- ဦးခင်ဝင်း ၁၁/ကဖန(နိုင်)၀၄၂၂၀၉
မိခင်- ဒေါ်ခင်ပု ၁၁/ကဖန(နိုင်)၀၀၆၈၉၅

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ကရင်ပြည်နယ်)
တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့မှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တရားဝင်အသိအမှတ်ပြုလိုင်စင်ရလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တည်နေရာ** — **လုပ်ငန်း**
ကရင်ပြည်နယ်၊ ဘားအံမြို့
(က) ခြောက်ခန်းတွဲနှစ်ထပ် RC 25'x153'x18'h Aluzic (၂)လုံး
(ခ) လေးခန်းတွဲနှစ်ထပ် RC 25'x102'x18'h Aluzic (၁)လုံး
(ဂ) နှစ်ခန်းတွဲနှစ်ထပ် RC 25'x51'x18'h Aluzic (၁)လုံး

၃။ **တင်ဒါရောင်းချမည့်ရက်နှင့် အချိန်** - တင်ဒါကြော်ငြာပါသည့်ရက်မှ ၂၆-၅-၂၀၁၄ ရက်အထိ နေ့စဉ် ၁၀း၀၀နာရီမှ ၁၆း၀၀နာရီအတွင်း

၄။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော လိုအပ်သည့်တင်ဒါပုံစံ၊ စည်းကမ်းချက်များ၊ ဗိသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ
ပြည်နယ်ဦးစီးမှူးရုံး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ကရင်ပြည်နယ်၊ ဘားအံမြို့၊ ဖုန်း-၀၅၈-၂၃၃၁၆

နှစ်ဦးသဘောတူကွာရှင်း

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ဉာဏသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ် ၃၃၈၆၊ အခန်း ၃၂ နေ ကွန်မ ဒေါ်သီတာလှိုင် ၁၂/ဒဂန(နိုင်)၀၂၇၇၆၅နှင့် ဦးသန်းဦး KMDE-၀၁၁၅၁၈ တို့သည် ၂၃-၇-၂၀၁၃ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၂)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူး ဦးညွန့် ရှေ့တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ ကွန်မနှင့် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သီတာလှိုင် ၁၂/ဒဂန(နိုင်)၀၂၇၇၆၅

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

အခွန်ကောက်ဥပဒေနှင့်ပြင်ဆင်ပြဋ္ဌာန်းထားသည့်အခွန်ဥပဒေ ပြဋ္ဌာန်းချက်များအားအခွန်ထမ်းပြည်သူများကိုရှင်းလင်းတင်ပြ

ရန်ကုန် မေ ၁

ပြည်တွင်းအခွန်များဦးစီးဌာန တောင်ဥက္ကလာပမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏အခွန်ကောက်ဥပဒေနှင့်ပြင်ဆင်ပြဋ္ဌာန်းထားသည့်အခွန်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို အခွန်ထမ်းပြည်သူများအားရှင်းလင်းတင်ပြသည့်အခမ်းအနားကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီက တောင်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တအုပ်ချုပ်ရေးမှူး ဦးကျော်ထွန်းက အမှာစကားပြောကြားပြီး တွဲဖက်မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးရဲထွဋ်က အခွန်ဥပဒေပြဋ္ဌာန်းချက်များကို ရှင်းလင်းတင်ပြပြီးနောက် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးခိုင်လှိုင်ကျင့်ထန်က အခွန်ဥပဒေပြဋ္ဌာန်းချက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

တက်ရောက်လာသည့်အခွန်ထမ်းပြည်သူများမှ မရှင်းလင်းသည့်ကိစ္စရပ်များ မေးမြန်းရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ဖြေရှင်းပေးခဲ့သည်။ **(၀၂၃)**

စဉ့်ကူးမြို့၌ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဆင်း

စဉ့်ကူး မေ ၁

စဉ့်ကူးမြို့ အမှတ်(၂)ရပ်ကွက် ရွှေကူကြီးအခြေခံပညာမူလတန်းလွန်ကျောင်းက ကြီးမှူးကျင်းပသည့် ကျောင်းသားလူငယ်များ အကျင့်စာရိတ္တမြင့်မားရေးနှင့် ဗုဒ္ဓစာပေအသိပညာများတိုးပွားရေးတို့ကို ရည်ရွယ်၍ နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီက အဆိုပါမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ ကျောင်းအုပ်ဆရာကြီး ဦးမြအေးနှင့်တာဝန်ရှိသူတို့က သင်တန်းတွင် အကြီးတန်းနှင့်အငယ်တန်း ပထမ၊ ဒုတိယနှင့်တတိယဆုရရှိကြသူများနှင့် သင်တန်းသားသင်တန်းသူများအား ဂုဏ်ပြုဆုလက်မှတ်နှင့် သင်တန်းဆင်းလက်မှတ်များ တစ်ဦးချင်းပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။ **(၄၃၃)**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး စဉ့်ကူးမြို့မရဲစခန်းနှင့်ရဲကင်းအချုပ်ခန်းများကြည့်ရှုစစ်ဆေး

စဉ့်ကူး မေ ၁

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးသောင်းညွန့်သည် မြို့နယ်တရားသူကြီး ဦးကျော်မြင့်ထွန်းလိုက်ပါ၍ ဧပြီ ၂၉ ရက်မွန်းလွဲ ၁ နာရီက စဉ့်ကူးမြို့သို့ ရောက်ရှိပြီး စဉ့်ကူးမြို့မရဲစခန်း၊ အချုပ်ခန်းနှင့် လက်ပန်လှနယ်မြေရဲကင်းများရှိ အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းတရားလွှတ်တော်တရားသူကြီးသည် အဆိုပါအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးကိုကိုလိုင်နှင့် ရဲကင်းမှူးများနှင့် တွေ့ဆုံကာ စဉ့်ကူးမြို့ လျှော်ဒဏ်သင့်ပြိုကျပျက်စီးခဲ့သည့် အချုပ်ခန်းအုတ်နံရံတိုင်းများ ပြိုကျပျက်စီးမှုအခြေအနေများ၊ အချုပ်သားထားရှိသည့် အချုပ်ခန်းတွင်းနံရံများ ခိုင်ခံ့လုံခြုံမှုရှိရေး၊ နယ်မြေရဲကင်းများတွင် အချုပ်သားများ မထားရှိရေးနှင့် စဉ့်ကူးမြို့မရဲစခန်းတွင်သာ လုံခြုံစိတ်ချစွာထားရှိရေးနှင့် အချုပ်သားများ တစ်နပ်စာကျွေးမွေးစားသောက်ကုန်ကျစရိတ်များကို မေးမြန်းစစ်ဆေးပြီး လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **(၄၃၃)**

မြန်မာ–ထိုင်း နယ်ခြားကော်မတီ မြို့နယ်အဆင့်ဆွေးနွေး

တာချီလိတ် မေ ၁

မြန်မာ-ထိုင်း နယ်ခြားကော်မတီ၏ (၇၉)ကြိမ်မြောက် နှစ်နိုင်ငံမြို့နယ်အဆင့် ဆွေးနွေးပွဲကို ဧပြီ ၂၈ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင်ကျင်းပရာ **(ယာပုံ)** ရှေးဦးစွာ တာချီလိတ်တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်စွာလင်း၊ တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် တာဝန်ရှိသူများက ဗိုလ်မှူးကြီးယုံယွတ်လောင်ခိတ်ကာဏ်း ဦးဆောင်သည့် ထိုင်းနိုင်ငံမှ နယ်ခြားကော်မတီဝင်များကို တာချီလိတ်မြို့ အမှတ်(၁) မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားတွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာ-ထိုင်း နယ်ခြားကော်မတီ၏ (၇၉)ကြိမ်မြောက် နှစ်နိုင်ငံ မြို့နယ်အဆင့် ဆွေးနွေးပွဲကို တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ဇန်းမွန်အာခါဟိုတယ်၌ ကျင်းပရာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ခိုင်မာရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍများ ပူးတွဲဆောင်ရွက်ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံပြည်သူများ ကြည်ညို ဖူးမြော်ကြသည့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့တွင် ကိန်းဝပ်စံပယ်တော်မူသော ဦးအောင်ဇေယျစေတီတော် ရွှေသင်္ကန်းကပ်လှူပွဲနှင့် ထီးတော်တင်လှူပွဲကျင်းပရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အာဆီယံသစ်တောစီမံချက်၊ တောင်တန်းခိုင်မာယှဉ်တွဲ ကျေးရွာစီမံချက်များ၊ နယ်စပ်ဖြတ်ကျော် မှုခင်းများ ပူးပေါင်းနှိမ်နင်းရေးနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကိစ္စရပ်များအား ရင်းနှီးချစ်ကြည်စွာ ဆွေးနွေးကြသည်။

ယင်းနောက် ထိုင်းနိုင်ငံကိုယ်စားလှယ်အဖွဲ့အား ဂိုးလ်ဒင်းချယ်ရီ ဟိုတယ်တွင် ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး ထိုင်းနိုင်ငံကိုယ်စားလှယ်အဖွဲ့သည် တာချီလိတ်ရွှေတိဂုံစေတီတော်နှင့် နိုင်ငံတော်သြဝါဒါစရိယ နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ကြီးတို့အား ဖူးမြော်ကြည်ညိုကြကာ တာချီလိတ်မြို့တွင်း လှည့်လည်လေ့လာကြည့်ရှုကြသည်။

မောင်ယဉ်ကျေး

သစ္စာအေးမြိုင်ကျေးရွာ ဆိုလာမီး၊ လမ်းတံတားနှင့် ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်

ဘားအံ မေ ၁

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသ သစ္စာအေးမြိုင်ကျေးရွာတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ အေအေအာရ်ဂျပန်တို့၏ ဆိုလာမီးလင်းရေး၊ လမ်းတံတားနှင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ဖွင့်ပွဲကို ဧပြီ ၂၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားသည်။ ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်နယ် ဦးစီးမှူး ဦးနေဦးက ဆိုလာမီးလင်းရေးလုပ်ငန်းနှင့်ပတ်သက် ၍ ရှင်းလင်းတင်ပြကာ အေအေအာရ် ဂျပန်မှ မစ်ယူမီကိုခါကူဒါက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍အေအေအာရ်ဂျပန်မှဆောင်ရွက်သော ကတ္တရာလမ်းသစ်အား လှိုင်းဘွဲ့မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇေဝဏ္ဏလှိုင်၊ အေအေအာရ်ဂျပန်မှ မစ်ယူမီကိုခါကူဒါ၊ မြိုင်ကြီးငူအထူးဒေသမှ မြို့မိမြို့ဖ ဦးဝင်းကြည်တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သော ဗဟိုဖြန့်ဖြူးရေးစနစ်ဖြင့် ဆိုလာမီးလင်းရေးလုပ်ငန်းကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်၊ မြိုင်ကြီးငူအထူးဒေသ မြို့မိမြို့ဖ ဦးဝင်းကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ဗဟိုဖြန့်ဖြူးရေးစနစ်ဖြင့် ဆိုလာမီးလင်းရေးလုပ်ငန်း၏ Main Switch ကို ပြည်နယ်ဝန်ကြီးချုပ်က နှိပ်၍ဖွင့်ကာ ဆိုလာမီးလင်းရေးလုပ်ငန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
တတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန လက်အောက်ရှိ တောင်ငူ လျှော်ရွေးလျှော်ထုပ်စက်ရုံအား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ နှစ်ရှည်ငှားရမ်းခြင်း ဆောင်ရွက်မည်ဖြစ်သဖြင့် ငှားရမ်းမှုအိတ်ဖွင့်တင်ဒါ ဈေးနှုန်းပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ၂-၅-၂၀၁၄ရက်မှ စတင်ရောင်းချပေးမည်ဖြစ်ပြီး တင်ဒါပိတ်မည့်ရက်မှာ ၃၀-၅-၂၀၁၄ရက် ၁၃း၀၀နာရီဖြစ်ပါသည်။ တင်ဒါပုံစံဝယ်ယူရန်နှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါ လိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရုံးအမှတ်(၅၀)၊ နေပြည်တော်
ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၃၁၁၂၂၊ ၀၆၇-၄၃၁၃၁၃

ကျန်းမာရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး-မုံရွာမြို့
အိတ်ဖွင့်တင်ဒါပိတ်မည့်နေ့ရက် ပြင်ဆင်သတ်မှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ မြို့နယ်များတွင် ဆေးရုံ/ကျန်းမာရေးဌာန/ဝန်ထမ်းအိမ်ရာအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးကုမ္ပဏီ/အဖွဲ့အစည်းများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်းကို ၇-၄-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာခဲ့သည့် အိတ်ဖွင့်တင်ဒါပိတ်မည့် ၇-၅-၂၀၁၄ရက် ညနေ ၄း၃၀နာရီအစား ၂၁-၅-၂၀၁၄ရက် ၄း၃၀နာရီသို့ ပြင်ဆင်သတ်မှတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၇၁-၂၂၆၁၅၊ ၀၇၁-၂၂၇၁၅သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **တင်ဒါရွေးချယ်ရေးကော်မတီ**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တိုင်းရင်းဆေးပညာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးမှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) ရွှေဘိုမြို့ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံတည်ဆောက်ခြင်း
(၂) ရွှေဘိုမြို့ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံဝင်းအတွင်း ဝန်ထမ်းအိမ်ရာ လေးထပ်တည်ဆောက်ခြင်း
(၃) မြင်းမူမြို့ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံတည်ဆောက်ခြင်း
(၄) မြင်းမူမြို့ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံဝင်းအတွင်း ဝန်ထမ်းအိမ်ရာ လေးထပ်တည်ဆောက်ခြင်း

၂။ အသေးစိတ်သိရှိလိုပါက တိုင်းရင်းဆေးပညာဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး ဖုန်း-၀၇၁-၂၂၈၇၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါလျှောက်လွှာရယူမည့်ရက် - ၃၀-၄-၂၀၁၄ ရက်မှ ၂၂-၅-၂၀၁၄ ရက်
တင်ဒါတင်သွင်းရမည့်နေရာနှင့်နေ့ရက် - တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး၊ မုံရွာမြို့၊ ၂၆-၅-၂၀၁၄ရက် ညနေ ၁၆း၀၀ နာရီ
တင်ဒါဖွင့်ရက် - ၂၇-၅-၂၀၁၄ ရက်

တင်ဒါစိစစ်ရေးကော်မတီ

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ နယ်မြေ ၅ နေ ဦးသောင်းမြင့်၏သမီး မအေးအေးနိုင် ၉/မထလ(နိုင်)၁၁၈၂၃၆ သည် မိဘများအား စိတ်ဆင်းရဲမှုများ ပြုလုပ်ခဲ့သည့်အပြင် နေအိမ်မှ မိမိဆန္ဒသဘောဖြင့် ဆင်းသွားပါသဖြင့် သမီးအဖြစ်မှစွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Dell Optiplex 9020 Desktop Computer
(ခ) Cannon Color Copier C2220
(ဂ) HP 2055 Printer
(ဃ) Color Copier ဆေးဘူး
(င) HP 96/97, HP 45/78 Color ဆေးဘူး
(စ) USB Mouse
(ဆ) CD/DVD ခွေများ

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၅-၅-၂၀၁၄ ရက်မှ ၇-၅-၂၀၁၄ ရက်အထိ ရုံးချိန်အတွင်း၊ ရုံးအမှတ် ၁၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ကွန်ပျူတာစစ်တမ်းကဏ္ဍတွင် ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၇၁၀၉၊ ၀၆၇-၄၀၇၀၉၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးကြီးကြပ်မှုကော်မတီ
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဖခင်အမည်မှန်

တောင်ငူမြို့၊ အမှတ်(၁) အထက၊ တတိယတန်း(A)မှ မခိုင်မြင့်မိုရ်ထက်၏ ဖခင်အမည်မှန်မှာ ဦးလှမျိုး(ခ)ဦးတိုးဝေ ဖြစ်ပါကြောင်း။

ဦးလှမျိုး(ခ)ဦးတိုးဝေ
၇/ရတရ(နိုင်)၀၅၅၇၂၄
အမှတ်(၈)ရပ်ကွက်၊ တောင်ငူမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၆က/၈၂၁၆၊ Toyota Mark II GX81 SL(4x2) ဦးသက်နိုင်ထွဋ် ၁၂/ဥကပ(နိုင်)၁၄၆၈၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မူဆယ်)**

အရန်သားဖွားဆရာမသင်တန်း(၂/၂၀၁၃) စတုတ္ထအသုတ်သင်တန်းဆင်းပွဲ ပခုက္ကူ၌ကျင်းပ

ပခုက္ကူ မေ ၁

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ခဲ့သည့် အရန်သားဖွားဆရာမသင်တန်း (၂/၂၀၁၃) စတုတ္ထအသုတ်သင်တန်းဆင်းပွဲနှင့် အရန်သားဖွားဆရာမသုံး Kit ပုံးပေး အပ်ပွဲကို ဧပြီ ၂၉ ရက် နံနက် ၉ နာရီတွင် ပခုက္ကူမြို့ အထွေထွေ ရောဂါကု ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စိုးထင်က အမှာစကားပြောကြားသည်။ ယင်းနောက် ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်မေသွင်က သင်တန်း ဖွင့်လှစ်လေ့ကျင့်ပို့ချဆောင်ရွက်ပေးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သင်တန်းထူးချွန်ဆု ပထမဆုရ မအေးစုခိုင်(ချိုက်ကျေးရွာ)အား ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးထင်ကလည်းကောင်း၊ ဒုတိယဆုရ မအိအိမော်(လက်ပံချောင်းကျေးရွာ) အားမြို့နယ် ဖွံ့/ထောက် ကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းကလည်းကောင်း၊ တတိယဆုရ မနီနီဝင်း (ရာကော်ခုံကျေးရွာ)အား မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းကလည်းကောင်း၊ သင်တန်းဆင်းလက်မှတ်များကို ဆေးရုံ အုပ်ကြီး ဒေါက်တာခင်မေသွင် ကလည်းကောင်းပေးအပ်ပြီး သားဖွား ဆရာမသုံး Kit ပုံးများကို မြို့နယ် သူနာပြု ဆရာမကြီး ဒေါ်တင်တင်ခိုင် ကလည်းကောင်း ပေးအပ်လိုက်ကြောင်း သိရသည်။

မင်းအောင်

အောင်မြေသာစံမြို့နယ်ပြည်လုံးချမ်းသာရပ်ကွက် မိုးခေါ်လွန်ဆွဲပွဲကျင်းပ

မန္တလေး မေ ၁

မန္တလေး အောင်မြေသာစံမြို့နယ် ကျုံးအနောက်ဘက်ရှိ ပြည်လုံးချမ်းသာရပ်ကွက် ရပ်မိရပ်ဖများ၏ ရိုးရာ မိုးခေါ်လွန်ဆွဲပွဲကို ဧပြီ ၂၉ ရက် ညနေ ၅ နာရီက အောင်မြေသာစံမြို့နယ် ၈၂ လမ်း၊ ၁၅×၁၆ လမ်းကြား ညောင်ကန် တန်း ဓမ္မာရုံရှေ့လမ်းမပေါ်တွင် ကျင်းပရာ ပြည်လုံးချမ်းသာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ မီးသတ်နှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒေသခံရပ်ကွက် ပြည်သူများ တက်ရောက်အားပေးကြသည်။

မန္တလေးမြို့တော်သူ မြို့တော်သားများ ပူပြင်းသောရာသီဥတု၏ အပူဒဏ်ကင်းဝေးစေ၍ ရာသီဥတုအပူအအေး မျှတစေလိုခြင်းအလို့ငှာ အေးအေးချမ်းချမ်းဖြင့် နေထိုင်ရင်း အမျိုးဘာသာသနာအကျိုးများကို ငြိမ်းချမ်းစွာ ဆောင်ရွက်လိုသော ရည်ရွယ်ချက်တို့ဖြင့် ရပ်ကွက်မှဒေါ်ဝါဝါမြင့်၊ ဒေါ်မြင့်မြင့်ရီ၊ ဒေါ်မြင့်မြင့်ကြည်ဦးဆောင်သော အဖွဲ့စသည့်အဖွဲ့တို့အပါအဝင် ဒေသခံပြည်သူများ စုပေါင်းပါဝင်ကြပြီး ဧပြီ ၂၉ရက် ညနေ ၅နာရီက မိုးခေါ်လွန်ဆွဲပွဲကို အဆိုအက သံချပ်တို့ဖြင့် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြရာ အမျိုးသမီးအဖွဲ့က နိုင်ပွဲဆက်သွားပြီး ဧပြီ ၂၇ ရက် ပထမရက် မိုးခေါ်လွန်ဆွဲပွဲတွင် အမျိုးသားများက အနိုင်ရရှိခဲ့၍ ဒုတိယနေ့တွင် အမျိုးသမီးအဖွဲ့များက အနိုင်ရရှိသွား သဖြင့် ဒေသခံပြည်သူများ ဝမ်းသာပျော်မဆုံးရှိသည်ကို တွေ့ရသည်။

တင်မောင်(မန်းကိုယ်ပွား)

စဉ်ဆက်မပြတ်သူနာပြု ပညာရေးဟောပြောဆွေးနွေး

ထားဝယ် မေ ၁

မြန်မာနိုင်ငံသူနာပြု သားဖွား အသင်းနှင့်တနင်္သာရီတိုင်းဒေသကြီး သူနာပြု သားဖွားအသင်းတို့ ပူးပေါင်း ကျင်းပသော စဉ်ဆက်မပြတ်သူနာပြု ပညာရေး ဟောပြောဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ် မြို့ ထားဝယ်သူနာပြုသင်တန်း ကျောင်း၌ကျင်းပရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးသန်းအောင်က အမှာစကားပြော ကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သူနာ ပြုနှင့် သားဖွားအသင်းပညာရေးအဖွဲ့ အတွင်းရေးမှူးက Post Abortion Care ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တိုင်းဒေသသူနာပြုနှင့် သားဖွား အသင်း၊ ရေဖြူမြို့နယ်အသင်းခွဲက AN Care ခေါင်းစဉ်ဖြင့်လည်း ကောင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း ဗဟိုအလုပ်အမှု ဆောင်က Family Planing ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာ နိုင်ငံသူနာပြုနှင့် သားဖွားအသင်း ဗဟိုအလုပ်အမှုဆောင်က New Born Care ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Mosia Co.,td. Nutrition Manager ဒေါက်တာနှင်းနှင်းယုက Nutrition From the Heart ခေါင်းစဉ် ဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။

မိုးရွှေသွန်း-ထားဝယ်

အထက်ချင်းတွင်းဒေသဖွံ့ဖြိုးရေးအတွက် ချင်းတွင်းတံတားဆောက်လုပ်

ကလေးဝ မေ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် မစိန်ချောင်ကျေးရွာအုပ်စု ၁၂ အုပ်စုရှိ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆည်ကြီး-ယုဇလယ်လမ်းပေါ်ရှိ ဆည်ကြီးတံတားကို ဆောက်လုပ်နေရာ အရည်အသွေးပြည့်မီရေးနှင့်သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးရေး အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှုကို ခံယူကာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး သည် ဧပြီ ၃၀ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆည်ကြီးတံတားသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် သန်း ၂၄၀ဖြင့် ဆောက်လုပ်နေသော တံတားဖြစ်ပြီး တံတားအရှည်မှာ ပေ ၂၄၀ ရှိကာ တံတားအကျယ်မှာ ၁၄ ပေရှိကြောင်း သိရသည်။ အဆိုပါ ဆည်ကြီးတံတားတည်ဆောက်ခြင်းအားဖြင့် ကလေးဝမြို့နယ် မစိန်ချောင် ကျေးရွာအုပ်စုများနှင့်ဂဇက်ချောင်ကျေးရွာအုပ်စုများရှိ ကျေးရွာ ၅၀ နှင့် လူဦးရေ နှစ်သောင်းကျော်အတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာရုံသာမက မော်လိုက်မြို့နယ် ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းကျေးရွာများ၊ ဖောင်းပြင်မြို့နယ်ရှိ ကျေးရွာများသည် သက္ကယ်ကျင်း- ဖောင်းပြင်လမ်း (ဗျူဟာလမ်း)မှ တစ်ဆင့် သော်လည်းကောင်း၊ ကလေးဝ-ရေဦးလမ်းမှသော်လည်းကောင်း မုံရွာ၊ မန္တလေးမြို့များသို့ လွယ်လင့်တကူ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

သျှင်နေမင်း

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာနေတောင်သူများ မိုးခေါင်နေသော ကြောင့် စိုက်ပျိုးရန် ရေလိုအပ်လျက်ရှိရာ မိုးခေါ်လွန်ဆွဲပွဲကို ဧပြီ ၂၉ ရက် ညပိုင်းက စည်ကားစွာ ပြုလုပ်နေသည်ကို တွေ့ရစဉ်။ (သက်ထက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
မန္တလေးအဝေးသင်တက္ကသိုလ်
ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၃ ပညာသင်နှစ်အတွက် ၂၀၁၃ခုနှစ် အောက်တိုဘာ/နိုဝင်ဘာလများတွင် ကျင်းပ ခဲ့သော မန္တလေးအဝေးသင်တက္ကသိုလ်၏ တတိယနှစ် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ စတုတ္ထနှစ် ဥပဒေပညာ (ဘွဲ့)၊ စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ကြသည့် တောင်ကြီး၊ မကွေး၊ မုံရွာ၊ မြစ်ကြီးနား၊ ရတနာပုံ၊ မိတ္ထီလာ၊ ပခုက္ကူ၊ ကျောက်ဆည်၊ ကလေး၊ လွိုင်ကော်၊ ပင်လုံ၊ လားရှိုး၊ ရွှေဘို၊ ကျိုင်းတုံ၊ ဗန်းမော်၊ ရေနံချောင်း၊ မိုးညှင်း၊ မြင်းခြံဌာနခွဲများမှ ကျောင်းသား ကျောင်းသူ များသည် (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူ ရန် လျှောက်ထားနိုင်ကြပါသည်။

၂။ လျှောက်လွှာပုံစံကို (၂×၁½)လက်မအရွယ် ဓာတ်ပုံအသစ်နှစ်ပုံနှင့် မှတ်ပုံတင်မိတ္တူ တစ်စုံ ပူးတွဲ၍ ၂-၅-၂၀၁၄ရက်မှ ၃၀-၅-၂၀၁၄ရက်အထိ နောက်ဆုံးထား၍ လျှောက်ထား ရပါမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်ယူလိုသူ ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ိ/- (ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက် ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည် ဘွဲ့နှင်းကြေး ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို ပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့ဖြေဆိုအောင်မြင်ခဲ့သည့် ဌာနခွဲများတွင် ဝယ်ယူရရှိနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြည့်စွက်၍ အဝေးသင်တက္ကသိုလ်သို့ ပေးသွင်းရန် ကျန်ရှိ သော အခကြေးငွေများကို ကျေလည်အောင်ပေးဆောင်ပြီးကြောင်း ထောက်ခံချက်ရယူ၍ သတ်မှတ်ဘွဲ့နှင်းကြေးများကို မိမိစာမေးပွဲအောင်မြင်ခဲ့သည့်ဌာနခွဲတွင် ပေးသွင်းလျှောက်ထား ရမည်။

၆။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို သက်ဆိုင်ရာဌာနခွဲသို့ စာတိုက် ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေ၌ ဘွဲ့နှင်း သဘင်ကြေးဟု ထင်ရှားစွာရေးသား၍ လျှောက်လွှာရှင်အမည်၊ ခုံအမှတ်၊ အထူးပြုဘာသာ စသည်တို့ကို တိကျစွာဖော်ပြရပါမည်။

၇။ လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြင့်ဖြည့်စွက်၍ မိမိတို့နှင့် သက်ဆိုင်ရာဌာနခွဲမှတစ်ဆင့် စိစစ်ခြင်း၊ ကျသင့်ငွေပေးသွင်းခြင်းမပြုလျှင်သော်လည်းကောင်း၊ အချိန်မီ မလျှောက်ထားလျှင် သော်လည်းကောင်း မန္တလေးအဝေးသင်တက္ကသိုလ်က ဘွဲ့နှင်းပေးမည်မဟုတ်ပါ။

၈။ ယခင်ပညာသင်နှစ်များမှ စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၉။ ၂၀၁၃ ပညာသင်နှစ်တွင် ဘွဲ့ရရှိသူများမှာ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ **(အမှန်တကယ်)** ဘွဲ့တက်ရောက်ယူနိုင်ခြင်းမရှိသူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားကြရန်ဖြစ်သည်။

၁၀။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန် မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

(ရွှေလတ်ဇင်)
မော်ကွန်းထိန်း
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန
မန္တလေးအဝေးသင်တက္ကသိုလ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို မြန်မာ ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့်တည်ဆောက်ရေးပစ္စည်းများ၏ အမျိုးအစား၊ ဝယ်ယူလိုသည့် အသေးစိတ် စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို သက်ဆိုင်ရာ ခရိုင်အင်ဂျင်နီယာမှူးရုံး၏ ကြော်ငြာသင်ပုန်းတွင် ၁၂-၅-၂၀၁၄ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနများတွင် ၈-၅-၂၀၁၄ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလျှောက်လွှာပိတ်ရက်	- ၂၂-၅-၂၀၁၄ ရက်၊ ၁၂း၀၀ နာရီ
တင်ဒါဖွင့်မည့်ရက်	- ၂၂-၅-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ
ဝယ်ယူမည့်နေရာ	- ခရိုင်အင်ဂျင်နီယာမှူးရုံး ကျောက်ဆည်
	- မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊ ကျောက်ဆည်
	- မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊ စဉ့်ကိုင်
	- မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊ မြစ်သား
	- မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊ တံတားဦး
	- ဖုန်း-၀၆၆-၅၀၄၂၃

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းအတွက် Copier A3, Fax Machine Scanner A4,Ups များဝယ်ယူရန်နှင့် CCTV with Installation တပ်ဆင်ခြင်း လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက်	- ၂-၅-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်	- ၂-၆-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန်	- ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂၊ ၄၁၀၃၉၁

Shwe Taung Cement Co.,Ltd.
ဘိလပ်မြေသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

Shwe Taung Cement Co.,Ltd. ၏ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ပြည်ညောင်ကျေးရွာအနီးရှိ တစ်ရက်လျှင် တန် ၁၅၀၀ ကျ ဘိလပ်မြေစက်ရုံမှ ဘိလပ်မြေ တန် ၃၀၀ ကို ပြည်ညောင်စက်ရုံမှ ရန်ကုန်သို့အရောက် နေ့စဉ် စဉ်ဆက်မပြတ်ပေးပို့သော လုပ်ငန်းအား အပ်နှံဆောင်ရွက်လိုပါသည်။

သို့ဖြစ်ပါ၍ အဆိုပါဘိလပ်မြေသယ်ယူပို့ဆောင်ရေးလုပ်ငန်းအား စိတ်ဝင်စားသူ လုပ်ငန်း ရှင်များမှ အောက်ဖော်ပြပါလိပ်စာတွင် မေ ၁၀ ရက် ၂၀၁၄ခုနှစ် နောက်ဆုံးထား၍ အိတ်ဖွင့် တင်ဒါ လာရောက်တင်သွင်းနိုင်ပါသည်။

Shwe Taung Cement Co.,Ltd.
Union Business Center
အမှတ် ၉၄၊ အဆောက်အအုံ A၊ နတ်မောက်လမ်း၊
ဗိုလ်ချုပ်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၈၆၀၃၃၄၈၊ ၈၆၀၃၃၄၉၊ ၈၆၀၃၃၅၀

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ရရှိရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် မေ ၁

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အအေးခန်းနှင့် ရေခဲစက်လုပ်ငန်းရှင်များသည် ဧပြီ ၂၉ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့ အစည်းအဝေးခန်းမ၌ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ရရှိရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လတ်က ယခုနှစ်တွင် တစ်နိုင်ငံလုံး မဟာဓာတ်အားလိုင်းရှိသည့် နေရာတိုင်းတွင် လျှပ်စစ်မီး ၂၄ နာရီရရှိနေမှု အခြေအနေများကို ပဏာမ ရှင်းလင်းပြောကြားသည်။

ထို့နောက် အအေးခန်းနှင့် ရေခဲစက်လုပ်ငန်းရှင်များက ယခုနှစ်နွေရာသီတွင် လျှပ်စစ်မီးအပြည့်အဝရရှိသည့်အတွက် လုပ်ငန်းများ အဆင်ပြေကြောင်းနှင့် လျှပ်စစ်ဓာတ်အား နှုန်းထားခများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြရာ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် ဓာတ်အားဖြန့်ဖြူးရေးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးစောဝင်းမောင်တို့က ပြန်လည်ဆွေးနွေးကြပြီး အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လတ်က လျှပ်စစ်မီး စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အနေဖြင့် အထူးကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

သောက်သုံးရေအခက်အခဲမှ လွန်မြောက်လာသည့် ရေစကြိုမြို့နယ်က ခင်မွန်ရွာ

မကွေးတိုင်းဒေသကြီးသည် အပူပိုင်းမိုးနည်းဒေသဖြစ်သကဲ့သို့ ရေရှားပါးသည့်အရပ်ဟု အများကသိနေကြသည်။အမှန်တကယ်လည်း ရေရှားပါးသည့် ဒေသဖြစ်ခဲ့သည်။ တပ်မတော်အစိုးရလက်ထက်မှာ ဆည်တမံဆောက်လို့ရမည့်နေရာတွင် ဆည်တမံဆောက်၊ လျှပ်စစ်မြစ်ရေတင်လုပ်လို့ရမည့်နေရာတွင် လျှပ်စစ်မြစ်ရေတင်လုပ်၊ စက်ရေတွင်းတူးလို့ရမည့်နေရာတွင် စက်ရေတွင်းတူး၊ ရေရရှိရေးနည်းလမ်းအမျိုးမျိုးနဲ့ ကြိုးပမ်းပေးခဲ့သကဲ့သို့ စက်ရေတွင်းအလှူရှင်များလည်း ပါဝင်လာခဲ့သဖြင့် ကျေးရွာအတော်များများ သောက်သုံးရေအဆင်ပြေခဲ့ကြသည်။ ထိုအထဲတွင် ရေစကြိုမြို့နယ်က ခင်မွန်ရွာလည်း ပါခဲ့သည်။ အိမ်ခြေ ၂၁၅ အိမ်၊ အိမ်ထောင်စု ၂၃၅ စု၊ လူဦးရေ ၁၀၀၀ ခန့် နေထိုင်သည့် ခင်မွန်ရွာသူရွာသားများသည် ရက်ကန်းလုပ်ငန်း၊ သိုး၊ ဆိတ်မွေးမြူရေးလုပ်ငန်း၊ ထန်းတောင်သူလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းမှုပြုကြောင်း သိရသည်။

"ကျွန်တော်တို့ရွာမှာ ဟိုတုန်းက သောက်သုံးရေခက်ခဲတဲ့ရွာ ဖြစ်ပါတယ်။ စားဝတ်နေရေးကလည်း သိပ်အဆင်မပြေဘူး။ တပ်မတော်အစိုးရလက်ထက်မှာ ခင်မွန်ဆည်ကို ဆောက်ပေးခဲ့လို့ အခုတော့ နွေစပါး၊ မိုးစပါး အကျိုးများနေပါပြီ။ ဆည်အကျိုးကြောင့် ရေတွင်းတွေလည်း ရေမျက်နှာပြင် မြင့်တက်လာသလို ရေအရည်အသွေးလည်းကောင်း လာပါတယ်။ ကျွန်တော်တို့ရွာမှာ ရေတွင်း လေးတွင်းပဲရှိတာ။ နှစ်တွင်းက သောက်ရေ၊ ကျန်နှစ်တွင်းက သုံးရေခွဲထားတယ် ရေတွင်းကအတောင် ၄၀ နက်တယ်။ အစောကြီးထပြီးတန်းစီပြီးမှ သောက်ရေတစ်အိုးရတာ။ စက်ရေတွင်းတူးတော့လည်း ရေက ငန်တယ်။ ပြီးခဲ့တဲ့ မိုးနှောင်းမိုးကောင်းခဲ့လို့ ဆည်အတွင်း ရေဝင်မှုအားကောင်းလာတယ်။ ဒါကြောင့် ကျေးရွာပြည်သူတွေ သောက်သုံးရေအဆင်ပြေဖို့နဲ့ မီးဘေးကြိုတင်ကာကွယ်ရေး စိတ်အေးရအောင်ဆိုပြီး နှစ်ပေါင်းများစွာ အဝေးရောက်နေတဲ့ ကျွန်တော်တို့ရွာသား ရေဆင်း ဦးအောင်သန်း-ဒေါ်ခင်နှောင်းမိသားစုတို့က ငွေကျပ်သိန်း ၁၀၀ ကျော် အကုန်အကျခံပြီးတော့ ဆည်ထဲက ရေကိုစုပ်တင်ဖို့ အင်ဂျင်စက် ကန်ပေါင်ပေါ်မှာ အလျား ၂၅ တောင်၊ အနံ ၂၅ တောင်၊ အမြင့် ၅ တောင် နှစ်ခန်းတွဲ ရေကန်တစ်ကန် **(အပေါ်ပုံ)** ကို တစ်မိုင်ခန့်ဝေးတဲ့ ရွာအရောက် ပိုက်သွယ်တန်းပြီး ရွာရဲ့အဓိကကျတဲ့ နေရာမှာ ရေသိုလှောင်ကန် ၁၁ ကန် တည်ဆောက်ပေးထားတဲ့အတွက် အခုဆို ရွာထဲမှာ အလှူအတန်းလုပ်ရင်လည်း ရေကို ဖောဖောသီသီသုံးလို့ရသလို၊ မီးဘေးကာကွယ်ရေးအတွက်လည်း အားထားရပြီး သောက်သုံးရေအခက်အခဲလည်း လွန်မြောက်ခဲ့ပါပြီ" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်သန်းရွှေက ပြောကြားသည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရက သောက်သုံးရေရရှိရေးနှင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးနေသလို တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များကလည်း အကောင်အထည်ဖော်၊ အလှူရှင်များကလည်း ပါဝင်အားဖြည့်လှူဒါန်းကြသည့်အတွက် ယခုဆိုလျှင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးများအတွင်းရှိ ကျေးလက်ဒေသအများအပြားသည် သောက်သုံးရေခက်ခဲမှုမှ လွန်မြောက်လျက်ရှိနေမှုများကို မုဒိတာပွား ရေးသားအပ်ပါသည်။

ဖေထွဏ်းဇော်-ရေစကြို

မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ငှက်စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်

နေပြည်တော် မေ ၁

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဝန်ထမ်းများသည် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (FFI) မှ ဂျာမနီနိုင်ငံသား ငှက်ပညာရှင်နှစ်ဦးနှင့်အတူ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် အနီးဝန်းကျင်ဧရိယာများ (ဂယက်ကြီးကျွန်း၊ ငါးမန်းသောင်၊ ကတုံကလေးကျွန်း၊ ကျွန်းသာယာ)တွင် ငှက်မျိုးစိတ်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို မကြာမီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ယခု ကောက်ယူရရှိသည့် စာရင်းများအရ ဆောင်းခိုငှက်မျိုးစိတ်များမှာ ယခင်နှစ်အလားတူကာလထက် ပိုမိုများပြားစွာတွေ့ရှိရကြောင်း၊ အဓိကတွေ့ရှိရသော ဆောင်းခိုငှက်မျိုးစိတ်များမှာ ခရုစုပ်ခေါင်းမည်း (Black - headed Ibis)၊ ခရုတုတ် (Asian Open-bill)၊ စင်ရော်ကြီး(Brown-headed Gull)၊ (Black-headed Gull)၊ (Pallas's Gull)၊ မြစ်တွေး (Capian Tern)၊ နှုတ်သီးကောက် (Eurasian Curlew)၊ (Whimbrel) စသော မျိုးစိတ်များအားရာနှင့်ချီသောအုပ်စုများအဖြစ် ပေါများစွာတွေ့ရှိခဲ့ ကြောင်း၊ ငါးမန်းသောင်ဧရိယာတွင် မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသော မျိုးစိတ် (Critically endangered species) စာရင်းဝင် ဆောင်းခိုငှက် မျိုးစိတ်များဖြစ်သော ရေညှော်နှုတ်သီးဝိုင်း (Spoon-billed Sandpiper) တစ်ကောင်နှင့် မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ် (Endangered species) စာရင်းဝင် ကမ်းခြေငှက် (Nordman's Green-shank) ၂၅ ကောင်တို့အား ၂၀၁၃ ခုနှစ် နိုဝင်ဘာလစာရင်းကောက်ယူစဉ်တွေ့ရှိခဲ့ သော တည်နေရာနှင့် (၁ ဒသမ ၅)ကီလိုမီတာခန့်အကွာ နေရာတွင် တွေ့ရှိခဲ့ရကြောင်း၊ ယင်းသို့တွေ့ရှိရခြင်းသည် ဆောင်းခို ငှက်မျိုးစိတ်များ ဆောင်းရာသီကာလတစ်လျှောက်လုံး ကျက်စားနေထိုင်မှု အထောက်အထားတစ်ရပ်ဖြစ်၍ အဖိုးတန်မှတ်တမ်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လပွတ္တာလုပ်ကြီး-ချောင်းဝချောင်းကူးတံတားသစ်ဖွင့်

မော်လမြိုင်ကျွန်း မေ ၁

ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သော မော်လမြိုင်ကျွန်းမြို့နယ် လပွတ္တာလုပ်ကြီးကျေးရွာအုပ်စု လပွတ္တာလုပ်ကြီး-ချောင်းဝရန်အောင်အမှတ်(၂)ချောင်းကူးတံတားသစ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၅ ရက် မွန်းတည့် ၁၂ နာရီက ရန်အောင်အမှတ်(၂)ချောင်းကူးတံတားထိပ်၌ ကျင်းပသည်။ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုလွင်က လမ်း-တံတားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး လပွတ္တာလုပ်ကြီး-ချောင်းဝတံတားအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းသိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ လပွတ္တာလုပ်ကြီး-ချောင်းဝရန်အောင်အမှတ်(၂) တံတားအား ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေမှ ကျပ်သိန်း ၃၀ ဖြင့်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး တံတားအရှည် ၅၅ ပေ၊ တံတားအကျယ် ခုနစ်ပေရှိသော ချောင်းကူးတံတားဖြစ်ပြီး ရန်အောင်အမှတ်(၂)ချောင်းဝတံတား ဆောက်လုပ်ပြီးစီးသွားသဖြင့် အနီးအပါးကျေးရွာငါးရွာတို့၏ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလွယ်ကူသွားပြီဟု သိရသည်။ **အောင်မြင့်**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
မဟာဝိဇ္ဇာသင်တန်းအတွက် သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် မဟာဝိဇ္ဇာ(အင်္ဂလိပ်ဘာသာကို နိုင်ငံခြားဘာသာအဖြစ် သင်ကြားခြင်း) ပထမနှစ်သင်တန်းကို ၂၀၁၄ခုနှစ် ဇွန်လတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။
၂။ သင်တန်းတက်ရောက်လိုသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) မဟာဝိဇ္ဇာ (အင်္ဂလိပ်ဘာသာကို နိုင်ငံခြားဘာသာအဖြစ် သင်ကြားခြင်း)ပထမနှစ်သင်တန်း တက်ရောက်ရန် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။
၃။ ၂၀၁၄ခုနှစ် မေ ၂၃ရက် နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းကြရမည်။ သင်တန်းဝင်ခွင့်ကြေညာချက်အပြည့်အစုံကို ရုံးချိန်အတွင်း မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၀၂-၇၇၂၇၄

တစ်ဦးတည်းဖြစ်ကြောင်း
ဦးဆဒစ်အာမက်၏ သမီး မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အမက (၆) အထွေထွေလုပ်သား KMW -၀၈၉၁၆၄ ကိုင်ဆောင်သူ မသန်းအေး(ခ)မခင်အေးသည် တစ်ဦးတည်းဖြစ်ကြောင်း။ **မသန်းအေး(ခ)မခင်အေး**

စက်မှုဝန်ကြီးဌာန
အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ အကောင်အထည်ဖော်လျက်ရှိသောစီမံကိန်းများ၏ အောက်ပါလုပ်ငန်းရပ်များအား ဆောင်ရွက်သွားလိုပါသည်-
(က) ကုန်တင်မော်တော်ယာဉ်ထုတ်လုပ်မှုစီမံကိန်း(ရန်ကုန်)
(၁) Bus Bar Duct တပ်ဆင်ခြင်း
(၂) စက်များသို့ ရေပိုက်လေပိုက်ဆက်သွယ်ခြင်း
(ခ) ကုန်တင်ယာဉ်ဘီးဝင်ရိုး ထုတ်လုပ်မှုစီမံကိန်း(မြင်းခြံ)
(၁) စက်မှုဆိုင်ရာအဆောက်အအုံ(၄)လုံး
(၂) စက်များသို့ လျှပ်စစ်သွယ်တန်းခြင်း
(၃) စက်ရုံဝင်းအတွင်းလေပိုက်ဆက်သွယ်ခြင်း
(၄) စက်များသို့ ရေပိုက်/လေပိုက် တပ်ဆင်ခြင်း
(၅) အလုပ်ရုံများမှ Waste Water Treatment သို့ ရေပိုက်ဆက်သွယ်ခြင်း
၂။ တည်ဆောက်တပ်ဆင်လိုသည့် လုပ်ငန်းရပ်များအတွက် အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ပုံဆွဲဒီဇိုင်းပုံစံများ၊ လိုအပ်သည့် စံချိန်စံညွှန်းများ၊ အသေးစိတ်အချက်အလက်များအား ၅-၅-၂၀၁၄ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

စီမံရေးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀)၊နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၄

၃။ တင်ဒါများ နောက်ဆုံးတင်သွင်းရမည့်ရက်မှာ ၂၀-၅-၂၀၁၄ ရက် ၁၆:၀၀နာရီ ဖြစ်ပါသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်းမှ အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	အမျိုးအစား	အရေအတွက်
၁။	လေအေးပေးစက် 2 Hp Split Type	၁၀ လုံး
၂။	Copier	၅ လုံး
၃။	Dot Matrix Printer	၃ လုံး
၄။	Colour Printer	၆ လုံး
၅။	Computer	၂၈ လုံး
၆။	Laptop	၁ လုံး
၇။	Simulator Computer	၁ လုံး
၈။	Time Card Mechine	၂ လုံး
၉။	Cash Counting Mechine	၂ လုံး
၁၀။	Fax	၈ လုံး
၁၁။	Scanner	၂ လုံး
၁၂။	Laser Printer	၁၆ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား ၅-၅-၂၀၁၄ရက်မှ ၉-၅-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် ရောင်းချပါမည်။

မြန်မာ့လေကြောင်းအုပ်ချုပ်ရေးဌာန
အမှတ် ၁၀၄၊ ကမ်းနားလမ်း၊ ရန်ကုန်
ဖုန်း-၀၁-၃၇၄၅၉၅၊ ၀၉-၂၅၄၂၁၉၆၂၉

တိုက်ခန်းရောင်းမည်

တောင်ဥက္ကလာပစေတီတော်အနီး (၁၄/၃)ရပ်ကွက်၊ ယင်းမာလမ်းပေါ်ရှိ ၃½ အဆောက်အအုံတိုက်သစ်၏ ဒါဘာတိုက်ခန်းနှစ်ခန်းတွဲရောင်းမည်။ တစ်ခန်းသိန်း ၂၆၀၊ ဝယ်မည့်သူသာ ဆက်သွယ်ပါ (ပွဲစားမလိုပါ)

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
ဖုန်း-၀၉-၄၉၃၃၁၇၃၄၊ ၀၉-၅၀၇၇၉၂၃၊ ၀၉-၆၈၁၀၂၉၂

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၃၆၉၆၅ Shine Ray 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းငြိမ်းဝင်း ၉/မမန(နိုင်)၀၇၉၄၈၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာ ပေးအပ်

ရန်ကုန် မေ ၁

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများသို့ အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာ ဖြန့်ဝေပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂၉ ရက် ညနေ ၄ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး၊ တိုင်းဒေသကြီးမိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးအောင်၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီမှ တာဝန်ရှိသူများ၊ ဗဟိုတိုင်းရင်းဆေးဆရာ အသင်းဥက္ကဋ္ဌ ဦးမောင်ညဏ်၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်သည်။

ရှေးဦးစွာတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ခုတင် (၅၀)ဆံ့ တိုင်းရင်းဆေးရုံမှ ခုတင် (၁၀၀)ဆံ့ တိုင်းရင်းဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်ပြီး ပြည်သူများအား တိုင်းရင်းဆေးဝါးများဖြင့် အောင်မြင်စွာကုသပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင် တိုင်းရင်းဆေးကုဌာနရုံး နှစ်ရုံးအပြင် အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင် တိုင်းရင်းဆေးကုဌာနရုံး နှစ်ရုံး ထပ်မံတိုးချဲ့ထားပြီး မြို့နယ်တိုင်းရင်းဆေးကုဌာန ၂၀ ကို ဖွင့်လှစ်ထားရှိ၍ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခင် အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာများကို ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ကျေးရွာ ၅၀၀ သို့ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး တိုင်းရင်းဆေးသေတ္တာထဲရှိ ဆေးဝါးများသည် အစွမ်းအာနိသင်ထက်မြက်သော ဆေးဝါးများဖြစ်၍ ပြည်သူများ ယုံကြည်အားထားသုံးစွဲကြသော ဆေးဝါးများဖြစ်သည်ဟု သိရှိရကြောင်း၊ ယခုဖြန့်ဝေသော အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများကို ကျန်းမာရေးဌာနများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် အလှမ်းကွာဝေးသောနေရာများတွင် ဆေးသေတ္တာသုံးစွဲနည်း သင်တန်းများကို သင်ကြားပို့ချပြီးဖြစ်၍ ဆေးသေတ္တာ ကိုင်တွယ်ထိန်းသိမ်းမည့် တာဝန်ခံများအနေဖြင့် မိမိတို့ကျေးရွာရောက်လျှင် ထိထိရောက်ရောက် အကျိုးရှိရှိပြန်လည်အသုံးချနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်လျက်ရှိရာ ယခုကဲ့သို့ အရေးပေါ်သုံးမြန်မာ့တိုင်းရင်းဆေးသေတ္တာများကို ဝေးလံခေါင်းပါးသော ကျေးလက်ဒေသများအထိ ရောက်ရှိ ပျံ့နှံ့အောင်ဖြန့်ဝေပေးနေသဖြင့် မိမိတို့ရရှိသော အခွင့်ကောင်းကို အကျိုးရှိရှိအသုံးချကာ မြန်မာ့တိုင်းရင်းဆေးဝါးများနှင့် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာဖြန့်ဝေ ပေးအပ်ပွဲအခမ်းအနားနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးအောင်တို့က အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများကို ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ကိုကိုးကျွန်းမြို့နယ်၊ ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ဒလမြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ကျောက်တန်းမြို့နယ်၊ သန်လျင်မြို့နယ်၊ တွံတေးမြို့နယ်၊ သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ ထန်းတပင်မြို့နယ်၊ မှော်ဘီမြို့နယ်နှင့် လှည်းကူးမြို့နယ်များမှ ကိုယ်စားလှယ်များအား ပေးအပ်ကြသည်။

အခမ်းအနားတွင် တိုင်းရင်းဆေးပညာဦးစီးဌာနက ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်များအတွင်းရှိ မြို့နယ် ၁၉ မြို့နယ်၊ ကျေးရွာ ၂၁၄၁ ရွာအတွက် အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာ ၁၆၄၁ လုံးကို ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

အနောက်ပိုင်းခရိုင်ရဲမှူးကြီးနှင့် ဒေသခံများတွေ့ဆုံ

ရဲနှင့်ပြည်သူတွေ့ဆုံပွဲကို ဧပြီ ၂၉ရက် နံနက်၁၀နာရီခွဲက ကြည့်မြင်တိုင်မြို့နယ် မြို့မရဲတပ်ဖွဲ့စခန်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းကြည်က ယနေ့ဒီမိုကရေစီခေတ် ပြည်သူ့ရဲများ၏ စိတ်ဓာတ်၊ ကျင့်ဝတ်နှင့်ပြည်သူများအပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ဒေသခံမြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ၏တင်ပြချက်များအပေါ် ခရိုင်ရဲမှူးကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ **ဘော်ဂါသွေး**

မိုင်းဆတ်၌ အရန်သားဖွားသင်တန်းဖွင့်

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဝေးလံ၍ ကျန်းမာရေးဝန်ထမ်းများ လက်လှမ်းမမီသည့် ကျေးရွာများမှ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အထောက်အကူဖြစ်စေရန် အရန်သားဖွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၈ ရက် နံနက် ၉နာရီက မိုင်းဆတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တာဝန်ရှိသူများက သင်တန်းသူ ၁၃ ဦးကို တစ်ဦးလျှင် ငွေကျပ်သုံးသိန်းစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရှမ်းပြည်နယ် တက္ကသိုလ်များ ချန်ပီယံလိဂ် အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲဖွင့်

တောင်ကြီး မေ ၁

၂၀၁၄ ခုနှစ် ရှမ်းပြည်နယ် တက္ကသိုလ်များ ချန်ပီယံလိဂ် အမျိုးသား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဧပြီ ၂၉ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ ကမ္ဘောဇ FC ဘောလုံးကွင်း၌ကျင်းပသည်။ **(ဓါတ်ပုံ)**

အခမ်းအနားတွင် ရှမ်းပြည်နယ် တက္ကသိုလ်များ၊ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက အမှာစကားပြောကြားရာတွင် ဘောလုံးအားကစားနည်းသည် တစ်မျိုးသားလုံး စိတ်ပါဝင်စားအားပေးသည့် အားကစားနည်းတစ်ခုဖြစ်ပါကြောင်း၊ ဘောလုံးအားကစားနည်းကို တက္ကသိုလ်ကျောင်းသားကျောင်းသူများ လေ့ကျင့်ကစားခြင်းဖြင့် ဉာဏ်ရည်ထက်မြက် ကျန်းမာကြံ့ခိုင်သည့် ဘောလုံးအားကစားသမားကောင်းများ ပေါ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း၊ ပြည်နယ်အတွက်၊ နိုင်ငံအတွက် ဉာဏ်ရည်ထက်မြက် ကျန်းမာကြံ့ခိုင်သော အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားအားထုတ်ကြရန် တိုက်တွန်းပြောကြားသည်။

ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ တောင်ကြီးတက္ကသိုလ် အမျိုးသမီးအသင်းနှင့် လားရှိုးတက္ကသိုလ် အမျိုးသမီးအသင်းတို့ စတင်ယှဉ်ပြိုင်ရာ လားရှိုးတက္ကသိုလ် အမျိုးသမီးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပြိုင်ပွဲကို ဧပြီ ၂၉ ရက်မှ မေ ၈ ရက်အထိ အမျိုးသားအသင်း ရှစ်သင်း၊ အမျိုးသမီးအသင်း လေးသင်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ပျောက်ဆုံးခြင်း

ကျွန်တော်မောင်အောင်နိုင်ဇော် TGI-၀၆၉၉၆၆၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၃၂၆၁၀၂

ရောင်းမည်

လယ် ဧက(58)

ပြည်လမ်းမဘေး

တိုက်ကြီးမြို့နယ်

ဖုန်း-၀၉-၅၁၂၄၇၂၀၊ ၀၉-၈၇၄၁၆၈၈

အမည်ဖြည့်စွက်ခြင်း

သံတွဲမြို့နယ်၊ မြပြင်ကျေးရွာအုပ်စု၊ ဂျိတ္တောကျေးရွာ၊ (၇)ရပ်ကွက်နေ ဦးတင်အောင်(ခ)ဦးသန်းလှိုင်၏သမီး မသန်းသန်းမြင့် ၁၁/သတ(၄)(နိုင်)၀၈၃၃၀၂ အား ကျောင်းဝင်အမှတ် ၃၉၁၄အရ မသန်းသန်းမြင့်(ခ)မမြင့်မြတ်အောင်ဟု ဖြည့်စွက်ခေါ်ပါရန်။ **မသန်းသန်းမြင့်(ခ)မမြင့်မြတ်အောင်**

ဖခင်နှင့်မိခင်အမည်ဖြည့်စွက်ခြင်း

သံတွဲမြို့နယ်၊ မြပြင်ကျေးရွာအုပ်စု၊ ဂျိတ္တောကျေးရွာ၊ (၇)ရပ်ကွက်နေ မသန်းသန်းမြင့်(ခ) မမြင့်မြတ်အောင်၏ဖခင်နှင့်မိခင်အမည်မှန်မှာဦးတင်အောင်(ခ)ဦးသန်းလှိုင်နှင့် ဒေါ်မစိုး(ခ)ဒေါ်အေးမြဦးဟုဖြည့်စွက်ခေါ်ပါရန်။ **ဦးတင်အောင်(ခ)ဦးသန်းလှိုင် ဒေါ်မစိုး(ခ)ဒေါ်အေးမြဦး**

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်း-၂၂)

ချမ်းအေးသာစံမြို့နယ်တရားမရုံးတော်၌

၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၃ နှင့်ဆက်သွယ်သည့်

၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၄

ဦးမင်းမင်းဦး **နှင့်** ကိုချမ်းငြိမ်းထွန်း

ဒီကရီအနိုင်ရသူ **တရားရှုံး**

ကိုချမ်းငြိမ်းထွန်း(ဘ)ဦးတင်ညွှန့်ဦး ခခ-၃/၈၇၊ ကန်သာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၃၃ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးမင်းမင်းဦးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် မေ ၅ ရက် (၁၃၇၆ခုနှစ် ကဆုန်လဆန်း ၇)ရက် မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဧပြီ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

ယင်းမာ

ဒုတိယမြို့နယ်တရားသူကြီး(၁)

ချမ်းအေးသာစံမြို့နယ်တရားရုံး

အများသိစေရန်

မြိတ်မြို့၊ ဈေးတန်းရပ်၊ လှည်းထိန်စုလမ်းနေ ကျွန်ုပ် ဒေါ်မြင့်မြင့်စိုး ၆/မအရ(နိုင်)၀၃၆၃၀၀(ဘ)ဦးမောင်ရုံးမှ မြိတ်မြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၈၇)နေ ဒေါက်တာအေးအေးသိန်း ၆/မအရ(နိုင်)၀၃၂၆၃၂ (ဘ)ဦးဆိုင်ရာအား မြိတ်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာနတွင် လွှဲပေးထားသည့် အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၀၉/၈-၁၀-၂၀၁၃ အရ မြိတ်မြို့၊ ဆိပ်ငယ်ရပ်စည်ပင်သာယာဈေးကြီး၊ ဈေးရုံအမှတ် (၁)ဆိုင်ခန်းအမှတ် ၁၁၉(က) နှင့်ပတ်သက်၍ ဆောင်ရွက်လုပ်ကိုင်ခွင့်ပေးထားသည့် ဖော်ပြပါကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။

ဒေါ်မြင့်မြင့်စိုး

၆/မအရ(နိုင်)၀၃၆၃၀၀

ဈေးတန်းရပ်၊ မြိတ်မြို့

အိမ်ခန်းရောင်းမည်

ခေါင်းရင်းခန်း (၉×၄၇)ပေ၊

နှစ်ထပ်၊ ကုန်သည်လမ်း၊

ရေကျော်၊ ဝါးခယ်မမြို့။

ဖုန်း-၀၉-၄၂၀၂၃၈၁၈၄၊

၀၉-၈၆၃၃၅၈၁

တရားဝင်ခင်ပွန်းဖြစ်ကြောင်းကြေညာခြင်း

ကျောက်မဲမြို့၊ အရာခံဗိုလ် ဦးကျန်ထွန်းအောင် (ငြိမ်း)၏သား မောင်ဟိန်းမင်းဇော် ၁၃/ကမန(နိုင်)၀၉၇၀၉၇နှင့် ကျောက်မဲမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ ၇ ပင်ပေါလေးရပ်နေ ဦးထွန်းဦး၏သမီး မနှင်းအိအိထွန်း ၁၃/နခတ(နိုင်)၀၇၇၄၂၄၊ အလုပ်သင်ရှေ့နေတို့သည် ၁၀-၅-၂၀၁၂ရက်တွင် ဗုဒ္ဓဘာသာဝလေ့ထုံးတမ်းဥပဒေနှင့် အညီ မနှင်းအိအိထွန်း (အလုပ်သင်ရှေ့နေ)နေအိမ်၌ တရားဝင်ထိမ်းမြားလက်ထပ်ပြီး အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့သည်မှာ ကာလကြာမြင့်ပြီဖြစ်ပါသည်။ ယခုအခါ ကိုယ်ရေးကိုယ်တာကိစ္စများကြောင့် အတူမနေဖြစ်ကြသော်လည်း မနှင်းအိအိထွန်း(အလုပ်သင် ရှေ့နေ)သည် ကျွန်တော်မောင်ဟိန်းမင်းဇော်နှင့် ကွာရှင်းပြတ်စဲခြင်းမရှိသေးကြောင်း ယနေ့ အထိ ကျွန်တော်၏တရားဝင်ဇနီးမယားသာဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မောင်ဟိန်းမင်းဇော် ၁၃/ကမန(နိုင်)၀၉၇၀၉၇

ကျောက်မဲမြို့

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ မိုးဇာရပ်နေ ဦးကျော်စိုး-ဒေါ်မူမူတို့၏ (သား)မောင်ညီညီချမ်းမြေ့ထွန်းနှင့် စစ်ကိုင်းမြို့၊ စာရေးအနောက်ရွာနေ ဦးတင်မောင်ဆွေ-ဒေါ်ဌေးဝင်းတို့၏(သမီး) မဖြူစန္ဒာဝင်းတို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၂၅-၄-၂၀၁၄ ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးပါကြောင်း။

မောင်ညီညီချမ်းမြေ့ထွန်း-မဖြူစန္ဒာဝင်း

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြစ်ဆုံစီမံကိန်းရပ်တန့်ရန်အတွက် လမ်းလျှောက်ဆန္ဒဖော်ထုတ်မည့်သူများ ခင်ဦးမြို့သို့ရောက်

ခင်ဦး မေ ၁

မြစ်ဆုံစီမံကိန်း ထာဝရရပ်တန့်ရန်အတွက် ရန်ကုန်မှ မြစ်ကြီးနားအထိ လမ်းလျှောက်၍ ဆန္ဒဖော်ထုတ်မည့် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့မှ ဦးသီဟ ဦးစီးသောအဖွဲ့ဝင် ၄၁ ဦး လိုက်ပါလာသည့် အဖွဲ့သည် ရွှေဘိုမြို့မှ OMC မူးဘောင်အတိုင်း လမ်းလျှောက်လာရာ ခင်ဦးမြို့နယ် ပေါက်တုံကျေးရွာသို့ ဧပြီ ၃၀ ရက် နံနက် ၁၀ နာရီက ရောက်ရှိစဉ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်းနှင့်တာဝန်ရှိသူများက မြို့နယ်အတွင်း မလိုလားအပ်သော ပြဿနာတစ်စုံတစ်ရာ ဖြစ်ပွားမှုမရှိစေရေးအတွက် ဦးသီဟနှင့်တွေ့ဆုံပြီး ကတိဝန်ခံချက် လက်မှတ်ရေးထိုးခဲ့သည်။

ထို့နောက် ပေါက်တုံကျေးရွာမှ ညနေ ၃ နာရီတွင် ခင်ဦးမြို့သို့ လမ်းလျှောက်လာရာ ညနေ ၅ နာရီတွင် ရောက်ရှိပြီး မြို့အတွင်းလမ်းမတော်တစ်လျှောက် စီတန်းလှည့်လည်ပြီး ပေါ်တော်မူဘုရားတွင် ညနေစာ စားသုံး၍ ညအိပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ လမ်းလျှောက်အဖွဲ့သည် နောက်တစ်နေ့ နံနက် ၅ နာရီတွင် ခင်ဦးမြို့မှ OMC မူးဘောင်လမ်းတိုင်း ဆက်လက်လမ်းလျှောက်ထွက်ခွာခဲ့ကြောင်း သိရသည်။ **ခင်ဦး-စိုးဝေ**

မြန်မာ့အလင်းနှင့် ကြေးမုံကို ချောင်းဦးတွင် နံနက်လင်းသည်နှင့် ဖတ်ရှုနိုင်ပြီ

ချောင်းဦး မေ ၁

မုံရွာခရိုင် ချောင်းဦးမြို့နယ်နေ ပြည်သူများသည် နေ့စဉ်ထုတ် သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံ၊ The New Light of Myanmar သတင်းစာများကို ဧပြီ ၂၉ ရက်မှစ၍ နံနက် ၇ နာရီတွင် စတင်ဖတ်ရှုနေကြရပြီဖြစ်သည်။

"ယခင်က သတင်းစာများကို မန္တလေးကိုယ်ပွား သတင်းစာတိုက်ကနေ မန္တလေး-မုံရွာ ခရီးသည်တင်ကားနဲ့ တင်ပို့ပေးတာကြောင့် နေ့စဉ် ၁၂ နာရီနောက်ပိုင်းမှ ပြည်သူများထံ သတင်းစာဖြန့်ဝေနိုင်ပါတယ်၊ အခုတော့ မန္တလေးကိုယ်ပွားသတင်းစာတိုက်မှ ကိုယ်စားလှယ်များထံ အရောက် သတင်းစာကားနဲ့ လာရောက်ပို့ပေးတာကြောင့် နံနက် ၇ နာရီဆိုရင် ချောင်းဦးမြို့ကို သတင်းစာတွေရောက်နေပါပြီ" ဟု ချောင်းဦးမြို့မှ သတင်းစာကိုယ်စားလှယ် ဦးသောင်းဌေးက ပြောသည်။

မန္တလေးကိုယ်ပွားသတင်းစာတိုက်မှ သတင်းစာများ လာရောက်ဖြန့်ဝေပေးစဉ်။

ပြည်သူကို ဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှုအဖြစ် မန္တလေးကိုယ်ပွားသတင်းစာတိုက်မှ စစ်ကိုင်း၊ မြင်းမူ၊ မြောင်၊ ချောင်းဦး၊ မုံရွာမြို့များမှ မှာယူသော သတင်းစာကိုယ်စားလှယ်များထံသို့ ကိုယ်ပွားသတင်းစာတိုက်ပိုင် သတင်းစာပို့မော်တော်ယာဉ်ဖြင့် အဆိုပါမြို့များရှိ သတင်းစာကိုယ်စားလှယ်များထံ လာရောက်ဖြန့်ဝေပေးခြင်းကို ဧပြီ ၂၉ ရက်မှ စတင်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစာပို့သူ ဦးအောင်ခင်က "ယခုလို သတင်းစာကို နံနက်စောစောမှာ လက်ခံရရှိတဲ့အတွက် ကျွန်တော်တို့ သတင်းစာဝေရာမှာ နွေရာသီ နေပူဒဏ်မခံရတော့ဘဲ နံနက်ပိုင်း အေးအေးလူလူ ဖြန့်ဝေပေးနိုင်တာကြောင့် ကျန်းမာရေးအတွက်လည်း များစွာ အကျိုးရှိပါတယ်။ နံနက်စောစောမှာ သတင်းစာဖြန့်ဝေခြင်းလုပ်ငန်းပြီးစီးသွားပါက အခြားစီးပွားရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်နိုင်စွမ်းတွေရှိလာတော့မှာဖြစ်လို့ ကျွန်တော်တို့လို သတင်းစာပို့လုပ်သားများလည်း ယခင်ကလို သတင်းစာပို့လုပ်ငန်းတစ်ခုတည်းမကတော့ဘဲ တစ်သီးစားကနေ နှစ်သီးစားဘဝ ရောက်တော့မှာဖြစ်ပါတယ်။ ယခုလို သတင်းစာစောစောရောက်အောင် စီစဉ်ပေးကြတဲ့ တာဝန်ရှိသူများကို ကျေးဇူးအထူးတင်ရှိပါတယ်"ဟု ပြောသည်။

ချောင်းဦးမြို့မှ သတင်းစာမှာယူဖတ်ရှုနေသည့် ဦးဝင်းမြင့်က "နံနက်ဘုရားကန်တော့ပြီးတာနဲ့ ဒီနေ့ထုတ်သတင်းစာကို ဒီနေ့နံနက်စောစောမှာ ဖတ်ရှုခွင့်ရလို့ အံ့အားသင့်ခဲ့ရပါတယ်။ ပြည်သူတွေအကျိုးအတွက် ဆောင်ရွက်နေကြတာ လက်တွေ့သိမြင်ခံစားရလို့ ဝမ်းပန်းတသာနဲ့ ကြိုဆိုလျက်ရှိပါတယ်" ဟု ပြောသည်။

(မြို့နယ်ပြန်/ဆက်)

မှုခင်းသတင်းတိုများ

အရှိန်မထိန်းနိုင်ဘဲယာဉ်တိမ်းမှောက်မှုဖြစ်ပွား

လှိုင်မြို့နယ်အတွင်း ဧပြီ ၂၉ရက် နံနက်က ပြည်လမ်းအတိုင်း တံတားဖြူဘက်မှ အေဒီမီးပွိုင့်ဘက်သို့ ယာဉ်မောင်း အောင်ကိုကိုချစ်(၂၇နှစ်) အင်းစိန်မြို့နယ်နေသူမောင်းနှင်လာသော ၄ယ/. . . . တိုယိုတာဗင် အနက်ရောင်ကိုယ်ပိုင်ယာဉ်သည် အင်းလျားလေးကွေ့အနီးအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက် ပလက်ဖောင်းပေါ်သို့ ရောက်ရှိကာ ဆက်သွယ်ရေးဖုန်းတိုင်ကို ဝင်ရောက်တိုက်မိပြီး တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။ အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်နှင့် ဆက်သွယ်ရေးဖုန်းတိုင်တို့ ပျက်စီးကာ ယာဉ်မောင်းအောင်ကိုကိုချစ်တွင် ဒဏ်ရာရရှိခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ပြင်ပလူနာအဖြစ် တက်ရောက်ကုသခဲ့ရသောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းအောင်ကိုကိုချစ်အား လှိုင်မြို့မရဲစခန်းက အမှုဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ရေတွင်းထဲပြုတ်ကျသော ဖခင်ကို ကယ်တင်ရန်ကြိုးစားစဉ် သားပါသေဆုံး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောက်အာခါရွာတွင် ရေတွင်းထဲ၌ အမျိုးသားနှစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ဧပြီ ၂၉ ရက် ညနေ ၅ နာရီ မိနစ် ၂၀ ခန့်က တာချီလိတ်မြို့နယ် ဟောင်လိတ်ကျေးရွာအုပ်စု ဝိန်းကျောက်အာခါရွာတွင် ရေတွင်းထဲ၌ အမျိုးသားနှစ်ဦး သေဆုံးနေကြောင်း ဝိန်းကျောက်ရွာသူကြီး ဦးအားဒိုဖုန်းဖြင့်အကြောင်းကြားချက်အရ စခန်းမှူး ဒုရဲမှူးကျော်သန်းနှင့်အဖွဲ့က အခင်းဖြစ်ရာအရပ်သို့ သွားရောက်စစ်ဆေးရာ ဝိန်းကျောက်အာခါရွာ ဦးကံမြင့်၏ နေအိမ်အတွင်း တူးထားသည့် ရေတွင်းကို ကျောက်ခွေချရန် ရေတွင်းအတွင်းရှိ လက်ကျန်ရေအား ရေစုပ်မော်တာဖြင့် ရေစုပ်စဉ် ရေတွင်းအတွင်း ဆင်းကြည့်သူ သောင်းဌေး (၄၄ နှစ်) ဝိန်းကျောက်အာခါရွာ တာချီလိတ်မြို့နေသူသည် ရေတွင်းအလယ်တွင် မော်တာခတ်ကြိုးနှင့် ထိမိခာတ်လိုက်၍ ရေတွင်းထဲသို့ ပြုတ်ကျစဉ် သားဖြစ်သူ အောင်နိုင်ဦး (၁၆နှစ်)က ကယ်တင်ရန် ရေတွင်းအတွင်း လိုက်ဆင်းစဉ် ထပ်မံ၍ ခာတ်လိုက်ပြုတ်ကျသေဆုံးကြောင်း စစ်ဆေးသိရှိရသည်။ သေဆုံးခြင်းနှင့် ပတ်သက်၍ သေမှုသေခင်း ရေးဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ကလေးဝမြို့နယ်တွင် လူတစ်ဦးရေနစ်သေဆုံး

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ကျော်ဇင်ကျေးရွာအုပ်စု ကျော်ဇင်ကျေးရွာနေ မောင်ကျော်မင်း (ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်သား) သည် ဧပြီ ၂၈ ရက် ညနေ ၆နာရီက ဇီးဒေါင့်ကျေးရွာမှအပြန် မြစ်သာမြစ်အတွင်း ကျော်ဇင်ကျေးရွာဆိပ်ကမ်းတွင် ရေဆင်းချိုးရာမှ ရေနစ်သေဆုံးကြောင်း သိရသည်။ **သီဟထက်အောင်**

နေပြည်တော်စီမံကိန်းဦးစီးရုံး၊ နေပြည်တော်ကောင်စီနယ်မြေ တင်ဒါခေါ်ယူခြင်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နေပြည်တော်တိုင်းစီမံကိန်းဦးစီးရုံး ဝန်ထမ်းအိမ်ရာ (ပေ၅၀×၃၁ပေ) နှစ်ခန်းတွဲနှစ်ထပ်အုတ်ညှပ်တစ်လုံးနှင့် ပျဉ်းမနား၊ လယ်ဝေး၊ ဇေယျာသီရိ၊ ပုဗ္ဗသီရိမြို့နယ်ရုံးများ သံကူကွန်ကရစ်တစ်ထပ်အဆောက်အအုံတစ်လုံးစီအား ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့် တင်ဒါစည်းကမ်းများကို ၂-၅-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း နေပြည်တော်တိုင်းစီမံကိန်းဦးစီးရုံး၊ နေပြည်တော်ကောင်စီနယ်မြေတွင် ရောင်းချမည်ဖြစ်ပြီး ၇-၅-၂၀၁၄ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား တင်သွင်းရန်ဖြစ်ပါသည်။

ဖုန်း-၀၆၇-၅၅၀၂၂၁၊ လျှောက်လွှာတစ်စုံ ၅၀၀၀ိ-/ကျပ်
တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဘောဂသိဒ္ဓိလမ်း အမှတ်(၄)နေအိမ်တည်ရှိရာ မြေကွက်နှင့်ပတ်သက်၍

အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၂၊ ဦးပိုင်အမှတ်(၁၄/ခ)၊ အကျယ်အဝန်းဧရိယာ ၀ ဒသမ ၀၇၁ ဧကရှိသော မြေကွက်အတွင်းမှ (၁၈ပေ×အလျားပေ ၄၀)ရှိသော မြေကွက်ကို ပိုင်ရှင်ဦးအေးသိန်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးငြိမ်းအောင်မှစာချုပ်ချုပ်ဆို၀ယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်ပေါ်ရှိ အမှတ်(၄)နေအိမ် အဆောက်အအုံကိုလည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံဌာနမှ တရားဝင်ဆောက်လုပ်ခွင့်ရရှိထားပြီးလည်း ဖြစ်ပါကြောင်းနှင့် အဆိုပါမြေကွက်နှင့်အဆောက်အအုံသည် ဦးငြိမ်းအောင် တစ်ဦးတည်းပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးငြိမ်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဆွေဆွေသန်း (စဉ်-၂၃၃၅၈) အထက်တန်းရှေ့နေ
အမှတ် ၁၃၉၊ ရွှေဗဟိုရ်လမ်း၊ (၈)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၀၅၇၀၀

အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ နွယ်ခွေရွာသစ်စံပြကျေးရွာ၊ ဗိုလ်တေဇလမ်း၊ ဇေယျာသီရိကျောင်း၊ သစ္စာဉာဏ်ပွင့် ဝိပဿနာဓမ္မရိပ်သာတွင် **"သံဝေဂဆရာတော် အရှင်သောမ"** မှ ဦးဆောင်၍ မရှိန္ဓမ်းပါး၊မိဘမဲ့နှင့် မည်သူမဆို မိမိတို့၏အသက် (၈)နှစ်မှ (၁၂)နှစ်အတွင်း ရင်သွေးငယ်များကို (၁၃-၅-၂၀၁၄)ရက်၊ ကဆုန်လပြည့်နေ့၊ (အင်္ဂါနေ့) နံနက် ၉း၀၀ နာရီတိတိတွင် ဒုတိယအကြိမ်မြောက် **ပဗ္ဗစ္စသာသနာ့အမွေအဖြစ် ရှင်သာမဏေနှင့် သီလရှင်အပါး(၃၀၀) အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးပြီး ယဉ်ကျေးလိမ္မာသင်တန်း၊ အခြေခံပဋ္ဌိစ္စသမုပ္ပာဒ်သင်တန်းနှင့် အခြေခံတရားထိုင်နည်းသင်တန်း**ကို (အခမဲ့) ဖွင့်လှစ်လှူဒါန်းပေးမည်ဖြစ်ပါသည်။

၂။ အုပ်ထိန်းသူမိဘများအနေဖြင့် မိမိတို့၏ရင်သွေးငယ်များအား ရှင်သာမဏေအဖြစ်သို့ သွတ်သွင်းလှူဒါန်းခြင်း အခမ်းအနားတွင် ပါဝင်လိုပါက ၂၀၁၄ ခုနှစ်၊ မေ ၃ ရက်၊ ၄ရက် နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း အကျိုးတော်ဆောင်အဖွဲ့သို့ ရှင်သာမဏေလောင်းများနှင့်အတူ ဆက်သွယ်စာရင်းပေးသွင်းကြပါရန်နှင့် အလှူတော်မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါရန် ရပ်ဝေးရပ်နီးမှ ဓမ္မမိတ်ဆွေသူတော်ကောင်းအပေါင်းတို့အား လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်
ဦးအောင်မင်းပိုင် ဖုန်း-၀၉-၄၂၁၀၃၀၄၃၄၊ ဦးထွန်းကြည် ဖုန်း-၀၉-၄၉၂၉၄၆၇၆
ဦးမျိုးလွင် ဖုန်း-၀၉-၅၀၉၇၁၃၂၊ ဦးထက်အောင် ဖုန်း-၀၉-၅၀၁၁၆၅၀
ဦးသောင်းရွှေ ဖုန်း-၀၉-၄၂၀၀၀၅၇၀၈

အကျိုးတော်ဆောင်အဖွဲ့
ဇေယျာသီရိကျောင်း

ဦးရာလူအမြန်ရောင်းမည်

ဘောက်ထော်ပြည်သာယာ၊ ဆိတ်ငြိမ်ရပ်ကွက်၊ တိုက်ခန်း ဦးရာလူအမြန်ရောင်းမည်။ မိုးကောင်းလမ်းမ ဂုတ်တိုက်၊ မြေညီပထမထပ် နှစ်လွှာပေါင်း၊ (၅၃×၁၅)× နှစ်လွှာ စတုရန်းပေ ၁၅၀၀၊ ခေါ်ဈေးကျပ် သိန်း ၁၉၅၀ ညှိနှိုင်းသည်

ဖုန်း-၀၉-၇၃၂၀၃၃၅၆၊ ၀၉-၄၅၀၀၆၄၀၉၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွကုန်းငွေးကြွယ်/ကရပ်ကွက်၊ ပုညဝတ္တနလမ်း၊ တိုက်အမှတ် ၇၊ နှစ်ခန်းတွဲ ခုနစ်ထပ်တိုက်၏ လက်ယာဘက်ခြမ်း လေးလွှာ၊ အကျယ် (၁၅'×၆၀')ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလပိုင်ရှင် ဦးလှမြင့် TME -၀၀၄၇၇၂ ထံမှ (၂၄-၃-၁၉၉၈) ရက်စွဲပါ **အခန်းပျောက်အရောင်းအဝယ်သဘောတူစာချုပ်အရ** ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်စန်းစန်းကျင် YKI -၀၀၃၂၈၂မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော်	**ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့

အများသိစေရန်ကြေညာအပ်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ ကာယ ၁၀လမ်း၊ မြေကွက်အမှတ် ၁၇၈၊ ခြံအမှတ် ၁၄၉၊ မြေအကျယ်အဝန်း(အလျားပေ ၅၀×အနံ ၃၅ပေ) ခြံမြေအား ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားပြီး ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးလှမော်၏သား ဦးကျော်သန်း ၁၂/မရက(နိုင်)၀၆၁၃၂၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဦးဘရီ၏သား ဦးသက်ပိုင် KYN-၀၁၉၄၁၅ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ရောင်းသူ၏ လက်ဝယ်သို့ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းခြံမြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူတို့သည် ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ခြံမြေအရောင်းအဝယ်ကိစ္စကို ဥပဒေဘောင်အတွင်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသက်ပိုင် KYN-၀၁၉၄၁၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ကြီး(အထက်တန်းရှေ့နေ-၃၇၀၂၉)
B.A(Eco), D.A, R.L,DBL,DML,DIL,
M.A(Business Law P1),WIPO(Switzerland)
အမှတ် ၄၈၇၊ ဒူးယား ၄ လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၈၀၁၉၆၉၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
သူနာပြု-သားဖွားဒီပလိုမာ (၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ၁၄-၁၁-၂၀၁၄ရက်တွင် ဖွင့်လှစ်မည့် သူနာပြု-သားဖွား ဒီပလိုမာ (၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်သင်တန်းသို့ တက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၂။ **အရည်အချင်းသတ်မှတ်ချက်**

လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူဖြစ်ရမည်။ **(၂၀၁၄ ခုနှစ်မတိုင်မီ အောင်မြင်သူများသာ လျှောက်ထားရမည်။ ၂၀၁၄ ခုနှစ် မတ်လတွင် ဖြေဆို/အောင်မြင်သူများ လျှောက်ထားခြင်းမပြုရ။)**

(ဂ) လျှောက်လွှာပိတ်သည့် ၄-၇-၂၀၁၄ရက်တွင် အသက်(၂၅)နှစ်ထက်မကြီးရ။ **(အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ပါ မွေးနေ့သက္ကရာဇ် အတိုင်းသာ အတည်ပြုမည်။)**

(ဃ) ပါတီနိုင်ငံရေးကင်းရှင်းသူ၊ ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(င) အိမ်ထောင်မရှိသူ (အပျို/လူပျို) ဖြစ်ရမည်။

(စ) အနည်းဆုံးအရပ် ၅ပေ ရှိရမည်။

(ဆ) ကိုယ်လက်အင်္ဂါချို့ယွင်းခြင်းမရှိရ။ သင်တန်းတက်ရောက်ရန် ကိုယ်ရော စိတ်ပါ ကျန်းမာရမည်။

(ဇ) သင်တန်းအောင်မြင်ပြီးဆုံးသည်အထိ တက်ရောက်နိုင်သူဖြစ်ရမည်။

(ဈ) သင်တန်းအောင်မြင်ပြီးပါက အမှတ်ဖြင့်ရွေးချယ်ပြီးတက်ခွင့်ရသူများကို နိုင်ငံတော် ဝန်ထမ်းအဖြစ်ခန့်အပ်ပါက မည်သည့်ဒေသတွင်မဆို အနည်းဆုံး (၃)နှစ် တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အထူးကိစ္စဖြင့် တက်ခွင့်ရသူများသည် သက်ဆိုင်ရာ အဖွဲ့အစည်းမှ တာဝန်ပေးပါက မည်သည့်ဒေသတွင်မဆို အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ည) သင်တန်းတက်ရောက်စဉ် သင်တန်းကာလအတွင်း ပျက်ကွက်လျှင်ဖြစ်စေ၊ သင်တန်း စည်းကမ်းများကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ သင်တန်းပြီးဆုံးပါက အမှတ်ဖြင့် ရွေးချယ်ပြီးတက်ခွင့်ရသူများကို နိုင်ငံတော်ဝန်ထမ်းအဖြစ်ခန့်အပ်ပါက မည်သည့် ဒေသတွင်မဆို အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရန် ပျက်ကွက်လျှင်ဖြစ်စေ၊ အထူးကိစ္စဖြင့် တက်ခွင့်ရသူများသည် သက်ဆိုင်ရာအဖွဲ့အစည်းမှ တာဝန်ပေးပါ က မည်သည့်ဒေသတွင်မဆို အနည်းဆုံး (၃)နှစ်တာဝန်ထမ်းဆောင်ရန် ပျက်ကွက် လျှင်ဖြစ်စေ၊ နိုင်ငံတော်မှ အခါအားလျော်စွာ သတ်မှတ်ထားသော သင်တန်း လျော်ကြေးငွေ သူနာပြု-သားဖွား ဒီပလိုမာ (၃)နှစ်သင်တန်းအတွက် ၈၀၀၀၀၀ိ/- (ကျပ်ရှစ်သိန်းတိတိ)၊ ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်သင်တန်းအတွက် ၃၀၀၀၀၀ိ/- (ကျပ်သုံးသိန်းတိတိ) ပေးလျော်နိုင်သူဖြစ်ရမည်။

၃။ **လျှောက်လွှာပေးပို့ရန်**

(က) လျှောက်လွှာကို **(မည့်သည့်တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ရုံးတွင်မဆို)** ရယူပြီး ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သော စာရွက်စာတမ်းများနှင့် အတူ ပူးတွဲပြီး **မိမိ၏အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ သည့် စာစစ်ဌာနတည်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ရုံး**သို့သာ လိပ်မူ၍ လျှောက်လွှာပိတ်ရက် ၄-၇-၂၀၁၄ရက်ထက် နောက်မကျစေဘဲ လျှောက်ထားရမည်။

[နေပြည်တော် ဆေးသိပ္ပံပညာဦးစီးဌာနသို့ လိပ်မူ၍ (လုံးဝ)လျှောက်ထားခြင်း မပြုရ]

(ခ) လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများကို ပူးတွဲပေးပို့ရမည်။

၁။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ် ဝင်စာမေးပွဲအောင်လက်မှတ် **(မိတ္တူ) (၁)စောင်။**

၂။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ် ဝင်စာမေးပွဲအောင် ရမှတ်စာရင်း **(မူရင်း)(၁)စောင်။**

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြား **(မိတ္တူ)(၁)စောင်။**

၄။ နိုင်ငံရေးကင်းရှင်းကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တကောင်းမွန် ကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာ **(မူရင်း)(၁)စောင်။**

၅။ အိမ်ထောင်မရှိသူ၊ အပျို/လူပျိုဖြစ်ကြောင်း သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက် (သို့) ကျေးရွာအထွေထွေအုပ်ချုပ်ရေးမှူးရုံး(အုပ်ချုပ်ရေးမှူး/အတွင်းရေးမှူး) ၏ထောက်ခံစာ **(မူရင်း)(၁)စောင်။**

၆။ ကိုယ်လက်အင်္ဂါချို့ယွင်းခြင်းမရှိကြောင်း၊ ကိုယ်ရောစိတ်ပါကျန်းမာကြောင်း၊ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၏ ဆေးထောက်ခံစာ **(မူရင်း)(၁)စောင်။**

၇။ ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင် (သင်တန်းတက်ခွင့်ရရှိပါက) ရာထူးမှနုတ်ထွက် ခွင့်ပြုမည်ဖြစ်ကြောင်း သက်ဆိုင်ရာအကြီးအကဲ၏ထောက်ခံစာ **(မူရင်း)(၁)စောင်။**

၈။ လျှောက်လွှာပုံစံတွင် လိုင်စင်ဓာတ်ပုံ(၁)ပုံကပ်ပြီး၊ ဓာတ်ပုံ(၂)ပုံကို ပူးတွဲ ပေးပို့ရမည်။ (၆-လအတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသည့်ပတ်စ်ပို့ အရွယ်ဓာတ်ပုံဖြစ်ရမည်။ ဓာတ်ပုံနောက်ကျောတွင် လျှောက်ထားသူအမည်၊ မှတ်ပုံတင်အမှတ်၊ မိဘအမည်၊ နေရပ်များ ရေးရမည်)။

(မှတ်ချက်။ ။ ထောက်ခံစာများအားလုံးတွင် ထောက်ခံပေးသူ၏ အမည်၊ လက်မှတ်၊ ရာထူးတံဆိပ်တုံး၊ ရုံးတံဆိပ်ဝိုင်းပါရှိရမည်။)

၄။ သင်တန်းတက်ခွင့်ရရှိပါက တက္ကသိုလ်/ကောလိပ်/အဝေးသင်တက်နေသူဖြစ်လျှင် သင်တန်းကာလအတွင်း(တက္ကသိုလ်/ကောလိပ်/အဝေးသင်) ပညာသင်ရပ်နားခွင့်ပြု ကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်/အကြီးအကဲ၏ ထောက်ခံစာမူရင်းကို တက်ခွင့်ရ မည့် သင်တန်းကျောင်းသို့ ပေးအပ်နိုင်ရမည်။**(သင်တန်းတက်စဉ်ကာလအတွင်း အခြား မည်သည့် လက်မှတ်ရသင်တန်းမဆို လုံးဝတက်ခွင့်မပြုပါ)။**

၅။ သင်တန်းတက်ခွင့်ရရှိပါက တက်ခွင့်ရသည့် သင်တန်းကျောင်းသို့ရောက်လျှင် သင်တန်း ကျောင်း၏ ကျန်းမာရေးစစ်ဆေးရေးကော်မတီအဖွဲ့မှ ကျန်းမာရေးထပ်မံစစ်ဆေးခံရမည်။ ဆေးစစ်အောင်မှသာ သင်တန်းတက်ခွင့် အတည်ပြုမည်။

၆။ အောက်ပါအချက်များနှင့် ငြိစွန်းသည့်လျှောက်လွှာကို လုံးဝ**(လုံးဝ)** ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

(၁) ရှင်းလင်းပီသစွာနှင့် ပြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိသည့်လျှောက်လွှာများ။

(၂) သတ်မှတ်ချက် စာရွက်စာတမ်း မပြည့်စုံသည့် လျှောက်လွှာများ။

(၃) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ လိပ်မူ၍ လျှောက်ထားခြင်းမပြုဘဲ ဆေးသိပ္ပံပညာဦးစီးဌာနသို့လိပ်မူ၍ တိုက်ရိုက်ပို့သည့် လျှောက်လွှာများ။

(၄) လျှောက်လွှာပိတ်ရက်ထက်နောက်ကျပို့သည့် လျှောက်လွှာများ။

၇။ **သင်တန်းတက်ခွင့်ရ အမည်စာရင်းများကြေညာခြင်း။**

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ(ဒုတိယပတ်)အတွင်း အောက်ပါဌာနများ၌ ကြေညာ ထားပါမည်။

(၁) ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော်။

(၂) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးများ။

(၃) တက်ခွင့်ရသည့် သက်ဆိုင်ရာသင်တန်းကျောင်းများ။

(မှတ်ချက်။ သင်တန်းစတင်ဖွင့်လှစ်ပြီး (၂)ပတ်ထက်နောက်ကျပါက သင်တန်းတက်ရောက်ခွင့် ပြုမည်မဟုတ်ပါ။)

အသေးစိတ်သိလိုပါက အောက်ပါဌာနများတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါ သည်။

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးများ။

(၂) နေပြည်တော်ဆေးသိပ္ပံပညာဦးစီးဌာန၊ (သူနာပြုဌာနစိတ်)၊ (ဖုန်း-၀၆၇-၄၁၁၁၄၈၊ ၄၁၁၁၄၉ လိုင်းခွဲ-၈၁၈၊ ၈၁၉)

ဆေးသိပ္ပံပညာဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမည်	
၁။	ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့	၁။	ဧရာဝတီတိုင်းဗဟိုသင်တန်းကျောင်းအုတ်ခြံစည်းရိုး(RC)တိုင် အမြင့် (၆ပေ) အရှည် (၂၇၃၂ပေ)
		၂။	ဧရာဝတီတိုင်းဒေသကြီးဗဟိုသင်တန်းကျောင်း ခြောက်ခန်းတွဲ အရာထမ်းအိမ်ရာ (ပေ၁၅၀× ပေ၄၀×၁၂ပေ) RCC တစ်ထပ် သွပ်မိုးကွန်ကရစ်ကြမ်းခင်းရေမီးအပါအဝင် ဆောက်လုပ်ခြင်း
		၃။	ဧရာဝတီတိုင်းဒေသကြီးဗဟိုသင်တန်းကျောင်း ငါးခန်းတွဲ အမှုထမ်းအိမ်ရာ (၁၂၅ပေ ×ပေ၄၀× ၁၂ပေ)RCC တစ်ထပ်၊ သွပ်မိုး ကွန်ကရစ်ကြမ်းခင်း၊ ရေမီးအပါအဝင် တစ်လုံးဆောက်လုပ်ခြင်း
		၄။	ဧရာဝတီတိုင်းဒေသကြီး ဗဟိုသင်တန်းကျောင်း စာသင်ဆောင်လေးခန်း၊ နားနေခန်း၊ ကျား/မအိမ်သာ၊ စတိုခန်း(ပေ၂၄၀×၃၆ပေ×၂၄ပေ) RCC နှစ်ထပ်သွပ်မိုး ကွန်ကရစ်ကြမ်းခင်း၊ ရေမီးအပါအဝင်ဆောက်လုပ်ခြင်း
		၅။	ဧရာဝတီတိုင်းဒေသကြီး ဗဟိုသင်တန်းကျောင်းအမျိုးသမီးအိပ်ဆောင် ၅၀ဆံ့ (ပေ၁၈၀×၃၆ပေ× ၂၄ပေ) RCC နှစ်ထပ် သွပ်မိုး ကွန်ကရစ်ကြမ်းခင်း၊ ရေမီးအပါအဝင်တစ်လုံး ဆောက်လုပ်ခြင်း
		၆။	ဧရာဝတီတိုင်းဒေသကြီး ဗဟိုသင်တန်းကျောင်း အမျိုးသားအိပ်ဆောင် ၅၀ဆံ့ (ပေ၁၈၀×၃၆ပေ× ၂၄ပေ) RCC နှစ်ထပ် သွပ်မိုးကွန်ကရစ်ကြမ်းခင်း၊ ရေမီးအပါအဝင်တစ်လုံး ဆောက်လုပ်ခြင်း

လူမှုဝန်ထမ်းဦးစီးဌာန

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမည်	
၁။	နေပြည်တော် ဇမ္ဗူသီရိမြို့	၁။	နေပြည်တော် လူမှုဝန်ထမ်းရုံး (ပေ၆၀×ပေ၄၀×၁၁ပေ) တစ်ထပ် RC ရုံးအဆောက်အအုံတစ်လုံးဆောက်လုပ်ခြင်း (ရေ၊ မီး၊ မိလ္လာအပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၅-၅-၂၀၁၄ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၉-၅-၂၀၁၄ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို သက်ဆိုင်ရာဦးစီးဌာန၊ ဘဏ္ဍာဌာနတွင် ကျသင့်ငွေပေးသွင်းပြီး ပေးသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူပူးတွဲ၍ တင်သွင်းရမည်။ လုပ်ငန်းတစ်ခု ထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက တင်သွင်းလိုသည့်လုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကိုပေးသွင်းပြီး သတ်မှတ် အိတ်ဖွင့်တင်ဒါတစ်ခုချင်း တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၀၄၁၁၃၊ ၀၆၇-၄၀၄၃၁၆၊ ၀၆၇-၄၀၄၁၀၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
မိတ္ထီလာစီးပွားရေးတက္ကသိုလ်
ပါရဂူ(Ph.D)သင်တန်းသားများခေါ်ယူခြင်း

၁။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် (၂၀၁၄-၂၀၁၅)ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ် ပါသည်။

(က) ဘောဂဗေဒ

(ခ) ဝါဏိဇ္ဇဗေဒ

(ဂ) စာရင်းအင်းပညာ

၂။ ပါရဂူဘွဲ့(Ph.D) သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံ သူများလျှောက်ထားနိုင်သည်။

(က) ပါရဂူဘွဲ့(Ph.D) သင်တန်းတက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၁၄ ခုနှစ် ဇွန်လ ၁ရက်တွင် အသက် ၃၀ထက် မကျော်လွန်သူဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက် လျှော့ပေါ့စဉ်းစား မည်။)

(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့်တစ်နှစ် တက်နိုင်သူဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ် နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ ၃နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ ၃နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းအောင်မြင်သူ များကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့် စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြသရုပ်ပြရာထူးတွင် လုပ်သက်တစ်နှစ်အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ/ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများ ဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက် (၂)နှစ် အနည်းဆုံးရှိသူဖြစ်ရမည့် အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့ သင်တန်း တက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနအကြီးအကဲက ထောက်ခံသူဖြစ်ရမည်။

(၅) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေး မှူးချုပ်(သို့)သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်ပါမောက္ခချုပ် ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

အခြားဝန်ကြီးဌာန ဝန်ထမ်းများအတွက်

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာ ရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့တန်း အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ် ဆိုင်ရာ (၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆို အောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာလက်ခံမည်။

(၂) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) အနိမ့်ဆုံးနည်းပြ၊ သရုပ်ပြ(သို့) ယင်းနှင့်အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိရမည်။

(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ် ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်

အသိအမှတ်ပြုထားသောတက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ် နယ်ပယ်၌ အနိမ့်ဆုံးမဟာသုတေသနဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသနနယ်ပယ်အဆိုပြုချက်(ကွန်ပျူတာစာစီ၍ စာမျက်နှာ ၃မျက်နှာထက်မပိုသော)ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာ ပုံစံကို ၁၆-၅-၂၀၁၄ရက် (သောကြာ)နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ပါရဂူဘွဲ့ (Ph.D)သင်တန်း ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်။

(က) ၁၇-၅-၂၀၁၄ ရက်(စနေနေ့) ၀၉း၀၀နာရီမှ ၁၂း၀၀နာရီထိ သက်ဆိုင်ရာဘာသာရပ်

(ခ) ၁၈-၅-၂၀၁၄ ရက် (တနင်္ဂနွေနေ့) ၀၉း၀၀နာရီမှ ၁၂း၀၀နာရီထိ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ ရရှိထားသူများကို ၂၄-၅- ၂၀၁၄ ရက်(စနေနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ/ဌာနမှူးများထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မော်ကွန်းထိန်း ဖုန်း-၀၆၄-၃၉၂၇၈ ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

(အေးဇော်)
မော်ကွန်းထိန်း
မိတ္ထီလာစီးပွားရေးတက္ကသိုလ်

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၇၊ မြေကွက်အမှတ် ၇၆-က၊ မြေကွက် တည်နေရာအမှတ်(၇၆/က)၊ ဧရာဝဏ်လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ [(၁) ဦးစောလွင်၊ (၂)ဒေါ်လှသိန်း] အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦး ဖြစ်သူ ဒေါ်လှသိန်း(ဇနီး) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဦးစောလွင်(ခင်ပွန်း) ၁၂/သကတ(နိုင်)၀၈၁၁၇၂ ထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် ၄၃၅၄/၁၄ရသူ ဦးဂျိုးဇက် ၁၂/မဂတ(နိုင်)၀၇၃၃၉၄မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက် အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၆/၂၊ မြေကွက်အမှတ် ၄၈၂/ခ၊ မြေကွက်တည်နေရာအမှတ်(၄၈၂/ခ)၊ အေး ရတနာလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်္ဃန်းကျွန်း မြို့နယ်၊ ဦးဘစန်း ၁၂/သဃက(နိုင်)၀၂၀၁၉၇၊ ဒေါ်ဝင်းကြည် ၁၂/သဃက(နိုင်)၀၂၂၅၄၈၊ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည် ပေါက်တစ်ဦး ဒေါ်ဝင်းကြည် (အပျိုကြီးဘ၀) ဖြင့် ကွယ်လွန်သဖြင့် (၁)ဦးမြင့်အောင် ၁၃/ မဆန(နိုင်)၀၀၂၄၈၄၊ (၂)ဒေါ်အေးအေးသင်း ၁၂/သဃက(နိုင်)၀၂၂၅၄၉ တို့က အစ်မကြီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် ဒေါ်အေးအေး သင်းနှင့် ကျန်ပူးတွဲအမည်ပေါက်တစ်ဦးဖြစ်သူ ဦးဘစန်းတို့ထံမှ GP No ၂၉၆၂/၃၀-၁-၁၄၊ ၃၁၁၆/၃၁-၁-၁၄ရသူ ဦးမြင့်ဝင်း ၁၂/သဃက (နိုင်)၀၂၄၅၉၉တို့က ပါဝါပေးသူသက်ရှိထင်ရှား ရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူးလျှောက်ထား လာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀၊ မြေကွက်အမှတ် ၃၈၇/က၊ မြေကွက်တည်နေရာအမှတ် ၃၈၇/က၊ ဇေယျာ ၉ လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ် (ဒေါ်ငြိမ်းမြ)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ငြိမ်းမြ AC-၀၀၄၆၇၈ က ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ် ရေးမှူးတို့၏ထောက်ခံချက်များတင်ပြ၍ ဒေါ်ငြိမ်းမြထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၆၇၄၅ (၅-၃-၁၄)ဖြင့် အထွေထွေကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့် ၁၂/ဥကတ(နိုင်)၀၈၂၄၅၀မှ ပါဝါပေး သူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၈၅၅၀(၁၈-၃-၁၄) ကိုတင်ပြ၍ နှစ် ၆၀မြေငှားစာချုပ်ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထား များဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၉၄၊ မြေကွက်အမှတ် ၁/ခ၊ B-၂၁၉-A၊ မြေကွက်တည်နေရာအမှတ် ၈၃၂/B၊ အောင်စေတီ ၂လမ်း၊ အင်းစိန်၊ ရွာမြေအမည်ပေါက် ရွာမြေအား အမည် ပေါက် ရွာမြေထံမှ အရပ်ကတိအရောင်း အဝယ်စာချုပ် အဆက်အစပ်တင်ပြ၍ နော်ညိုညိုမြင်း ၁၄/မအပ(နိုင်)၀၃၇၉၁၇ က အထူးဝန်ဆောင်ခဖြင့် ဂရန်သစ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံ သော အထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေး ရေးစီမံချက်အတွင်းရှိ မြေတိုင်းရပ်ကွက် အမှတ် (၅၃၂/စီ^ခ)၊ မြေကွက်အမှတ် (၄/၂၀၆)၊ မြေကွက်တည်နေရာအမှတ်(၄/၂၀၆)၊ ကာယ ၁၁လမ်း၊ သဃ်္ဃန်းကျွန်းကြီးကျေးရွာ ရှိမြေကွက်အား ငယ်စာရင်းအမည်ပေါက် ဒေါ်ခင်မေပြုံးထံမှ အရောင်းအဝယ်ကတိ စာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်စန်းစန်းအောင် ၁၂/လမန(နိုင်)၀၂၆၉၀၁ က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ် ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံ ချက်တို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ် ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံ သောအထောက်အထားများဖြင့် ခုနစ်ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စီးပွားရေးကြော်ငြာ

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

CANTER, FE 82 DEV, 4900 CC 2006, 14 ပေ၊ ခေါင်းကျယ် တန်ဖိုး ၁၅၅ သိန်း။

ဖုန်း-၀၉-၅၁၆၅၈၉၁

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၉၂၄၅ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၆၊ မြေကွက်အမှတ် ၆၅၉တွင် မြေကွက်ရရှိသူ မူလအမည်ပေါက် ဦးတင်ရွှေ ၁၂/သဃက(နိုင်)၀၇၁၉၄၂သည် မူရင်းပါမစ်ရရှိပြီး ရုံးခွဲလယ်ဂျာစာရင်းသွင်းခွင့် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနရုံးသို့ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ရုံးခွဲလယ်ဂျာစာရင်း သွင်းပေးခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ (၈)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အလုပ်သင်ဒိုလ်လောင်း သင်တန်းအမှတ်စဉ်(၄)မှ
သူငယ်ချင်းများနှင့် မိသားစုဝင်များ သို့

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၁၊ မြေကွက်အမှတ် ၉၄၉၊ အကျယ်အဝန်းပေ (၄၀×၆၀)ရှိ ဦးကြည်စိန် LPN-၀၆၉၉၈၁ အမည်ပေါက်ပါမစ်မြေကွက်အား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းလာသူ ဦးအောင်အောင် ၁၂/ဥကတ(နိုင်)၁၆၅၈၁၀၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဇော်မျိုး LL.B, DBL,DIL (အထက်တန်းရှေ့နေ) (စဉ်-၂၇၅၅၇)
အမှတ် ၂၇/အေ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၁၂၁၃၈၄

လဲလိုပါသည်

သဃ်န်းကျွန်း၊ ဝေဇယန္တာလမ်းပေါ်ရှိ Condo အခန်းနှင့် မြေကွက် (သို့) လုံးချင်းအိမ်ဖြင့် လဲလှယ်လိုပါသည်။
(သဃ်န်းကျွန်း၊ သုဝဏ္ဏ၊ ရန်ကင်း၊ တောင်ဥက္ကလာ၌သာ)

ဆက်သွယ်ရန် ဖုန်း-၀၉-၈၆၅၂၂၃၃

ကားအောက်ပိုင်းလုပ်ငန်းအတွက် လိုအပ်သည့် ပစ္စည်းစုံရောင်းရန်

(၁) ဖိပေ တွင်ခုံ
(၂) Press ခုံ
(၃) ကျောက်စက်
(၄) ဖောက်စက်
(၅) Welding စက်

ဖုန်း-၀၉-၅၁၄၀၈၁၁
(၁၇၄) ၁၀၃ လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃၊ မြေကွက်အမှတ် ၁၀၁၁၊ မြေကွက်တည်နေရာအမှတ် ၁၀၁၁၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဒေါ်ကြင်ငွေး AG-၁၆၄၇၅၈)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ကြင်ငွေး ကွယ်လွန်သဖြင့် ဦးမြင့်ရှိန် ၁၂/အစန(နိုင်)၀၅၄၉၁၈ကက တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျွန်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄၊ မြေကွက်အမှတ် ၄၊ မြေကွက်တည်နေရာအမှတ် ၄၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးချစ်ခင် AC-၀၀၀၀၇၃ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးချစ်ခင်နှင့် ဇနီး ဒေါ်အေးကြည်ကွယ်လွန်သဖြင့် (၁)ဦးသိန်းဝင်း ၁၂/ဗဟန(နိုင်)၀၃၄၄၅၄၊ (၂) ဦးထွန်းထွန်းဝင်း ၁၂/ဗဟန(နိုင်)၀၇၈၂၇၆၊ (၃) ဦးထွန်းထွန်းဦး ၁၂/ဗဟန(နိုင်)၀၃၄၂၀၈တို့က သားသမီးများတော်စပ်ကြောင်း ကျွန်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/သမိုင်း၊ မြေကွက်အမှတ် ၅/ဟ၊ မြေကွက်တည်နေရာအမှတ် ၁၂၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ်(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဒေါ်ကြည်ကြည်ဝင်း)အမည်ပေါက် မြေပိုင်မြေ လ/န၃၉မြေအား အမည်ပေါက် ဒေါ်ကြည်ကြည်ဝင်းကွယ်လွန်သဖြင့် ၎င်း၏ သမီးကြီးဖြစ်သော ဒေါ်ရီရီဝင်း ၁၂/တတန(နိုင်)၁၃၇၂၇၇မှ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ် ၇/၂၀၁၂ ဖြင့် အမွေထိန်းလက်မှတ်စာရရှိခဲ့ပြီး ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ် ၂၄၃/၂၀၁၃ ဖြင့် စီမံခန့်ခွဲမှုအမိန့်ရရှိခဲ့ပါသည်။ အဆိုပါ တရားရုံးအမိန့်များကိုတင်ပြ၍ ဒေါ်ရီရီဝင်း ၁၂/တတန(နိုင်)၁၃၇၂၇၇မှ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

၂၅-၄-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ ကြော်ငြာစာမျက်နှာ အချပ်ပို(၄) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဒဂုံမြောက်မြို့နယ်၊ မြေတိုင်း ၂၉၊ မြေကွက်အမှတ် ၇၂(အစား) ၇၂၂ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မြန်မာ့အလင်း
ရွှေမှူးစီးပွားကြေးကလစ်
၂၀၁၄ခုနှစ်၊ မေ ၂၈ရက်၊ သောကြာနေ့။

SUPER
စူပါကွေကာ

လူမှုစီးပွား

ဖယောင်းတိုင်ရေနံဆီမီးခွက်ထွန်းဘဝမှ ၂၄ နာရီ မီးထိန်ထိန်လင်းနေသည့် သီပေါနောင်ကော်ကြီးဒေသ

စာ - ၃

လူမှုစီးပွား

နာဂစ်ဒဏ်ခံ မြို့တစ်မြို့၏ ခြောက်နှစ်အတွင်း တိုးတက်ပြောင်းလဲလာသည့် လမ်းပန်းဆက်သွယ်ရေး

စာ - ၄

ပြည်တွင်းရေးရာ

အခွန်များ လျှော့ကျလာခြင်းနှင့်အတူ ကားဈေးများ ကျဆင်းလာ

စာ - ၆



ရိုယိုဒီဂျနေးရိုး အိုလံပစ်ပြိုင်ပွဲ၏ လက်ဝှေ့ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသည့် ဗလာဒီမာကလစ်ရှ်ကို

စာ - ၇

အငြင်းပွားစရာမလိုသော အာဆင်နယ်ပဋ္ဌာ (သို့) အာဆင်ဝင်းဂါး

စာ - ၂

ကလပ်အသင်းများနဲ့ တန်းဆင်းအန္တရာယ်ရဲ့ နစ်မွန်းခိုင်အား

စာ - ၇

အငြင်းပွားစရာမလိုသော အာဆင်နယ်ပုစ္ဆာ(သို့)အာဆင်ဝင်းဂါး

ဒီနှစ်အစောပိုင်းက အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့ထိပ်ဆုံးမှာတော့ ၄ လလောက်ရှိနေခဲ့တာကြောင့် ဒီနှစ်ရာသီမှာ ဆုဖလားရယူနိုင်ဖို့အတွက် အခိက ရှိနေတဲ့အသင်းလို့ သတ်မှတ်ကြပါတယ်။ ဒါပေမယ့် ချန်ပီယံလိဂ်ကနေ ထွက်ခွာခဲ့ရပြီး ပရီမီယာလိဂ်ရဲ့ ထိပ်ဆုံးလေးသင်းနေရာကလည်း လျှော့ကျခဲ့ပြီးတဲ့နောက်မှာတော့ အရင်ရာသီတွေလိုပဲ ဆုဖလားလက်မဲ့ဖြစ်ဦးမလား ဆိုပြီး စိုးရိမ်မှုတွေနဲ့အတူ စောင့်ကြည့်နေရပါတယ်။ အခုဆိုရင်ရာသီကုန် ထိပ်ဆုံး လေးသင်းဝင်ရောက်နိုင်ရေးဟာ စိတ်မအေးစရာဖြစ်ပြီး ဆုဖလားဆိုလို့ အက်ဖ်အေဆုဖလားသာ မှန်းနိုင်ပါတော့တယ်။

အာဆင်နယ်အသင်းဟာ ဒီလိုပဲ လည်ပတ်လာခဲ့တာ ဖလားလက်မဲ့ ရှစ်ရာသီတောင်တိုင်ခဲ့ပြီလို့ ပြောရမှာပါ။ အခြားအသင်းတွေအနေနဲ့ တိုးတက်မှုတွေရှိနေခဲ့ပေမယ့် အာဆင်နယ်အသင်းပြယုဂ်ကတော့ အရင်အတိုင်း မပြောင်းလဲဘူးလို့လည်းဆိုနိုင်ပါတယ်။ အခုလို အာဆင်နယ်အသင်းရဲ့ အောင်မြင်မှုတွေ ခန်းခြောက်ခြင်း အကြောင်းတရားနဲ့ ပတ်သက်ပြီး ကစားသမားတွေရဲ့ စိတ်ပိုင်းဆိုင်ရာလိုအပ်မှု၊ အသင်းရဲ့ အရည်အသွေးမပြည့်ဝမှု၊ အဓိက ကစားသမားတွေ ဒဏ်ရာရရှိမှုကြောင့် ဆိုပြီး ဝေဖန်ပြစ်တင်မှုတွေ အမျိုးမျိုး လုပ်ကြပါတယ်။

ဒါပေမယ့် သူတို့အဓိက ပြစ်တင်ဝေဖန်လိုက်တာကတော့ အသင်းရဲ့ အဓိကဇာတ်လိုက်လို့ ပြောလို့ရတဲ့ မန်နေဂျာ အာဆင်ဝင်းဂါးပါပဲ။ ဒါပေမယ့် အာဆင်ဝင်းဂါးဟာ အသင်းကို အောင်မြင်မှုမရရှိစေနိုင်ပေမယ့် ဆိုးရွားတဲ့ အခြေအနေတွေကို သယ်ဆောင်မလာတာကတော့ သေချာပါတယ်။ ဒါကြောင့် အချို့ပရိသတ်တွေ ဖြစ်နေစေချင်သလို အသင်းကိုလာမယ့်နှစ်မှာ မန်နေဂျာသစ်တစ်ဦးရဲ့ လက်အောက်ကို ထိုးအပ်လိုက်မယ်ဆိုရင်ရော အာဆင်ဝင်းဂါးလောက်တောင် အောင်မြင်မှုတွေ ရယူနိုင်မလားဆိုတာကတော့ မေးခွန်းထုတ်စရာကောင်းပါတယ်။

ယနေ့ ဘောလုံးလောကမှာ နာမည်ကြီးနေတဲ့ မော်ရင်ညို၊ ဂွာဒီယိုလာ၊ ဖာဂူဆန်နဲ့ ဒဲလ်ဘောစကေးတို့ဆိုရင် အသင်းနဲ့အတူ ချန်ပီယံလိဂ်အပါအဝင် ဆုဖလားပေါင်း မြောက်မြားစွာကို ရယူပေးနိုင်ခဲ့ပါတယ်။ အာဆင်ဝင်းဂါးကတော့ ပရီမီယာလိဂ် သုံးကြိမ်နဲ့ အက်ဖ်အေဖလား လေးကြိမ် ရယူထားနိုင်ပေမယ့် ချန်ပီယံလိဂ်ဆုဖလားကိုတော့ ရယူနိုင်ခြင်းတော့ မရှိသေးသလို လက်ရှိအချိန်အထိလည်း ဆုဖလားလက်မဲ့အဖြစ် ရှိနေပါသေးတယ်။ ဒါပေမယ့် အသေအချာစဉ်းစားကြည့်မယ်ဆိုရင် အာဆင်ဝင်းဂါးဟာ လက်ရှိရရှိတဲ့ဆုဖလားတွေထက် ပိုမိုရယူနိုင်စွမ်းရှိတဲ့ မန်နေဂျာတစ်ဦးလို့ ဆိုနိုင်ပါတယ်။

ဒါပေမယ့် သူဟာ အာဆင်နယ်အသင်းကို ရောက်ရှိခဲ့စဉ်ကတည်းက အသင်းရဲ့မူဝါဒတွေကို ပြောင်းလဲခဲ့ပြီး အသင်းကို ကမ္ဘာ့အင်အားအကြီးဆုံး ဘဏ္ဍာရေးတောင့်တင်းတဲ့အသင်း တစ်သင်းအဖြစ် တည်ဆောက်နိုင်ခဲ့ပါတယ်။ အာဆင်ဝင်းဂါးကိုင်တွယ်ခဲ့စဉ် အတောအတွင်း အာဆင်နယ်အသင်းဟာ ပြည်တွင်းမှာသာမက ဥရောပမှာပါ ထိပ်တန်းအဆင့်မှာ ရပ်တည်နေနိုင်ခဲ့ပြီး ပရီမီယာလိဂ်မှာ ထိပ်ဆုံးလေးသင်းအောက် ကျရောက်သွားခြင်း မရှိသလို ချန်ပီယံ လိဂ်ကိုလည်း ပုံမှန်ဝင်ခွင့် ရရှိနေတဲ့ အသင်းလို့ ဆိုရမှာပါ။ နောက်တစ်ချက် မမေ့သင့်တာကတော့ မန်ယူ၊ ချယ်လ်ဆီး၊ မန်စီးတီး၊ လီဗာပူးနဲ့ စပါးတို့ဟာ အောင်မြင်မှုရဖို့အတွက် ငွေကြေးအလွန်အမင်း ရင်းနှီးမြှုပ်နှံနေချိန်မှာ သူတို့အသင်းကတော့ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်မူဝါဒတွေနဲ့ပဲ အောင်မြင်မှုတွေရရှိအောင် ကြိုးစားနေခဲ့ပါတယ်။

အာဆင်ဝင်းဂါးရဲ့ ကြိုးပမ်းမှုတွေကြောင့် အာဆင်နယ်ဟာ ငွေကြေးအင်အားတောင့်တင်းပြီး ခေတ်မီအဆင့်မြင့်တဲ့ ကစားကွင်း၊ အဆင့်မြင့် လေ့ကျင့်ရေးပစ္စည်းတွေသာမက အကောင်းဆုံး လူငယ်လေ့ကျင့်ရေးအကယ်ဒမီလည်း ရှိပါတယ်။ ဒ့ါအပြင် ရာသီအစက အိုဇေးလ်ကို ခေါ်ယူခဲ့တာကိုကြည့်တာနဲ့ အသင်းအနေနဲ့ ထိပ်တန်းကစားသမားတွေကို လိုအပ်တဲ့အချိန်တိုင်းမှာ ခေါ်ယူနိုင်တဲ့ အဆင့်ရှိတဲ့အသင်းလို့ ပြောမှာပါ။ ဒ့ါအပြင် အနာဂတ်ကိုလည်း မျှော်ကြည့်မယ်ဆိုရင် ယူအီးအက်ဖ်အေရဲ့ Financial Fair Play လို့ခေါ်တဲ့ စည်းမျဉ်းစည်းကမ်းသာ အပြည့်အဝ ထိရောက်မှုရှိမယ်ဆိုရင် အာဆင်နယ်အသင်းဟာ ထိပ်တန်းအသင်းတိုင်းနဲ့ မယှဉ်နိုင်စရာအကြောင်း မရှိသလို ထိပ်ဆုံးကိုလည်း ပြန်လည်ရောက်ရှိလာမှာက မလွဲပါဘူး။

လိဒ်စ်၊ ကျူပီအာနဲ့ ပို့စမောက်အသင်းတို့ဟာ ငွေကြေးသုံးစွဲတာနဲ့ အောင်မြင်မှုရရှိလိမ့်မယ်လို့ တလွဲယူဆအမှားတွေကြောင့် အသင်းဟာပျက်စီးမှုတွေနဲ့ ကြုံရတယ်လို့ ပြောနိုင်ပါတယ်။ ဒါကြောင့် အာဆင်နယ်အသင်းကိုတောင် နမူနာယူသင့်တယ်လို့တောင် ထင်မိပါတယ်။ ဒါပေမယ့် အောင်မြင်မှုတွေ ဆာလောင်နေတဲ့ ပရိသတ်ကတော့ ဝင်းဂါးရဲ့နေရာမှာ မန်နေဂျာသစ်တစ်ဦးနဲ့ အစားထိုးဖို့ ဆန္ဒရှိနေကြပါတယ်။ ဒါ ပေမယ့် မန်နေဂျာသစ် အစားထိုးခြင်းဟာ အောင်မြင်မှုတွေကိုယူဆောင်နိုင်မလား ဆိုတာ ... ကတော့ စဉ်းစားစရာကောင်းပါတယ်။ မော်ရင်ညို ချယ်လ်ဆီးအသင်းကို စတင်ရောက်ရှိတာနဲ့ တစ်ပြိုင်နက် အောင်မြင်မှုတွေ ရယူပေးနိုင်ခဲ့တယ်။ ဂွာဒီယိုလာ ဘာစီလိုနာကို စတင်ကိုင်တွယ်တာနဲ့ တစ်ပြိုင်နက် တည်း အောင်မြင်မှုတွေ ရယူနိုင်ခဲ့တာတွေကတော့ ဟုတ်ပါတယ်။

ဒါပေမယ့် လက်ရှိပရီမီယာလိဂ်ရဲ့ မန်ယူအသင်းကိုပဲ ကြည့်မယ်ဆိုရင် သင်ခန်းစာယူစရာကောင်းပါတယ်။ မန်နေဂျာတစ်ဦး တာရှည်စွာကိုင်တွယ်ထားတဲ့ အသင်းတစ်သင်းကို နောက်မန်နေဂျာသစ်တစ်ဦးက အောင်မြင်မှုတွေရရှိနိုင်ဖို့အတွက် ကိုင်တွယ်နိုင်ဖို့ဟာ ထင်သလောက်လွယ်ကူမှုမရှိတဲ့ အလုပ်လည်း ဖြစ်ပါတယ်။

ဒါကြောင့် သူ့မူ၊ သူ့ဟန်၊ သူ့အကြံနဲ့ အသင်းကို ဥရောပရဲ့ထိပ်တန်းအဆင့်မှာ ရပ်တည်နိုင်ဖို့အတွက် အကောင်းဆုံးကိုင်တွယ်ထားနိုင်တဲ့ အာဆင်ဝင်းဂါးလို မန်နေဂျာကောင်းတစ်ဦးရရှိဖို့ဆိုတာ အာဆင်နယ်အသင်းအတွက်တော့မလွယ်ကူနိုင်ပါဘူး။ ဒါကြောင့် အာဆင်နယ်အသင်းအနေနဲ့ အာဆင်ဝင်းဂါးနဲ့ စာချုပ်သစ် ထပ်မံချုပ်သင့် မသင့် ဆိုတာကတော့. . . .

အောင်က

အာဆင်နယ်၏ နောက်ဆုံးရှစ်နှစ်ရပ်တည်မှု

ခုနှစ်	ပရီမီယာလိဂ်	ကက်ပီတယ်ဝမ်း	အက်ဖ်အေ	ချန်ပီယံလိဂ်
၂၀၀၅-၀၆	အဆင့်၄	ဆီမီး	စတုတ္ထ	ဖိုင်နယ်
၂၀၀၆-၀၇	အဆင့်၄	ဖိုင်နယ်	ပဉ္စမ	၁၆သင်းအဆင့်
၂၀၀၇-၀၈	အဆင့်၃	ဆီမီး	ပဉ္စမ	ကွာတားဖိုင်နယ်
၂၀၀၈-၀၉	အဆင့်၄	ကွာတား	ဆီမီး	ဆီမီး
၂၀၀၉-၁၀	အဆင့်၃	ကွာတား	စတုတ္ထ	ကွာတား
၂၀၁၀-၁၁	အဆင့်၄	ဖိုင်နယ်	ကွာတား	၁၆သင်းအဆင့်
၂၀၁၁-၁၂	အဆင့်၃	ကွာတား	ပဉ္စမ	၁၆သင်းအဆင့်
၂၀၁၂-၁၃	အဆင့်၄	ကွာတား	ပဉ္စမ	၁၆သင်းအဆင့်

ကလပ်အသင်းများနဲ့ တန်းဆင်းအန္တရာယ်ရဲ့ နှစ်မွန်းနိုင်အား

ဝေမိုးဆက်

အသင်းတစ်သင်းအတွက် တန်းဆင်းရမှု၊ တန်းမဆင်းရမှုဟာ ဘယ်လောက်အထိ ကွာဟချက်ပြင်းသလဲလို့ မေးရင် ဘယ်လိုဖြေမလဲ။ ဝင်ငွေတစ်ခုတည်းအရ နစ်နာမှုဖြစ်စေမှာလား။ ပရိသတ်စိတ်ဝင်စားမှုနဲ့ အသင်းရဲ့နာမည်ဂုဏ်ဒြပ်ကိုပဲ ထိခိုက်နစ်နာစေမှာလား။ တကယ်တော့ ဘောလုံးအသင်းတစ်သင်းဟာ သက်ဆိုင်ရာအမှတ်ပေးပြိုင်ပွဲကနေ တန်းဆင်းသွားရပြီဆိုရင် အဘက်ဘက်က ဆုံးရှုံးနစ်နာမှုတွေရှိလာတတ်တဲ့အတွက်ကြောင့်သာ အသင်းတိုင်းဟာ တန်းမဆင်းရဖို့ကို အထူးတလည်အားစိုက်ကြိုးပမ်းကြလေ့ရှိတယ်လို့ပြောရင် မလွန်နိုင်ဘူး။

အထူးသဖြင့် အသင်းတစ်သင်းဟာတန်းဆင်းသွားရပြီဆိုရင် သူတို့ရဲ့ ဝင်ငွေပမာဏဟာ အနိမ့်ဆုံးပေါင်သန်း ၂၀ လောက်လျော့နည်းသွားနိုင်သလို သူတို့ကစားတဲ့ပွဲတွေမှာလည်း တစ်ပွဲကို ပရိသတ် ၄၀၀၀ လောက်လျော့နည်းသွားမယ့်အပြင် ပြီးခဲ့တဲ့ဘောလုံးရာသီ ၉ ရာသီမှာ ပရီမီယာလိဂ်ကနေတန်းဆင်းသွားရတဲ့ အသင်းပေါင်း ၂၇ သင်းရှိတဲ့အနက် တစ်ရာသီသာကြာပြီးတန်းပြန်တက်လာနိုင်တဲ့အသင်းက ၅ သင်းသာရှိတာကိုကြည့်ရင် အသင်းတစ်သင်းဟာ တန်းဆင်းရပြီဆိုတာနဲ့ တစ်ပြိုင်နက်အသင်းရပ်တည်မှုအတွက်ရော ပရိသတ်စိတ်ဝင်စားမှုအပိုင်းအပြင် စီးပွားရေးအရပါ အဘက်ဘက်က နစ်နာမှုတွေရှိလာနိုင်တာကို တွေ့ရနိုင်တာမို့ တန်းဆင်းရတဲ့အဖြစ်ဟာ အသင်းတစ်သင်းအတွက် အသက်တမျှအရေးပါတဲ့ အန္တရာယ်လို့ပြောရင်လွန်မလား။

အခြားမကြည့်နဲ့။ ပြီးခဲ့တဲ့ ၁၀ နှစ်အတွင်းမှာ ပရီမီယာလိဂ်က တန်းဆင်းသွားရတဲ့အသင်းပေါင်း ၃၀ ကို ကြည့်ရင် အဲ့ဒီအသင်းပေါင်း ၃၀ ဟာ ပျမ်းမျှအရ ဝင်ငွေပေါင် ၁၉ ဒသမ ၅ သန်းစီလျော့ကျသွားတာကို တွေ့ရနိုင်တယ်။ ပြောရရင် ပေါင် ၅၀ ဒသမ၃ သန်းကနေ ပေါင် ၃၀ဒသမ၈သန်းအထိ လျော့ကျသွားတဲ့ သဘောဖြစ်တယ်။ ၂၀၁၂ ဘောလုံးရာသီမှာ ပရီမီယာလိဂ်ကနေ တန်းဆင်းခဲ့ရတဲ့ ဘော်လ်တန်၊ ဘလက်ဘန်းနဲ့ ဝုဖ်တို့ဆိုရင် ပေါင်သန်း ၃၀ စီလောက်တောင် ဝင်ငွေလျော့ကျခဲ့သလို ၂၀၀၉ ခုနှစ်တုန်းက တန်းဆင်းခဲ့ရတဲ့ နယူးကာဆယ်နဲ့ ဝက်စ်ဟမ်းတို့ဆိုရင် ပေါင် ၃၅ သန်းလောက်အထိ ဆုံးရှုံးနစ်နာခဲ့ရတာကြောင့် တန်းဆင်းရမှုပြဿနာဟာ အသင်းတစ်သင်းကို ဝင်ငွေအရ ပြင်းပြင်းထန်ထန် ထိခိုက်နိုင်တယ်လို့ပြောရင် လွန်မလား။

အထူးသဖြင့် ဒီလိုဖြစ်တည်ခြင်းဟာ ပရီမီယာလိဂ်နဲ့ အောက်အဆင့်တွေမှာ ကွာဟလေ့ရှိတဲ့ ဝင်ငွေရရှိမှု အချိုးနဲ့အကြီးမားဆုံးသက်ဆိုင်မှုရှိတယ်လို့ ပြောရင်လည်းရတယ်။ ဆိုရရင် ပရီမီယာလိဂ်မှာ ရပ်တည်နိုင်တဲ့အသင်းတစ်သင်းဟာ ရုပ်သံလွှင့်ခဝင်ငွေ၊ ဆုကြေးငွေတွေကိုတဖြည်းဖြည်းတိုးရလာပေမယ့် တန်းဆင်းသွားရပြီဆိုရင်တော့ အဲဒီအခွင့်အရေးတွေ ဆုံးရှုံးသွားရတာနဲ့တစ်ပြိုင်နက်အသင်းတွေရဲ့ဝင်ငွေပမာဏဟာလည်း လျော့နည်းလာတယ်လို့ ပြောရင်လည်း ရပါတယ်။ ဒါကို ကုစားနိုင်ဖို့အတွက် ပရီမီယာလိဂ်က တန်းဆင်းသွားရတဲ့အသင်းတွေကို ထောက်ပံ့တဲ့သဘောမျိုး ဝင်ငွေတွေတိုးပေးနေတဲ့ကြားကတောင် အသင်းတွေဆုံးရှုံးရမှုပမာဏကို မကာမိပါဘူး။ အထူးသဖြင့် ပရိသတ်လျော့နည်းမှု၊ ဝင်ငွေလျော့နည်းမှုတွေအပြင် တန်းဆင်းသွားတဲ့အသင်းတစ်သင်းဟာ စပွန်ဆာလွယ်လွယ်မရနိုင်သလို စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မယ့်သူတွေလည်း ရှားပါးလာတာနဲ့တစ်ပြိုင်နက်အသင်းရဲ့ဘဏ္ဍာရေးအခြေအနေပါ ယိုင်နဲ့လာတဲ့သဘောလည်း ဖြစ်ပါတယ်။

ပြောရရင် အသင်းတွေဟာ ကွင်းဝင်ကြေးတွေ၊ ရုပ်သံလွှင့်ခတွေ၊ စပွန်ဆာကြေးတွေ၊ ဆုကြေးတွေအပေါ်မှာ အခြေတည် ရပ်တည်နေရတာနဲ့အမျှ ပရိသတ် လျော့ကျလာမှုဟာလည်း အသင်းတွေရဲ့ရပ်တည်မှုကို တစ်နည်းတစ်ဖုံ ထိခိုက်မှု ပြင်းစေပါတယ်။ တန်းဆင်းသွားရတဲ့အသင်းတွေရဲ့ အနေအထားကို လေ့လာကြည့်ရင်အစပိုင်းမှာ တစ်ပွဲကို ပျမ်းမျှ ၄၂၆၅ ယောက်လောက် လျော့ကျခဲ့တဲ့အပြင် နောက်ပိုင်းမှာ တဖြည်းဖြည်း ပိုမိုလျော့ကျလာတာကိုလည်း တွေ့ရပါတယ်။ ၂၀၁၂ ခုနှစ်က တန်းဆင်းခဲ့ရတဲ့ ဘလက်ဘန်း။ ၂၀၀၉ ခုနှစ်က တန်းဆင်း ခဲ့ရတဲ့ မစ်ဒယ်ဘရော့။ ၂၀၁၁တုန်းက တန်းဆင်းခဲ့ရတဲ့ ဘာမင်ဂမ်တို့ဆိုရင် ရှိရင်းစွဲပရိသတ်ထဲက တစ်ပွဲကို ပျမ်းမျှ ပရိသတ် ၇၀၀၀ ကျော်လောက် လျော့ကျ သွားရပါတယ်။

ဒ့ါအပြင် တန်းဆင်းသွားရပြီဆိုတာနဲ့တစ်ပြိုင်နက် ရုပ်သံလွှင့်ခကိုဆုံးရှုံးရမှာဖြစ်သလို အသင်းကကစားသမားကောင်းတွေကိုလည်း ရောင်းထုတ်ရပြီး အဆိုပါ ကစားသမားတွေရဲ့နေရာမှာ ဝင်ငွေကို ချင့်ချိန်ကာ ကစားသမားကောင်းတွေကို ပြန်မဖြည့်နိုင်တဲ့အခါ တန်းပြန်တက်ဖို့အတွက် ခက်ခက်ခဲခဲ ရုန်းကန်ရတဲ့ဘဝတွေကို ရောက်ကုန်ကြရပါတယ်။ တခြားမကြည့်နဲ့။ ပြီးခဲ့တဲ့ သုံးရာသီအတွင်းမှာ ပရီမီယာလိဂ်ကနေ တန်းဆင်းသွားရတဲ့အသင်း ကိုးသင်းရှိတဲ့အနက် ဝက်စ်ဟမ်းတစ်သင်းတည်းသာ တန်းပြန်တက်နိုင်ခဲ့ပြီး ပြီးခဲ့တဲ့ ၁၀ နှစ်အတွင်း ပရီမီယာလိဂ်ကနေ တန်းဆင်းရတဲ့အသင်းပေါင်း ၃၀ ရှိတဲ့အနက်က ၁၅ သင်းသာ ပရီမီယာလိဂ်ကို ပြန်ရောက်ခဲ့တာတွေ့ရပါတယ်။ အဲ့ဒီအသင်းတွေထဲက အသင်းပေါင်းကိုးသင်းဟာ လိဂ်ဝမ်းကိုတောင် ဆင်းကစားရတဲ့အဖြစ်မျိုးတွေကြုံခဲ့ရသလိုအဲဒီထက်နိမ့်တဲ့ အတန်းတွေကို ဆင်းသွားရတဲ့အသင်းတွေလည်း ရှိခဲ့ရပါတယ်။

၂၀၀၈ ခုနှစ်တုန်းက အက်ဖ်အေဖလား ရယူနိုင်ခဲ့တဲ့ ပို့စ်မောက်ဟာ ၂၀၁၀ မှာ တန်းဆင်းရပြီးတဲ့နောက်ပိုင်း အက်ဖ်အေဖလားရပြီးချိန်ကစလို့ လေးနှစ်အကြာမှာ လိဂ်တူးပြိုင်ပွဲအထိ ဆင်းသွားခဲ့ရတာဟာ တန်းဆင်းရတဲ့ ပြဿနာဟာအသင်းတစ်သင်းကို ဘယ်လောက်အထိ ထိုးနှက်ချက်ပြင်းစေသလဲဆိုတာကို ပြသရာရောက်တဲ့အချက် ဖြစ်ပါတယ်။ ပြောရရင် အသင်းတစ်သင်းဟာ တန်းဆင်းရပြီးတဲ့နောက်မှာ ရုပ်သံလွှင့်ခတွေဆုံးရှုံးမှု၊ ဆုကြေးငွေတွေလျော့နည်းမှု၊ ပရိသတ်လျော့ပါးမှုကြောင့် ကွင်းဝင်ကြေးတွေနည်းပါးမှု၊ စပွန်ဆာတွေ၊ အကျိုးတူစီးပွားရေးလုပ်ငန်းရှင်တွေရှားပါးမှု၊ လျော့နည်းမှုတွေကြားမှာ အသင်းရဲ့ ဘဏ္ဍာရေးအခြေအနေတွေက ဆုတ်ယုတ်နစ်နာခဲ့မှုတွေရှိလာခဲ့ပြီး အချိန်ကြာလာတာနဲ့အမျှ အသင်းဟာလည်း အကြွေးနွံမှာ နစ်သထက်နစ်လာတတ်ကြပါတယ်။ ပြောရရင် အသင်းတွေဟာ တန်းဆင်းရပြီးတဲ့နောက်မှာ ဝင်ငွေလျော့နည်းမှုကို ကုစားနိုင်ဖို့ တန်းပြန်တက်နိုင်ခွင့်အတွက် ဘဏ္ဍာရေးအခြေအနေတွေ နစ်နာမှုတွေရှိတဲ့ကြားက ကစားသမားကောင်းအချို့ကို ခေါ်ယူရင်းဆုံးရှုံးမှုတွေ များသထက်များလာတတ်ကြပါတယ်။ ဒီအထဲမှာ မစ်ဒယ်ဘရော့၊ ဘော်လ်တန်၊ ဒါဘီတို့ဆိုရင် ပရီမီယာလိဂ်ကနေ တန်းဆင်းသွားရပြီးတဲ့နောက် ၅ နှစ်အကြာမှာတင်အကြွေးခေါင်ခိုက်သွားရတဲ့အဖြစ်တွေနဲ့ ရင်ဆိုင်နေရပြီဖြစ်ပါတယ်။

ဒါကြောင့်သာမန်အသင်းတစ်သင်းအတွက် ဆုဖလားတစ်လုံးရယူနိုင်ခြင်းရှိ၊ မရှိဆိုတာထက် တန်းဆင်းအန္တရာယ်ဟာ အသင်းကိုပိုမိုအခြေယိုင်စေတတ်တဲ့သဘောဆိုသလို ဒီရာသီမှာလည်း လက်ရှိအချိန်မှာ နော့ဝစ်ချ်၊ ဖူလ်ဟမ်၊ ကာဒစ်ဖ်တို့ဟာ တန်းဆင်းဇုန်အတွင်း ရောက်ရှိနေပြန်ပါပြီ။ ပွဲစဉ် ၃၆ အပြီးမှာ နော့ဝစ်ချ်က ၃၂ မှတ်၊ ဖူလ်ဟမ်က ၃၁ မှတ်နဲ့ ကာဒစ်ဖ်က အမှတ် ၃၀ သာ ရထားသေးတဲ့အတွက် တန်းဆင်းရဖို့ အင်မတန်နီးစပ်နေတာနဲ့အမျှ ဒီအသင်းတွေအနေနဲ့ အသင်းရဲ့အနာဂတ်နစ်မွန်းမှုပြင်းမသွားအောင် လက်ကျန်ပွဲစဉ်နှစ်ပွဲမှာ ဘယ်အတိုင်းအတာအထိရုန်းကန်နိုင်မလဲဆိုတာကို စောင့်ကြည့်ရုံကလွဲလို့ အခြားမရှိနိုင်ပါဘူး။

“ ပရီမီယာလိဂ်က တန်းဆင်းသွားရတဲ့အသင်းတွေကို ထောက်ပံ့တဲ့သဘောမျိုး ဝင်ငွေတွေ တိုးပေးနေတဲ့ကြားကတောင် အသင်းတွေဆုံးရှုံးရမှုပမာဏကို မကာမိပါဘူး။ အထူးသဖြင့် ပရိသတ် လျော့နည်းမှု၊ ဝင်ငွေလျော့နည်းမှုတွေအပြင် တန်းဆင်းသွားတဲ့အသင်းတစ်သင်းဟာ စပွန်ဆာ လွယ်လွယ်မရနိုင်သလို . . . ”

ပြီးခဲ့သည့် ၁၀ နှစ်အတွင်းတန်းဆင်းခဲ့ရသည့်အသင်းများ၏အခြေအနေ

ခုနှစ်	အသင်း	ဝင်ငွေကျဆင်းမှု (ပေါင်-သန်း)	တစ်ပွဲပျမ်းမျှ ပရိသတ်ကျဆင်းမှု	တန်းပြန်တက်နိုင်မှု	တန်းပြန်တက်ရန် ကြာမြင့်သည့်ရာသီ
၂၀၁၂-၁၃	ဝီဂန်	၂၀.၄	၃၇၉၆	?	-
	ရက်ဒင်း	၁၇.၃	၄၇၉၈	?	-
	ကျူပီအာ	၁၅.၆	၁၀၉၃	?	-
၂၀၁၁-၁၂	ဘော်လ်တန်	၂၉.၈	၃၃၂၁	×	-
	ဘလက်ဘန်း	၂၇.၃	၇၅၅၅	×	-
	ဝုဖ်	၂၈.၇	၃၀၉၃	×	-
၂၀၁၀-၁၁	ဘာမင်ဂမ်	၂၂.၄	၆၃၃၅	×	-
	ဘလက်ပူးလ်	၂၂.၉	၃၀၃၃	×	-
	ဝက်စ်ဟမ်း	၃၄.၀	၂၅၆၇	✔	၁
၂၀၀၉-၁၀	ဘန်လေ	၁၇.၆	၅၅၉၉	✔	၄
	ဟားလ်	၂၀.၅	၃၂၂၀	✔	၃
	ပို့စ်မောက်	၃၂.၀	၂၅၃၀	×	-
၂၀၀၈-၀၉	ကာဆယ်	၃၃.၇	၅၃၆၀	✔	၃
	မစ်ဒယ်ဘရော့	၁၆.၁	၈၀၆၁	×	-
	ဝက်စ်ဘရွန်း	၁၈.၈	၃၆၃၀	✔	၁
၂၀၀၇-၀၈	ရက်ဒင်း	၂၆.၇	၃၆၄၃	✔	၄
	ဘာမင်ဂမ်	၂၂.၃	၇၁၀၁	✔	၁
	ဒါဘီ	၁၇.၅	၂၉၉၇	×	၁
၂၀၀၆-၀၇	ရှက်ဖီးလ်ယူ	၆.၈	၄၈၈၁	×	-
	ချာလ်တန်	၉.၂	၃၀၀၄	×	-
	ဝက်ဖို့ဒ်	၇.၄	၁၀၇၄	×	-
၂၀၀၅-၀၆	ဘာမင်ဂမ်	၁၅.၁	၅၁၁၄	✔	၁
	ဝက်စ်ဘရွန်း	၁၁.၇	၄၉၃၂	✔	၂
	ဆန်းဒါးလန်း	၁၃.၁	၂၀၁၇	✔	၁
၂၀၀၄-၀၅	ပဲလေ့စ်	၁၃.၄	၄၆၅၁	✔	၈
	နော့ဝစ်ချ်	၁၂.၇	+၅၉၈	✔	၆
	ဆောက်သမ်တန်	၁၈.၈	၆၉၉၆	✔	၇
၂၀၀၃-၀၄	လက်စတာ	၁၇.၁	၆၈၄၆	✔	၁၀
	လိဒ်စ်	၂၂.၉	၇၄၅၉	×	-
	ဝုဖ်	၁၄.၁	၂၂၄၄	✔	၅

ရီယိုဒီဂျနေးရိုးအိုလံပစ်ပြိုင်ပွဲ၏ လက်ဝှေ့ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုကြောင်း ဗလာဒီမာကလစ်ရှ်ကို ပြောဆို

အငြင်းပွားဖွယ်မရှိ ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံဖြစ်သူ ဗလာဒီမာကလစ်ရှ်ကိုက ဘရာဇီးနိုင်ငံတွင် ကျင်းပမည့် ၂၀၁၆ ခုနှစ် ရီယိုဒီဂျနေးရိုး နွေရာသီအိုလံပစ်ပြိုင်ပွဲ၏ လက်ဝှေ့ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်သွားရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။ အိုလံပစ်လက်ဝှေ့ပြိုင်ပွဲများတွင် အပျော်တမ်းအဆင့် လက်ဝှေ့သမားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

သို့သော်လည်း အသက် ၃၈ နှစ်အရွယ်ရှိ ယူကရိန်းနိုင်ငံသား ကလစ်ရှ်ကိုက “အပြည်ပြည်ဆိုင်ရာ အပျော်တမ်းလက်ဝှေ့အဖွဲ့ရဲ့ စည်းမျဉ်းရေးဆွဲရေးအဖွဲ့က ကျွန်တော့်အပေါ် ညှာတာထောက်ထားမှုရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ နောက်ပြီး ကျွန်တော်ကလည်း လာမယ့်နှစ်နှစ်အတွင်းမှာ ကျန်းမာရေးကောင်းမွန်ပြီး စိတ်အားထက်သန်မှု ရှိနေလိမ့်မယ်လို့လည်းမျှော်လင့်တယ်”ဟု ပြောသွားသည်။

ဆက်လက်၍ ကလစ်ချ်ကိုက ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် အောက်တိုဘာလအတွင်းတွင် ကွယ်လွန်သွားခဲ့သည့် သူ၏နည်းပြဖြစ်သူ မန်နူရယ်စတီဝပ်ကလည်း သူ့အား ရီယိုဒီဂျနေးရိုး နွေရာသီအိုလံပစ်ပြိုင်ပွဲ၏ လက်ဝှေ့ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားရန် ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲ ကျင်းပနေစဉ် ကာလအတွင်းက တိုက်တွန်း အားပေးခဲ့ကြောင်း ပြောဆိုခဲ့သည်။

၁၉၉၆ ခုနှစ်တွင် ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကသို့ ဝင်ရောက်ခဲ့သူ ကလစ်ရှ်ကိုသည် ပရော်ဖက်ရှင်နယ်လောကသို့ မဝင်ရောက်မီ အပျော်တမ်းအဆင့်တွင် ထိုးသတ်နေစဉ် အမေရိကန်နိုင်ငံ၌ ကျင်းပခဲ့သည့် ၁၉၉၆ ခုနှစ် အတ္တလန္တာအိုလံပစ်ပြိုင်ပွဲ၏ စူပါဟဲဗီးဝိတ်ချန်ပီယံပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သည်။

ကလစ်ရှ်ကိုက “ကျွန်တော့်မှာ အိုလံပစ်လက်ဝှေ့ပြိုင်ပွဲရဲ့ ရွှေတံဆိပ်ရရှိခဲ့ဖူးတဲ့ အတွေ့အကြုံရှိခဲ့ပါတယ်။ ဒီလို အတွေ့အကြုံကောင်းမျိုးကို နောက်ထပ်နှစ် ၂၀ အကြာမှာ ထပ်မံရရှိမယ်ဆိုရင် တကယ့်ကိုကောင်းမွန်တဲ့ကိစ္စ ဖြစ်လာမှာပါ”ဟု ဆက်လက်ပြောဆိုသွားသည်။

၁၈၉၆ ခုနှစ်မှစတင်ကာ လေးနှစ်တစ်ကြိမ်ကျင်းပသည့် နွေရာသီအိုလံပစ်ပြိုင်ပွဲများတွင် လက်ဝှေ့အားကစားကို ၁၉၀၄ ခုနှစ်ပြိုင်ပွဲမှ စတင်ထည့်သွင်းကျင်းပခဲ့သည်။ သို့သော်လည်း ဆွီဒင်နိုင်ငံတွင် ကျင်းပခဲ့သည့် ၁၉၁၂ ခုနှစ် စတော့ဟုမ်းအိုလံပစ်ပြိုင်ပွဲတွင်မူ ထိုစဉ်က ဆွီဒင်နိုင်ငံ၌ လက်ဝှေ့အားကစားကို ပိတ်ပင်ထားခြင်းကြောင့် လက်ဝှေ့အားကစားနည်းကို ထည့်သွင်းကျင်းပနိုင်ခြင်းမရှိခဲ့ပေ။

ထက်အောင်

ရှမ်းပြည်နယ်(မြောက်ပိုင်း)

ဖယောင်းတိုင်ရေနံဆီမီးခွက်ထွန်းဘဝမှ ၂၄ နာရီ မီးထိန်ထိန်လင်းနေသည့် သီပေါနောင်ကော်ကြီးဒေသ

အရှေ့ဘက် တောင်တန်းပြာဆီမှ နေခြည်နုများထွက်ပေါ်မလာမီ နံနက်ဝေလီဝေလင်းအချိန်ကပင် ဒေသခံတိုင်းရင်းသားများ၏ ရင်တွင်းဝယ် မဖော်ပြနိုင်သည့် ခံစားမှုများကြောင့် အိပ်ရာမှ စောစီးစွာနိုးထနေကြသည်။

အဘယ်ကြောင့်ဆိုသော် ဤနေ့သည် သီပေါမြို့နယ်၏အောင်ပွဲ၊ တစ်နည်းဆိုရ လျှင် နောင်ကော်ကြီးကျေးလက်ဒေသ၏အောင်ပွဲပင်ဖြစ်ပါသည်။ အနှစ်နှစ်အလလက ဒေသခံတိုင်းရင်းသားပြည်သူတို့ မျှော်လင့်စောင့်စားခဲ့ရသည့် အခါသမယမှာ ယခုကျရောက်ခဲ့ချေပြီ။ အဘယ်သူလျှင် မမော်မပျော်နိုင်ဘဲရှိအံ့နည်း။ ထို့ကြောင့်လည်း ညဉ့်အိပ်ရာဝင်စဉ်ကပင် အတွေးနယ်ချဲ့ရင်း အိပ်ပျော်ခဲ့သည်မဟုတ်ပါ။ မှေးတစ်ခါတွေးတစ်လှည့်ဖြင့် ခံစားပီတိပွားကာ အိပ်ရာမှထခဲ့ကြခြင်းဖြစ်သည်။

၂၀၁၄ခုနှစ် ဧပြီ ၂၉ ရက် နံနက်သည် သီပေါမြို့နယ် နမ့်ရမ်းကျေးရွာအုပ်စု နောင်ကော်ကြီးကျေးရွာ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးဖွင့်ပွဲနှင့် နမ့်ရမ်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးဖွင့်ပွဲအခမ်းအနား ကျင်းပသည့်နေ့ဖြစ်သည်။ အခမ်းအနားသို့ ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်၊ သီပေါမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ ကျောက်မဲခရိုင်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာ ဦးသန်းဇော်မြင့်နှင့် လျှပ်စစ်ကျွမ်းကျင်သူများ၊ နောင်ကော်ကြီးကျေးရွာအုပ်ချုပ်ရေးမှူးဦးစိုင်းအောင်သိန်းနှင့် ဒေသခံတိုင်းရင်းသားများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံရေးပါတီများ တက်ရောက်ခဲ့ကြသည်။

မင်္ဂလာအချိန်ကျရောက်သည့် နံနက် ၉ နာရီတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းဇော်မြင့်တို့က မီးလင်းရေးကို စက်ခလုတ်နှိပ်၍လည်းကောင်း၊ နမ့်ရမ်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးအဆောက်အအုံသစ်ကို ခရိုင်အုပ်ချုပ်ရေးမှူး၊ နမ့်ရမ်း ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးဆောဗေတတို့က လည်းကောင်း ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် နောင်ကော်ကြီးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အားလုံး လျှပ်စစ်မီးသုံးစွဲနိုင်သည့် အိမ်ထောင်စုအရေအတွက် တိုးတက်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရ၏ ရန်ပုံငွေကျပ် ၄၂၅၀ ဒသမ ၄ သန်း ဖြင့် တိုင်းဒေသကြီး/ပြည်နယ် ၁၄ခု၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ငါးခုနှင့် တိုင်း ၁တိုင်းတို့ရှိ မြို့နယ်ပေါင်း ၁၂၁ မြို့နယ်၊ ကျေးရွာပေါင်း ၂၇၃ ရွာ၊ အိမ်ခြေ ၂၅၈၉၈ ရှိ လူဦးရေ ၁၄၃၈၇၈ဦးအတွက် အကျိုးပြုနိုင်ရန် ကျေးရွာမီးလင်းရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် ၁၈၃၄၂ အိမ်၊ ရေအားစွမ်းအင်ဖြင့် လုပ်ငန်း ၈၀၊ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းခြင်းလေးခု၊ စွန့်ပစ်ပစ္စည်းမှ လျှပ်စစ်မီးရရှိရေးလုပ်ငန်းနှစ်ခု ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ တင်ဒါစနစ်ဖြင့်ခေါ်ယူ၍ ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီများအား လုပ်ငန်းအပ်စနစ်ဖြင့်ဆောင်ရွက်ပေးခဲ့သည်။ လျှပ်စစ်မီးသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးပိုင်းတွင် များစွာထိရောက်အထောက်အကူပြုကြောင်း၊ ထို့ပြင် မီးဘေးကာကွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးပိုင်းများတွင်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ပါကြောင်း၊ မီးလင်းရေးလုပ်ငန်း ဆောင်ရွက်မှုကုန်ကျငွေမှာ ကျပ်သိန်းတစ်ထောင်ကျော်ကုန်ကျကြောင်း၊ နောင်ကော်ကြီးကျေးရွာတွင် အိမ်ခြေ ၂၅၀ ကျော်ရှိရာ အားလုံးလိုလိုပင် ၂၄ နာရီ လျှပ်စစ်မီးထိန်ထိန်လင်းနေပြီဖြစ်ကြောင်း၊ လျှပ်စစ်မီးရရှိလာပြီဖြစ်သည့်အတွက် ဒေသ၏လူမှုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာကာ မြန်မာ့အရေးသာမက ကမ္ဘာ့အရေးမှာဖြစ်ပေါ်နေသော ဘာသာရေး၊ လူမှုရေးနှင့် ပညာရေး၊ ကျန်းမာရေးတို့ပါမကျန် ဒေသန္တရဗဟုသုတများကို လေ့လာသိရှိရပြီး ဥပဒေနှင့်အညီ စည်းကမ်းတကျနေထိုင်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဆီသို့ လျှောက်လှမ်းကြရမှာ ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကျေးရွာ ထာဝရရေရှည် မီးလင်းရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

လျှပ်စစ်မီးသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးပိုင်းတွင် များစွာထိရောက် အထောက်အကူပြုကြောင်း၊ ထို့ပြင် မီးဘေးကာကွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးပိုင်းများတွင်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်

ဆက်လက်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းဇော်မြင့်က ယနေ့ကျေးရွာမီးလင်းရေးလုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းသည် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တကွ မီးလင်းရေးကော်မတီ၊ ကျေးလက်ပြည်သူများ၏ မလျှော့သောဇွဲလုံ့လဖြင့် ကြိုးစားခဲ့၍ဖြစ်ကြောင်း၊ နောင်ကော်ကြီးကျေးရွာ၏ဓာတ်အားလိုင်း တည်ဆောက်ရေးတွင် နောင်ကော်ကြီးကျေးရွာအထိ ၁ ဒသမ ၅ မိုင်တည်ဆောက်သွယ်တန်းရ၍ ၃၃/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးဖြင့် ကျေးရွာအတွက် ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီး တည်ဆောက်ရေး လုပ်ငန်းများအတွက် အဓိကလိုအပ်သောရန်ပုံငွေကို ဒေသခံပြည်သူများက တတ်အားသရွေ့အားစိုက်ထည့်ဝင်ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ဒေသခံပြည်သူများ အနေဖြင့် လျှပ်စစ်မီးကို အကျိုးရှိရှိအသုံးပြုရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးကိုလည်း သတိရှိရှိ ကိုင်တွယ်အသုံးပြုသွားကြစေလိုကြောင်း ပြောကြားသည်။

သို့ဖြစ်ရာ ဤနေ့သည် နောင်ကော်ကြီးကျေးလက်ပြည်သူများအတွက် အောင်ပွဲခံသည့်နေ့တစ်နေ့ဖြစ်သည့်အပြင် မင်္ဂလာအပေါင်းခညောင်းသည့်နေ့တစ်နေ့လည်း ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

သတင်းဆောင်းပါး- စိုင်းသာလှိုင်(လိမ္မော်မြေ)
ဓာတ်ပုံ-စောဒီဘိုင်း

လယ်ယာသားငါးသစ်တောကဏ္ဍဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

ရေတာရှည်မြို့နယ်၊ သိုင်းဝကျေးရွာ၊ ဆားပြင်ကျေးရွာ၊ ခင်အင်ကြီးကျေးရွာတို့တွင် ကျေးလက်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှဆောင်ရွက်ချက်

- ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာတွင် လမ်းမပေါ်ရှိ သစ်သားတံတား ၁၅ ပေအရှည်အား ပြုပြင်ပေးရန်နှင့် ကုန်ကျစရိတ်တွက်ချက်တင်ပြပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။
- ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာတွင် စက်ရေတွင်းတစ်တွင်း တူးဖော်ပေးနိုင်ရေးညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။
- ရေတာရှည်မြို့နယ် ဆားပြင်-ခင်အင်ကြီးကျေးရွာချင်းဆက်လမ်း သုံးမိုင်အား လှည်းလမ်းအဆင့်မှ မြေသားလမ်းအဆင့် မြှင့်တင်နိုင်ရေး ဆောင်ရွက်ပေးခဲ့ပါသည်။
- ရေတာရှည်မြို့နယ် ခင်အင်ကြီးကျေးရွာ-တောကွဲအင်းကျေးရွာချင်းဆက်လမ်း ၅ မိုင်အားမြေသားလမ်းမှ ကျောက်ချောလမ်းအဆင့် မြှင့်တင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။
- ရေတာရှည်မြို့နယ် ဆားပြင်ကျေးရွာလက်ရှိမူလတန်းမှ မူလွန်အဆင့်တိုးမြှင့်ပေးနိုင်ရေးကိစ္စများအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။
- ရေတာရှည်မြို့နယ် ဆားပြင်ကျေးရွာ လက်ရှိမူလတန်းမှ မူလွန်အဆင့်တိုးမြှင့်ပေးနိုင်ရေးကိစ္စများအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး

လယ်ယာမြေကို အခြားနည်းအသုံးပြုခြင်းနှင့်ပတ်သက်၍မေးမြန်းချက်အပေါ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှဆောင်ရွက်ချက်များ

- ဆန်စပါးထုတ်လုပ်မှု၏ အဓိကအချက်အချာဖြစ်သည့် စပါးစိုက်ပျိုးရာလယ်မြေများ မလျော့ပါးစေရေးအတွက် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၂၈(က) တွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးဖူလုံမှုကိုမထိခိုက်စေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးလယ်ယာမြေတွင် အခြားသီးနှံပြောင်းလဲစိုက်ပျိုးရန် ခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။
- လယ်ယာမြေကို အခြားနည်းအသုံးပြုခြင်းနှင့်ပတ်သက်ပြီး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်သွားရန် လယ်ယာမြေဥပဒေပုဒ်မ ၂၈(က)ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၁)ဖြင့် ၂၀၁၂ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီးဖြစ်ပါသဖြင့် ဥပဒေပါပြဋ္ဌာန်းချက်များအားပြင်ဆင်ရန်မှာ ပြည်ထောင်စုလွှတ်တော်တွင် အဆင့်ဆင့်အတည်ပြုပြီးမှသာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- လယ်ယာမြေကို အခြားနည်းအသုံးပြုသူများအတွက် ပုဒ်မ(၇၈)၊ (၈၀-ဃ)တွင် ဖော်ပြထားပြီး ပုဒ်မ(၈၁)အရ စတင်အမှုတွဲကို ဖွင့်ရမည်ဖြစ်ပြီး ဆန်စက်များ၊ သီးနှံဂိုထောင်များတည်ဆောက်လိုပါက ပုံစံ (၁၄) ဖြင့် မြေစာရင်းရုံးမှာ လျှောက်လွှာဝယ်၍ လျှောက်ထားနိုင်ပါသည်။ အခက်အခဲရှိရင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဆောင်ရွက်ပေးရန်လိုအပ်သကဲ့သို့ စိုက်ဘဏ်မှလည်း အချိန်မီထုတ်ပေးနိုင်ရန် ဆောင်ရွက်နေပြီး ဧပြီလမှာ စချေးဖို့ လုပ်နေပါသည်။ အမှုတွဲကြန့်ကြာနေရင် ချေးဖို့ခက်ခဲ၍ ဧပြီလဆန်းရောက်တာနဲ့အမှုတွဲပြင်ဆင်ပြီး လုပ်ဆောင်ပေးမည်ဖြစ်ပါသည်။ စားကျက်မြေကိစ္စမှာ ဒေးဒရဲ၊ မော်ကျွန်း၊ ကျိုက်လတ်မြို့နယ်များသို့ ကွင်းဆင်းမှုများရှိပါသည်။ ၁၈၃၄ ခုနှစ် မြေသိမ်းအက်ဥပဒေကယနေ့ထိအတည်ဖြစ်ပြီး စိုက်ပျိုးနေသောမြေဖြစ်ပါက စားကျက်မြေစာရင်းက ပယ်ဖျက်အဖြစ်ပြောင်းလဲပေးရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားရန်လိုပါသည်။ လယ်ယာမြေအဖြစ်ပြောင်းလဲပြီးမှ လယ်ယာမြေဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ပုံစံ(၇)ထုတ်ပေးမည် ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ဧရာဝတီတိုင်းဒေသကြီး

နာဂစ်ဒဏ်ခံ မြို့တစ်မြို့၏ ခြောက်နှစ်အတွင်း တိုးတက်ပြောင်းလဲလာသည့် လမ်းပန်းဆက်သွယ်ရေး

ခင်ဆိုင်

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဒေသခံပြည်သူများ သွားလာဆက်သွယ်မှုလွယ်ကူစေရေးအတွက် အထောက်အကူပေးသည့် ရာဇူဒိုင်တံတား အမှတ်(၁)ကိုတွေ့ရစဉ်။

မြစ်ဝကျွန်းပေါ်ဒေသ တောင်ဘက်နှင့် အရှေ့ဘက်ရှိ မြို့ရွာဒေသများတွင် ဝင်ရောက်တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်း၏ဆိုးရွားသော အပျက်အစီးများကို ၂၀၀၈ ခုနှစ် မေလ ၂ ရက် အတွင်းခံစားခဲ့ရပြီးနောက် ခြောက်နှစ်ပြည့် ၂၀၁၄ တွင် နာဂစ်ဒဏ်ခံစားရသော မော်လမြိုင်ကျွန်းမြို့၏ တိုးတက်ပြောင်းလဲလာသော လမ်းပန်းဆက်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု တစ်စိတ်တစ်ဒေသကို ရေးသားတင်ပြရပါသည်။

လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ ဖျာပုံ၊ ဒေးဒရဲ၊ ကျိုက်လတ်အစရှိသော မြို့များသည် ၂၀၀၈ခုနှစ် မေလ ၂ ရက်နှင့် ၃ရက်တို့တွင် နာဂစ်မုန်တိုင်းဒဏ်ကို ခံစားခဲ့ရပြီး အသေအပျောက် သိန်းချီရှိပြီး အဆောက်အအုံများ၊ သစ်ပင်များ ပျက်စီးဆုံးရှုံးမှုကြုံတွေ့ခဲ့ရသည်။ ရန်ကုန်မြို့သည်ပင်လျှင် နာဂစ်ဒဏ်ကို ခံစားရပြီး အဆောက်အအုံ သစ်ပင်များပျက်စီးပြိုလဲခြင်းများ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင်ဆိပ်ခံဖောတံတားအချို့ပျက်စီးခြင်း၊ လူစီးသင်္ဘော-ကုန်သင်္ဘောအများအပြားကမ်းပေါ်သို့ ရောက်ရှိသွားခြင်းနှင့် ကြုံတွေ့ခဲ့ရသည်။

မုန်တိုင်းပြီးနောက် နိုင်ငံတော်အစိုးရနှင့်တကွ ပြည်တွင်းပြည်ပမှ အလှူရှင်များ၏ ကူညီပံ့ပိုးမှုများ၊ ပြည်သူများ၏ စိတ်ရောကိုယ်ပါ ဝိုင်းဝန်းအားပေးကူညီဖြည့်ဆည်းမှုကြောင့် ကာလတိုတွင် အဆိုပါဒေသသည် ပြန်လည်ထူထောင်နိုင်ခဲ့သည်။

> တယ်လီဖုန်း၊ အင်တာနက်စသည့် ဆက်သွယ်ရေးတွင်လည်း ဖွံ့ဖြိုးတိုးတက်လာရာ မော်လမြိုင်ကျွန်းမြို့သည် ၂၀၀၈ ခုနှစ် နာဂစ်ဒဏ် ခံစားရပြီးနောက် တွေ့မြင်ရမှုနှင့် ယခုအခါ လုံးဝကွဲပြားခြားနားသွားကြောင်း၊ နာဂစ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ပြည်သူများ၏ အိုးအိမ်အဆောက်အအုံများနေရာတွင် သစ်လွင်သော အဆောက်အအုံများမြင်တွေ့လာရ

စာရေးသူ၏ မော်လမြိုင်ကျွန်းမြို့သည် ကျွန်းဆိုသော စကားလုံးအတိုင်း ရေပတ်လည်ဝိုင်းရံပြီး အဝေးပြေးကားလမ်းဟူ၍ နာဂစ်ဒဏ်ခံစားရသည့် ၂၀၀၈ခုနှစ်ထိ မရှိခဲ့ပါ။ မြို့တွင်းတွင် ဆိုက်ကား၊ စက်ဘီး၊ လက်တွန်းလှည်းများဖြင့်သာ အသုံးပြုခဲ့ရသည်။ စက်တပ်ယာဉ်ဆိုလျှင် အမှိုက်သယ်၊ လမ်းကြိတ်စက်ယာဉ်များ၊ မီးသတ်ယာဉ်အပါအဝင် စက်တပ်ယာဉ်အနည်းငယ်သာရှိခဲ့ပါသည်။

အခြားမြို့ရွာများနှင့် ဆက်သွယ်လိုလျှင် ရေလမ်းခရီးသာ အသုံးပြုရ၍ အချိန်ကြန့်ကြာခဲ့ရပါသည်။ မြို့၏ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခဲ့သည်။ ၁၉၈၀ပြည့်နှစ်ဝန်းကျင်တွင် ကျေးရွာချင်းဆက်မြို့သို့တက်ဆိုသောဆောင်ပုဒ်အရ မြစ်ဝကျွန်းပေါ်ဒေသတွင် မြို့နယ်ချင်းဆက် မြေလမ်းများ မြို့နယ်လူထု၏ လုပ်အားဖြင့် ဖောက်လုပ်ခဲ့ပါသည်။

၂၀၀၈ ခုနှစ် နာဂစ်ဒဏ်ကြောင့် မြို့နယ်သူမြို့နယ်သားများ ဆိုးရွားစွာ ဒုက္ခခံစားခဲ့ရသော်လည်း နာဂစ်အလွန်တွင် နိုင်ငံတော်အစိုးရက တည်ဆောက်ပေးခဲ့သော လမ်းကွန်ရက် ၁၁ လမ်းကြောင့် မော်လမြိုင်ကျွန်းမြို့၏ လမ်းပန်းဆက်သွယ်ရေးတိုးတက်လာပြီး အခြားသော မြို့ရွာများနှင့် တစ်ပြေးညီ ကူးသန်းသွားလာနိုင်ပြီဖြစ်ပါသည်။ မအူပင်- ရေလဲ-ရွှေတောင်မော်၊ ကျိုက်ပိ- မော်ကျွန်းလမ်းပေါ်ရှိ ရာဇူဒိုင်မြစ်ကူးတံတား နှစ်စင်းဖြစ်သော အမှတ် (၁) နှင့် အမှတ်(၂)တို့ကို တည်ဆောက်အသုံးပြုနိုင်၍ ရန်ကုန်အပါအဝင် မြန်မာပြည်အတွင်းရှိ မြို့ရွာများသို့ အချိန်တိုတိုဖြင့် တစ်ပြေးညီ ခရီးပေါက်ခဲ့ပါသည်။

မော်ကျွန်း- လှိုင်းဘုန်း- သစ်ပုတ်- ပြင်စလူ လမ်းပေါ်ရှိ မြစ်ကူး-ချောင်းကူးတံတားအချို့ တည်ဆောက်ပြီးစီးချိန်တွင် ရန်ကုန်မှ လှိုင်းဘုန်း၊ ထိုမှတစ်ဆင့် ပြင်စလူထိ ကားလမ်းဖြင့် သွားလာနိုင်မည်ဖြစ်သည်။ အရှည် ၆၆ မိုင်ရှိ ဘိုကလေး - မော်ကျွန်း - ဝါးခယ်မ(ကျုံမငေး)- မြောင်းမြလမ်း တည်ဆောက်ရေးတွင် တည်ဆောက်နေဆဲ ဘိုကလေးမြစ်ကူးတံတားကြီးနှင့် ကွဲခြံချောင်းကူး ဖိုးသာအေးတံတား တည်ဆောက်ပြီးချိန်တွင် ရန်ကုန်မှ မော်ကျွန်းသို့ ဒလဘက်ကမ်းမှ ကွမ်းခြံကုန်း - ဒေးဒရဲ- ဖျာပုံ- ဘိုကလေးလမ်းပါ အသုံးပြုလာနိုင်မည်ဖြစ်သည်။ ကျိုက်ပိနှင့် ကျိုက်လတ်ကြားရှိ မြစ်နှင့် ချောင်းကူးတံတားအချို့တည်ဆောက်ပြီးလျှင် ရန်ကုန်သို့ မော်ကျွန်း- ကျိုက်ပိ- ကျော်ဇံ - ကျိုက်လတ်လမ်းကိုပါ ရွေးချယ်အသုံးပြုလာနိုင်သဖြင့် လမ်းကွန်ရက်များသဖွယ်ဖြစ်နေသည်။ ဘိုကလေး - မော်ကျွန်း- ဝါးခယ်မ- မြောင်းမြလမ်းပေါ်ရှိ မော်ကျွန်းနှင့် ဝါးခယ်မကြား မြစ်ကူး-ချောင်းကူးတံတား တည်ဆောက်ပေးခဲ့လျှင် မော်လမြိုင်ကျွန်းမြို့မှ ခရိုင်မြို့ဖြစ်သော လပွတ္တာနှင့် တိုင်းဒေသကြီး မြို့တော်ပုသိမ်မြို့သို့ ခရီးမိုင်တိုတောင်းစွာဖြင့် သွားလာနိုင်မည့် လမ်းကွန်ရက်တစ်ခု ဖြစ်ကာအသုံးပြုနိုင်မည်ဖြစ်ပါသည်။

ကားလမ်းများကြောင့် ရန်ကုန် - မော်ကျွန်း နေ့စဉ်အဝေးပြေးယာဉ်လိုင်းများ လှိုင်သာယာရှိ ဒဂုံ- ဧရာ အဝေးပြေး ခရီးသည်ကားကွင်းမှတစ်ဆင့်သွားလာနိုင်သကဲ့သို့ စူပါကပ်စတန်၊ ဗင်ကား၊ SURF အစရှိသော ကားများကို စီးလုံးငှားအဖြစ်သော်လည်းကောင်း တစ်ဦးချင်း စုပေါင်းငှားရမ်း၍သော်လည်းကောင်း စီးနင်းသွားလာနိုင်ရာ ၂၄ နာရီ စလုံး မော်လမြိုင်ကျွန်းမြို့မှ ရန်ကုန်အပါအဝင် အခြားမြို့ရွာများသို့ သွားလာနိုင်ပြီဖြစ်သည်။

ရေလမ်းခရီးဖြင့် သွားလာရာတွင် ယခင်က တစ်ရက်လျှင် ပြည်တွင်းရေကြောင်းနှင့် ပုဂ္ဂလိက လူစီး- ကုန်တင်သင်္ဘော နှစ်စင်းမှ သုံးစင်း နေ့စဉ်ပြေးဆွဲရာမှ ၂၀၀၇ ခုနှစ်တွင် ရှပ်ပြေးနှစ်ထပ်ရေယာဉ်တစ်စင်းပါ တိုးချဲ့လာကြောင်း၊ ယခုအခါ နံနက်ပိုင်းတွင် ရှပ်ပြေးလူစီး သီးသန့်တစ်စင်း၊ ရှပ်ပြေး နှစ်ထပ် တစ်စင်း၊ ပြည်တွင်းရေကြောင်းနှင့် ပုဂ္ဂလိက လူစီး- ကုန်တင် နှစ်စင်းမှ သုံးစင်းထိ တိုးချဲ့ပြေးဆွဲနေရာ နေ့စဉ်ခရီးသည်- ကုန်အပြည့်ရရှိနေ၍ မြစ်ဝကျွန်းပေါ်ဒေသတွင် စီးပွားရေးအရတွက်ခြေအကိုက်ဆုံး၊ သင်္ဘောပြေးဆွဲမှု အရေအတွက် အများဆုံး ခရီးစဉ်ဖြစ်နေသည်။

နာဂစ်ဒဏ်ခံ မော်လမြိုင်ကျွန်းမြို့တွင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသကဲ့သို့ စီးပွားရေးလုပ်ငန်းများဖြစ်သော ဆန်စပါး လုပ်ငန်းများလည်း ဖြစ်ထွန်းအောင်မြင်ရာ ရန်ကုန်ဆန်ဈေးကွက်တွင် မော်ကျွန်းဆန်ဖြင့် ဈေးကွက်ရရှိပြီး သီးသန့်ဈေးနှုန်းအနေအထားမျိုးဖြင့် ဈေးဖွင့်ရောင်းချလျက်ရှိသည်။ နေ့စဉ် ရန်ကုန်သို့ ဆန်အိတ်ရေပျမ်းမျှ ရှစ်ထောင်ဝန်းကျင် လူစီး-ကုန်တင်သင်္ဘောကြီးများဖြင့် တင်ပို့မှုရှိပါသည်။

လူမှုရေးအနေဖြင့်လည်း မော်ကျွန်းမြို့ပေါ်တွင် လူမှုကူညီရေးအဖွဲ့များ ခြောက်ဖွဲ့ရှိလာသကဲ့သို့ ကျန်းမာရေးအနေဖြင့်လည်း ခုတင် ၅၀ အဆင့်မှ ခုတင် ၁၀၀အဆင့်သို့ အဆောက်အအုံ အသစ်ဖြင့် ဆောက်လုပ်ဖွင့်လှစ်ကုသပေးနေသည်။ ယခင်ရိုးရိုးဆရာဝန်များသာရှိရာမှ အထူးကုဆရာဝန်ကြီးများပါ ခန့်ထားတာဝန်ထမ်းဆောင်နေကြသည်။

တယ်လီဖုန်း၊ အင်တာနက် စသည့် ဆက်သွယ်ရေးတွင်လည်း ဖွံ့ဖြိုးတိုးတက်လာရာ မော်လမြိုင်ကျွန်းမြို့သည် ၂၀၀၈ခုနှစ် နာဂစ်ဒဏ် ခံစားရပြီးနောက် တွေ့မြင်ရမှုနှင့် ယခုအခါလုံးဝကွဲပြားခြားနားသွားကြောင်း၊ နာဂစ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ပြည်သူများ၏ အိုးအိမ်အဆောက်အအုံများနေရာတွင် သစ်လွင်သော အဆောက်အအုံများမြင်တွေ့လာရပါသည်။ မြန်မာ့စီးပွားရေးဘဏ်ခွဲအပြင် ပုဂ္ဂလိကဘဏ်ခွဲအချို့ပါ ဖွင့်လှစ်လာ၍ ငွေကြေးဆက်သွယ်မှုလွယ်ကူလာပါသည်။

ဘုရားလောင်း ဥဒေါင်းမင်း ပျော်မြူးပျော်မွေ့ရာ မောရမြိုင်ကျွန်းဟု တင်စားခေါ်ဝေါ်ခြင်းသော်လည်းကောင်း၊ မော်လမြိုင်ပန်းများဝိုင်းရံပေါက်ရောက်နေသော မြို့ဟု ခေါ်ဝေါ်ခြင်းသော်လည်းကောင်း ဖြစ်နိုင်သည်ဟု သက်ကြီးရွယ်အိုတို့ ပြောကြားခဲ့သော မော်လမြိုင်ကျွန်းမြို့ကလေး နာဂစ်မတိုင်မီက ကဲ့သို့ အထီးကျန်ဆန်သော ကျွန်းအဆင့်အတန်းမှ နာဂစ်အလွန် ခြောက်နှစ်ပြည့်တွင် မြန်မာပြည်တစ်ဝန်းသို့ အချိန်နှင့်တစ်ပြေးညီ ကူးလူးဆက်ဆံနိုင်လာသော မြို့တစ်မြို့ဖြစ်လာပြီဟု ဒေသဖွား သတင်းသမားတစ်ဦးအနေဖြင့် ပြောလိုပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး

ချင်းတွင်းသား (iprd)

ချင်းဆိုင်ကျေးရွာ စိမ့်ချောင်း၊ မအူပင်ရိုးရေနုတ်မြောင်း ပြန်လည်တူးဖော်

ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၏ လမ်းညွှန်မှုအရ ဧပြီ ၂၆ ရက် နံနက် ၈ နာရီက ကလေးမြို့နယ်တောင်ပိုင်း သာစည်ကျေးရွာ၊ ချင်းဆိုင်ကျေးရွာ၊ ရေလဲဦးကျေးရွာ၊ ပေါက်ခုံကျေးရွာ၊ ကံပုလဲကျေးရွာ၊ အုဒူကျေးရွာတို့မှ တောင်သူများနှင့်အတူ ချင်းဆိုင်ကျေးရွာအတွင်းရှိ စိမ့်ချောင်း၊ မအူပင်ရိုးရေနုတ်မြောင်းအဟောင်းကို ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းပြန်လည်တူးဖော်မှုကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ စိမ့်ချောင်း၊ မအူပင်ရိုးရေနုတ်မြောင်းမှာ အကျိုးပြုဧက ၁၅၄၂ ဧကရှိပြီး အရှည်ပေ ၃၀၀၀၀ကျော်(ခြောက်မိုင်နီးပါး)ရှိရာ ၄င်းရေနုတ်မြောင်းတိမ်ကောနေမှုကြောင့် နှစ်စဉ်လယ်ဧက ၆၀၀ ကျော် ပျက်စီးဆုံးရှုံးနစ်နာခဲ့ရကြောင်း ချင်းဆိုင်ကျေးရွာမှ တောင်သူဦးလှပိုင်၊ ရေလဲဦးကျေးရွာမှ တောင်သူဦးအဲကြည်ထွေး၊ သာစည်ကျေးရွာမှ ဦးမောင်ကြည်တို့က ပြောပြခဲ့သည်။

ချင်းဆိုင်ကျေးရွာနေ တောင်သူဦးလှပိုင်က "ကျွန်တော့်အသက် ၆၀ရှိပြီ၊ တစ်ခါမှ အခုလို ပြုပြင်ထိန်းသိမ်းမှုမရှိဖူးသေးဘူး၊ နှစ်စဉ်ရေကြီးရေလျှံမှုတွေကြောင့် ပျက်စီးဆုံးရှုံးခဲ့တယ်။ အခုတော့ နိုင်ငံတော်အစိုးရက စက်ယန္တရားကြီးနဲ့ စိမ့်ချောင်း၊ မအူပင်ရိုး ရေနုတ်မြောင်းကို ပြန်လည်ပြုပြင်ပေးခဲ့တဲ့အတွက် ကြီးကြပ်ပံ့ပိုးဆောင်ရွက်ပေးတဲ့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌတို့ကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်" ဟုပြောကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ်၌ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ကျေးရွာချင်းဆက်သံတံတားတည်ဆောက်ခြင်းလုပ်ငန်းကို ဧပြီ ၃၀ရက်နံနက် ၇ နာရီက မီးသွေးဖုတ်ချောင်းကူးတံတားကို ဒေသခံပြည်သူတို့၏ လုပ်အားဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ရန်ပုံငွေများထဲမှ ကျေးလက်ဒေသဖွံ့ဖြိုးရေး ကျေးရွာချင်းဆက်သံတံတား သုံးစင်းကို ငွေကျပ် ၁၂၁၄၅၀၀၀ဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အကောင်အထည်ဖော်ဆောင်ရွက်

အဆိုပါ ကျေးရွာချင်းဆက်သံတံတား သုံးစင်းမှာ မီးသွေးဖုတ်အရှေ့ရွာနှင့် မီးသွေးဖုတ်တောင် ရွာကူး အရှည် ပေ ၈၀၊ အကျယ် ၅ပေ၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ်သံတိုင်သံပေါင်ပျဉ်ခင်းတံတားကို လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၃၀၊ ဒေသခံပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ ဖြင့်လည်းကောင်း၊ သာယာကုန်းကျေးရွာနှင့် ညောင်ပင်သာကျေးရွာကူး အရှည် ပေ ၈၀၊ အကျယ် ၅ ပေ၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ်သံတိုင်သံပေါင်ပျဉ်ခင်းတံတားကို လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်း ၅၀၊ ဒေသခံပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၀ ဖြင့်လည်းကောင်း၊ ကဇွန်းမြောင်ကျေးရွာနှင့် ဆက်လည်ကျေးရွာကူးအရှည်ပေ ၈၀၊ အကျယ် ၉ ပေ၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ် သံတိုင် သံပေါင်ပျဉ်ခင်းတံတားကို လွှတ်တော်ဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၄၁၄၅၀၀၀၊ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၄၈ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ကွက်ပြည့်နှင်း ကောက်သင်းကောက်လုပ်ငန်းငယ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။

ကိုကိုအောင်

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

ရန်ကုန်တိုင်းဒေသကြီး

အခွန်များလျှော့ကျလာခြင်းနှင့်အတူ ကားဈေးများကျဆင်းလာ

သင်္ကြန်ပွဲတော်ပြီးသည့်နောက်ပိုင်း ရက်များမှစ၍ ရန်ကုန်မြို့ရှိ ကားဈေးကွက်များတွင် နယ်ဝယ်လက် ကိုယ်ပိုင်ကားစီးမည့်သူများ ယခင်ကာလကထက် ပိုမိုစုံစမ်းဝယ်ယူမှုများ ရှိလာသည်။

ယနေ့ ရန်ကုန်မြို့ကားလောက၌ ဝယ်သူတို့အတွက် အဆင်ပြေပြီး ရောင်းသူများဘက်မှ အဆင်မပြေမှု၊ အရှုံးခံရောင်းလိုက်ရမှုများ များပြားလာသည်ဟု သိရသည်။

ဧပြီ ၁ ရက်ကစတင်ပြီး ကညနအခွန်နှင့် အကောက်ခွန်အသီးသီး လျှော့ချပေးလာခြင်းကြောင့် အဓိကအိမ်စီးကားများ ဈေးကျဆင်းလာခဲ့သည်ဟု မင်းရဲကျော်စွာယာဉ်ရောင်းဝယ်ရေးစခန်းမှ ကားအကျိုးဆောင် ကိုနေမင်းသူက ဆိုသည်။

ထို့အတူ ကားစလစ်ဈေးများ၊ တက္ကစီစလစ်ဈေးများ ကားအဟောင်းရောင်းဝယ်လဲတပ်ဈေးများလည်း နိမ့်ကျလာခဲ့သည်ဟု သိရသည်။ သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်းမှ ကိုကိုထိုက်က "အရင်ငွေကျပ် ၆၄ သိန်းလောက်ရှိတဲ့ တက္ကစီစလစ်က အခုဆို ငွေကျပ်ခြောက်သိန်း၊ ခုနစ်သိန်းလောက်ကျသွားပြီ" ဟု ဆိုလာသည်။

ယာဉ်ရောင်းဝယ်ရေးစခန်းတို့၌ အနိမ့်ပိုင်းကျပ်သိန်း ၁၀၀ ဝန်းကျင်ရှိသော Pro box, HONDA ViT, Nissan AD Van, March, Suzuki Swift Mitsubishi စသည့် ကားလေးများသည် ငွေကျပ် ၁၅ သိန်း၊ သိန်း ၂၀ ခန့် လျှော့ကျလာပြီဖြစ်သည်။

သီရိမင်္ဂလာဈေး ယာဉ်ရောင်းဝယ်ရေးစခန်းမှကိုထူးထူးမြင့်က "အရင်ကဆိုရင် ကားတွေဝယ်ပြီးကိုင်တာ ဈေးပြောလို့ရတယ်၊ အခုမရတော့ဘူး၊ တစ်နေ့ချင်းစီ ကားဈေးနှုန်းတွေကကျနေတယ်။ နယ်ဝယ်လက်ဆင်းတာမှန်တယ်၊ ဒါပေမယ့် ဈေးကဆွဲတင်ရောင်းလို့မရဘူး၊ ဝယ်ထားတဲ့သူမှန်သမျှက ဈေးအမြင့်နဲ့ဝယ်ထားကြရတာ၊ အဲဒီတော့ အရှုံးတွေပြလာတယ်" ဟု ဆိုသည်။

တစ်ခေတ်တစ်ခါက မြန်မာ့ကားရောင်းဝယ်ရေးနယ်ပယ်၌ ယာဉ်များ ဈေးမြင့်ခဲ့သော်လည်း ယခုအခါ နိုင်ငံခြားမှ ယာဉ်တင်သွင်းမှု ပိုမိုအဆင်ပြေလာခြင်း၊ ကားအရောင်းပြခန်းများနေရာအနှံ့ပေါ်ပေါက်လာခြင်း၊ ယာဉ်ရောင်းဝယ်ရေးစခန်းများအပြင် မိမိရပ်ကွက်ထဲမှာပင် လမ်းဘေးဈေးခင်းရောင်းသကဲ့သို့ "ရောင်းရန်"ဟူသော ဆိုင်းဘုတ်ငယ်များချိတ်ဆွဲကာ ကားများအစီအရီခင်းကျင်းရောင်းချလာကြသဖြင့် မြန်မာပြည်၏ ကားဈေးနှုန်းများ ကျဆင်းလာခြင်းဖြစ်သည်။

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-ကိုကြီးတင်

မကွေးတိုင်းဒေသကြီး

ဆိပ်ဖြူမြို့ ကုန်စည်ဒိုင်နှင့် ဝါစိုက်တောင်သူများအား အမေရိကန်နိုင်ငံသားကွင်းဆင်းလေ့လာ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့သို့ ဧပြီ ၃ ရက် နံနက် ၉ နာရီခွဲက အမေရိကန်နိုင်ငံသား Mr. Curtis Henry Slover(LIFT) မြန်မာနိုင်ငံ ကျေးလက်ဈေးကွက် ဘဏ္ဍာရေးအစီအစဉ်အရာရှိနှင့် ဦးတင်ထွန်းဝင်း (LIFT) ပုဂ္ဂလိက အခန်းကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ရေး ပရိုဂရမ်အရာရှိ ဦးတင်ထွန်းဝင်း၊ (MBCA) စီမံချက်အရာရှိ ဦးတင့်လွင်မျိုးတို့လိုက်ပါလျက် ဆိပ်ဖြူမြို့ ကုန်စည်ဒိုင်ရှိ ကုန်သည်ကြီးများ အသင်းအဖွဲ့တွေ့ဆုံ၍ ကုန်စည်ဒိုင်၏ ကြက်သွန်ရောင်းဝယ်မှုအခြေအနေများ၊ ကုန်စည်ဒိုင်၏ ဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် သိလိုသည်များကို တွေ့ဆုံမေးမြန်း၍ ဆုရတောင်သူများ စိုက်ပျိုးမှု၊ ဈေးကွက်ရရှိမှုတို့ကို တွေ့ဆုံမေးမြန်းခဲ့သည်။

ဆက်လက်၍ ရွာသစ်ကြီးကျေးရွာအုပ်စု ချတောက်ကျေးရွာသို့ ဆက်လက်ထွက်ခွာ၍ ချတောက်ကျေးရွာရှိ တောင်သူဦးလှထွန်း၏ နေအိမ်သို့ရောက်ရှိပြီး ဝါစိုက်တောင်သူများ (MBCA)မှ စိုက်ပျိုးစနစ်နှင့် ဝါမျိုးစေ့ထုပ်များကို ပေးအပ်ထားရှိမှု၊ ရာသီအလိုက် တောင်သူတို့ စိုက်ပျိုးထုတ်လုပ်မှုနှင့် သိလိုသည်များကို တွေ့ဆုံမေးမြန်းခဲ့ကြောင်း သိရသည်။

စိုးလင်းနိုင် (iprd)

အောင်သစ္စာဦး အာမခံကုမ္ပဏီလီမိတက်
Aung Thitsa Oo Insurance Company Limited
"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ အောင်သစ္စာဦးအာမခံပါ"
ကျယ်ပြန့်သောအကာအကွယ်၊ သင့်တင့်မျှတသော ပရီမီယံ၊ မှန်ကန်မြန်ဆန်သော ဝန်ဆောင်မှုတို့ဖြင့် တာဝန်ယူဆောင်ရွက်ပေးနေပါပြီ။
အဝေးပြေးမော်တော်ယာဉ်လိုင်းများအတွက် အထူးခရီးသွား
အာမခံလက်ခံဆောင်ရွက်နေပါသည်
ဆက်သွယ်ရန်လိပ်စာ
အောင်သစ္စာဦးအာမခံကုမ္ပဏီလီမိတက်
အမှတ်(၁၅၀)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
အခန်း(၆၀၂/၆၀၄)၊ မြဝတီဘဏ်လပ်ဇူရီကွန်ဒိုလက်စ်၊
(၈)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (+၉၅၁)၂၃၀၀၄၀၉
ဖက်စ်/ဖုန်းနံပါတ် - (+၉၅၁)၂၃၀၀၄၀၇
အီးမေးလ် - aungthitsaooins@gmail.com

မြန်မာ့အလင်း
၂-၅-၂၀၁၄ (သောကြာနေ့)

ဘရာဇီးနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးနီးကပ်လာသည်နှင့်အမျှ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းပေါင်း ၃၂ သင်းကို ပရိသတ်ကြိုတင် လေ့လာနိုင်ရန်အတွက် သုံးသပ်ဖော်ပြရန် ရည်ရွယ်ခဲ့ပြီး အဆိုပါရည်ရွယ်မှုအရ အိမ်ရှင်ဘရာဇီး၊ မက္ကဆီကိုနှင့် ခရိုအေးရှားတို့အကြောင်းကို တင်ပြခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ယခုတစ်ပတ်တွင် အုပ်စု (A) မှ ပြိုင်ပွဲဝင်အသင်းတစ်သင်းဖြစ်သည့် ကင်မရွန်းအသင်းအကြောင်းကို လေ့လာနိုင်ရန် ထပ်မံဖော်ပြလိုက်ပါသည်။

သစ်မင်းအိမ်

ကမ္ဘာ့ဖလားမိတ်ဆက် - ၄

အုပ်စုအဆင့်ကို ကျော်ဖြတ်ရန် ခက်ခဲနေဦးမည့် ကင်မရွန်း

အစဉ်အလာနှင့်အောင်မြင်မှု

ကင်မရွန်းသည် အာဖရိကဒေသတွင်း၌ အစဉ်အလာကြီးမားသော အသင်းတစ်သင်းဖြစ်သည်။ ထို့အပြင် ကင်မရွန်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း စတင်ကျင်းပသည့် ၁၉၃၀ မှစ၍ ၁၉၇၈ ခုနှစ်အထိ ပြိုင်ပွဲဝင်ရောက်ခြင်း မရှိခဲ့သော်လည်း စပိန်နိုင်ငံတွင် ကျင်းပခဲ့သည့် ၁၉၈၂ ခုနှစ်ပြိုင်ပွဲ၌ ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်သည်မှစ၍ ပြီးခဲ့သည့် ကမ္ဘာ့ဖလားနောက်ဆုံးပြိုင်ပွဲ ရှစ်ကြိမ်တွင် ခြေစစ်ပွဲမအောင်မြင်မှုမှာ နှစ်ကြိမ်သာရှိခဲ့ဖူးသည်။ ထို့အပြင် ကင်မရွန်းသည် ၁၉၉၀ပြည့်နှစ်ပြိုင်ပွဲ၌ ကွာတားဖိုင်နယ်အဆင့်သို့ပင် တက်ရောက်နိုင်ခဲ့သောအသင်းဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ယဉ်ပါးပြီးသား အသင်းတစ်သင်းဟု ဆိုရပေမည်။ သို့သော် ကင်မရွန်းသည် အဆိုပါကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးရှစ်ကြိမ်တွင် ခြောက်ကြိမ် ခြေစစ်ပွဲအောင်မြင်ခဲ့ရာ၌ ငါးကြိမ်မှာ အုပ်စုအဆင့်နှင့်သာ ကျေနပ်ခဲ့ရသောအစဉ်အလာဆိုးရှိသကဲ့သို့ ယခုတစ်ကြိမ်တွင်လည်း အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်မည်လောဆိုသည်မှာ စိတ်ဝင်တစားစောင့်ကြည့်ရမည့် အနေအထားမျိုး ဖြစ်နေပေသည်။

ခြေစစ်ပွဲမှခြေစွမ်းများ

အထူးသဖြင့် ကင်မရွန်းသည် ခြေစစ်ပွဲအဆင့်၌ အကောင်းဆုံးခြေစွမ်းဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့သည်က မှန်သည်။ ဒုတိယအဆင့်တွင် အုပ်စုပထမနေရာရခဲ့သလို နောက်ဆုံးအဆင့်တွင်လည်း တူနီးရှားကို ဂိုးပြတ်အနိုင်ရရှိပြီး ခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်သည်။ သို့သော် ဒုတိယအဆင့်၌ ရင်ဆိုင်ခဲ့ရသည့် ယူဂန္ဒာ၊ အင်ဂိုလာ၊ လိုက်ဘေးရီးယားတို့မှာ အသင်းငယ်များသာဖြစ်ပြီး အဆုံးအဖြတ် ခြေစစ်ပွဲတွင် တူနီးရှားကို အဝေးကွင်းတွင် အနိုင်မယူနိုင်ခဲ့ခြင်းမှာလည်း ကင်မရွန်း၏ ခြေစွမ်းကိုသံသယ ရှိစရာဖြစ်နေပေသည်။ အထူးသဖြင့် ဘရာဇီးကို ကျော်ဖြတ်ရန်မှာ ကင်မရွန်းအတွက် မဖြစ်နိုင်သောအနေအထားတွင်ရှိသကဲ့သို့ ခရိုအေးရှား၊မက္ကဆီကိုတို့ကို အနိုင်ယူရန်မှာလည်း ခက်ခဲသောကြောင့် ကင်မရွန်းအနေဖြင့် အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ရန်မှာ လွယ်ကူမည် မဟုတ်ပေ။ အကယ်၍အုပ်စုအဆင့်ကို ကျော်ဖြတ် နိုင်ခဲ့ပါကလည်း အုပ်စု (B) မှ စပိန်၊ ဟော်လန်၊ ချီလီ၊ ဩစတြေးလျတို့ကဲ့သို့သော အသင်းများအနက်မှ တစ်သင်းသင်းနှင့်ရင်ဆိုင်ရမည်ဖြစ်ရာ ကင်မရွန်းအနေဖြင့် ၁၉၉၀ ပြည့်နှစ်ပြိုင်ပွဲကကဲ့သို့ အောင်မြင်မှုမျိုးရရှိရန် မလွယ်ပေ။

ဦးဆောင်မှုနှင့်သံသယ

ထို့အပြင် ကင်မရွန်းအသင်း၏ လက်ရှိနည်းပြဖြစ်သော ဖင်ကီမှာအသက်အရ ၆၆ နှစ်ရှိပြီဖြစ်သော်လည်း အောင်မြင်မှုရယူခဲ့ဖူးသည့် နည်းပြမျိုး မဟုတ်ပေ။ ကိုလုံး၊ ဖရိုင်းဘတ်တို့ကဲ့သို့သော ဂျာမနီကလပ်များကို ကိုင်တွယ်ခဲ့ဖူးသော်လည်း သူ၏လက်ထက်တွင် အဆိုပါအသင်းများသည် အောင်မြင်မှုများ ရယူနိုင်ခြင်းမရှိပေ။ ကင်မရွန်းအသင်းကို ၂၀၁၃ ခုနှစ်မေလတွင် စတင်ကိုင်တွယ်ခဲ့ရာ၌လည်း ၁၀ ပွဲ ယှဉ်ပြိုင်ခဲ့ရာ ပွဲအရေအတွက်အားဖြင့် တစ်ဝက်ပင်အနိုင်ရရန် မစွမ်းဆောင်နိုင်ခဲ့ပေ။ အဆိုပါ ၁၀ ပွဲတွင် ဖင်ကီသည် ကင်မရွန်းကိုလေးပွဲသာအနိုင်ရရန် စွမ်းဆောင်ပေးနိုင်ခဲ့သည်ကိုတွေ့ရသည်။

ကင်မရွန်း၏အနေအထား

ထို့ကြောင့်ပင် ဖင်ကီ၏ ဦးဆောင်မှုကို အားလုံးက သံသယဖြစ်လျက်ရှိကြသည်။ အထူးသဖြင့် အဓိကတိုက်စစ်မှူး အီတိုကအစ အသက်ကြောင့်အကျဘက် ရောက်လာမှု၊ ခြေစစ်ပွဲအတွင်း နှစ်ဂိုးထက်ပို၍သွင်းယူနိုင်ခဲ့သူမရှိမှုများ အပြင် ဘရာဇီး၊ ခရိုအေးရှား၊ မက္ကဆီကိုတို့ကဲ့သို့သော အသင်းကောင်းများနှင့် အုပ်စုတွင်း၌ ကြုံတွေ့နေရသောကြောင့် ကင်မရွန်းကို ယခုတစ်ကြိမ်မှာလည်းအုပ်စုအဆင့်နှင့်ပင် ကျေနပ်ရမည့်အသင်းအဖြစ် အားလုံးက သတ်မှတ် လက်သင့်ခံထားလျက်ရှိကြသည်။

ကင်မရွန်း၏ ကစားသမား ပေါ်ထွက်မှုမှာ ယခုနောက်ပိုင်းတွင် ကျဆင်းလျက် ရှိ သည်။ အီတို၊ ဆောင်း၊ အက်ကော့တိုတို့ကဲ့သို့သော ဝါရင့်ကစားသမားများ အပေါ်တွင်သာ မှီခိုနေရပြီး အဆိုပါ ကစားသမားများ၏နောက်တွင် ထင်ရှားထက်မြက်သော ကစားသမားများ ပေါ်ထွက်မှု နည်းနေသောကြောင့် ကင်မရွန်း၏ အနေအထားသည် စိုးရိမ်ဖွယ်ရာအခြေအနေမျိုးဟု ယူဆလျက်ရှိကြသည်။

ကင်မရွန်း၏လားရာ

အထူးသဖြင့်ကင်မရွန်းသည် အုပ်စု (A) တွင် ပါဝင်နေခြင်းက နောက်တစ်ဆင့်တက်ရန် ခက်ခဲမှုကို ဖြစ်စေနိုင်သည်။ အုပ်စု(A)တွင်ဘရာဇီး၊ ခရိုအေးရှား၊ မက္ကဆီကိုတို့ကဲ့သို့သော အသင်းကောင်းများ ပါဝင်လျက်ရှိသည်။ အဆိုပါအသင်းများအနက် အိမ်ရှင်

ကင်မရွန်း၏ ကမ္ဘာ့ဖလားမှတ်တမ်း		
၁၉၃၀	-	ပြိုင်ပွဲမဝင်
၁၉၃၄	-	ပြိုင်ပွဲမဝင်
၁၉၃၈	-	ပြိုင်ပွဲမဝင်
၁၉၅၀	-	ပြိုင်ပွဲမဝင်
၁၉၅၄	-	ပြိုင်ပွဲမဝင်
၁၉၅၈	-	ပြိုင်ပွဲမဝင်
၁၉၆၂	-	ပြိုင်ပွဲမဝင်
၁၉၆၆	-	နုတ်ထွက်
၁၉၇၀	-	ပြိုင်ပွဲမဝင်
၁၉၇၄	-	ပြိုင်ပွဲမဝင်
၁၉၇၈	-	ပြိုင်ပွဲမဝင်
၁၉၈၂	-	အုပ်စုအဆင့်
၁၉၈၆	-	ခြေစစ်ပွဲမအောင်
၁၉၉၀	-	ကွာတားဖိုင်နယ်
၁၉၉၄	-	အုပ်စုအဆင့်
၁၉၉၈	-	အုပ်စုအဆင့်
၂၀၀၂	-	အုပ်စုအဆင့်
၂၀၀၆	-	ခြေစစ်ပွဲမအောင်
၂၀၁၀	-	အုပ်စုအဆင့်

ကမ္ဘာ့ဂေါက်သီးအဆင့်သတ်မှတ်ချက်တွင် မက်အီရွိုင်း၏ရပ်တည်မှု အဆင့်လျှော့ကျ

ပြီးခဲ့သည့် မေ ၂၇ ရက် ထုတ်ပြန်ခဲ့သော အမျိုးသားဂေါက်သီးအားကစားသမားများ၏ ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် မြောက်အိုင်ယာလန်နိုင်ငံသား ရိုရီမက်အီရွိုင်းသည် ယခင်အဆင့် ၁၀ နေရာမှ အဆင့် ၁၁ နေရာသို့ ကျဆင်းသွားခဲ့သည်။ အသက် ၂၄ နှစ်အရွယ်ရှိ မက်အီရွိုင်းအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့် ၁၀ ပြင်ပသို့ရောက်ရှိခြင်းသည် ပြီးခဲ့သည့် သုံးနှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။

နောက်ဆုံးထွက်ပေါ်လာသည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှ အဆင့် ၁၀ နေရာကို ယခင်ကအဆင့် ၁၁ နေရာတွင် ရပ်တည်ခဲ့သူ ဂျက်စတင်ရို့စ်က ရယူနိုင်ခဲ့သည်။ ပြီးခဲ့သည့် ဧပြီလကုန်ပိုင်းတွင် အမေရိကန်နိုင်ငံ နယူးအော်လန်၌ ကျင်းပပြုလုပ်ခဲ့သော PGA Tour ပွဲစဉ်များအနက်မှ တစ်ပွဲဖြစ်သည့် ၂၀၁၄ ခုနှစ် Zurich Classic of New Orleans ဂေါက်သီးပြိုင်ပွဲ၌ အနိုင်ရ ဗိုလ်စွဲခဲ့သူ တောင်ကိုရီးယားနိုင်ငံသား ယူလ်နေ့သည် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ယခင်အဆင့် ၁၇၆မှအဆင့် ၈၈သို့ တက်ရောက်လာခဲ့သည်။ ယူလ်နေ့သည် ၂၀၁၃ခုနှစ် ဖေဖော်ဝါရီလအတွင်းက ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့အဆင့် ရပ်တည်မှုတွင်လည်း အဆင့် ၉၈ နေရာတွင် ရပ်တည်ခဲ့ဖူးသူဖြစ်သည်။ အသက် ၂၂ နှစ်အရွယ်ရှိ ယူလ်နေ့သည် ၂၀၁၄ ခုနှစ် Zurich Classic of New Orleans ဂေါက်သီးပြိုင်ပွဲ၌ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၉ ချက် လျှော့၊ ရိုက်ချက် ၂၆၉ ချက်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် အနိုင်ရရှိခဲ့မှုသည် ယူလ်နေ့အတွက် PGA Tour ပွဲတွင် ပထမဆုံးအကြိမ် အနိုင်ရရှိခြင်းဖြစ်ပြီး PGA Tour ပြိုင်ပွဲတွင် အောင်ပွဲခံနိုင်သည့် ပဉ္စမမြောက် တောင်ကိုရီးယားနိုင်ငံသားဖြစ်လာခဲ့သည်။ ၂၀၁၄ ခုနှစ် European Tour ပြိုင်ပွဲများအနက်မှ ပွဲစဉ်တစ်ခုဖြစ်သည့် Volvo Open ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သူ ပြင်သစ်နိုင်ငံသား အလက်ဇန်းဒါးလေဗီသည်လည်း ယခင်ကမ္ဘာ့အဆင့် ၂၈၂ မှ ၁၃၇ သို့ တက်ရောက်လာခဲ့သည်။

ဧပြီ ၂၄ ရက်မှ ၂၇ ရက်အထိ တရုတ်နိုင်ငံတွင် ကျင်းပခဲ့သော Volvo Open ပြိုင်ပွဲ၌ အလက်ဇန်းဒါးလေဗီသည် ဒုတိယနေရာမှ တော်မီဖလိဝုဒ်ထက် လေးချက်အသာ၊ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျှော့၊ ရိုက်ချက် ၂၆၉ ချက်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။အသက် ၂၃ နှစ်အရွယ်ရှိ အလက်ဇန်းဒါးလေဗီသည် European Tour ပြိုင်ပွဲများတွင် ပထမဆုံးအကြိမ် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။

ထက်အောင်